# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၃၀)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီးလွှတ်တော်(ပင်မ)အဆောက်အအုံ ပန္နက်တိုင်စိုက်ထူ



**မကွေး အောက်တိုဘာ ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်(ပင်မ) အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ပန္နက်တင်ပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် မကွေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော် (ပင်မ) အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် နေရာယူကာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မကွေးတိုင်းဒေသကြီး လွှတ်တော်(ပင်မ)အဆောက်အအုံပုံစံငယ်အား ကြည့်ရှုစဉ်**

## ထိုင်းနိုင်ငံ မဲဆောက်အခြေစိုက် NOK AIR လေကြောင်းလိုင်းမှ မဲဆောက်-ရန်ကုန်ခရီးစဉ် စတင်ပြေးဆွဲ

စာ-၇

## မောင်တောမြို့ရှိ ဈေးများအားလုံးကို စည်ပင်သာယာအဖွဲ့ပိုင် ဈေးများအဖြစ် အဆင့်မြှင့်တင် ပြောင်းလဲဖွင့်လှစ်သွားမည်

စာ-၁၁

## တူရကီအကြမ်းဖက်စီးနင်းမှုများတွင် အိုင်အက်စ်နှင့်ဆက်သွယ်သည်ဟု သံသယရှိသူ ၁၄၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့

စာ-၁၄

# ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည့် မောင်းမကန်ကမ်းခြေ

**မောင်းမကန် အောက်တိုဘာ ၂၉**

မောင်းမကန်ကမ်းခြေသည် ကမ်းခြေအလှ ၁၀ မိုင်ခန့်ရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ ကမ်းစပ်မှမျှော်ကြည့်လျှင် ခပ်ဝေးဝေးမှ ပင်လယ်ပြင်ကိုဖြတ်၍ တိုက်ခိုက်လျက်ရှိသော လေနုအေးလေးကြောင့် ဖြစ်ပေါ်လျက်ရှိသည့် လှိုင်းခေါင်းဖြူကလေးများ၊ မှိုင်းပျပျတနင်္သာရီတောင်တန်းကြီးများ စသည်ဖြင့် မြင်ကွင်းများကို ပေါင်းစပ်မြင်တွေ့ရသဖြင့် မောင်းမကန်ကမ်းခြေသည် သာယာလှပလျက်ရှိသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■






မြန်မာ့အလင်း

# ပထမဦးဆုံးခြေလှမ်း မလှမ်းဘဲနှင့် လိုရာခရီးသို့ မရောက်နိုင်

NVC ဟု အလွယ်တကူခေါ်နေကြသော "နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification) များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးရုံးက ကွင်းဆင်း၍ အခမဲ့လိုက်လံထုတ်ပေးလျက်ရှိသည်။ NVC ကတ်များသည် သက်တမ်းနှစ်ပေါင်း ၂၀ ကျော်ကြာပြီဖြစ်သည့် "ယာယီသက်သေခံလက်မှတ်" ကိုင်ဆောင်ထားသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုများပြုလုပ်ပြီး ထိုက်သင့်သည့် နိုင်ငံသားအဆင့်အတန်းနှင့် ဥပဒေပါ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိနိုင်ရေးအတွက် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း NVC ကတ်ထုတ်ပေးရေးလုပ်ငန်းသည် ခြိမ်းခြောက်မှု၊ မသိနားမလည်မှု၊ မမှန်မကန်ပြောကြားချက်များကို နားယောင်မှုအပါအဝင် အမှောင့်ပယောဂများကြောင့် နှောင့်နှေးမှုများ ဖြစ်နေခဲ့ရသည်။ အကယ်စင်စစ်အားဖြင့် ၁၉၉၅ ခုနှစ်ကတည်းက ထုတ်ပေးထားခဲ့သော ယာယီသက်သေခံလက်မှတ်များမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရှိနေခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ အချိန်ကာလ နှစ်လတာအတွင်း ပြန်လည်အပ်နှံရေးစခန်း စုစုပေါင်း ၅၇၀ သို့ ယာယီသက်သေခံ လက်မှတ်များ အပ်နှံစေခြင်း၊ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တစ်ခုတည်း၊ မောင်တောခရိုင် တစ်ခုတည်းတွင်သာ ပြုလုပ်ခြင်း မဟုတ်ဘဲ "၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်နေဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်နေသူအဖြစ် အသိအမှတ်ပြုနိုင်ရန်" ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိနေသော ယာယီသက်သေခံလက်မှတ်ကိုင်ထားသူအားလုံးကို NVC ကတ်များ ထုတ်ပေးခြင်းလည်း ဖြစ်သည်။ NVC ကတ်ပြား၏ အဆင့်အတန်းမှာ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားနှင့် အဆင့်အတန်းချင်း တူညီသည်။ သို့ရာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ရန် လိုအပ်ချက်ရှိနေသေးသဖြင့် အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်သူ၏ အခွင့်အရေးများနှင့်တော့ အနည်းငယ်ကွာခြားချက် ရှိနိုင်ပါသည်။

NVC ကတ်ကိုင်ဆောင်သူတစ်ဦးရရှိနိုင်မည့် အခွင့်အရေး(၇) ချက်ရှိသည်။ အတိုချုပ်အားဖြင့်ဆိုရလျှင်-(၁)နိုင်ငံတော်၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေခံနိုင်သည်။ (၂) ဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားပိုင်ခွင့်ရှိပြီး စိစစ်မှုခံယူနေစဉ်အတွင်း NVC ကိုကိုင်ဆောင်ထားရမည်။ (၃) လျှောက်ထားလာသူအား ဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး ဆုံးဖြတ်ပေးသည့် နိုင်ငံသားအဆင့်အတန်းနှင့်အညီ ဥပဒေပါ အခွင့်အရေးများရရှိမည်။ (၄) NVC ကိုင်ဆောင်သူ မိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ (၅) မြန်မာနိုင်ငံအတွင်းရှိ မည့်သည့်အရပ်ဒေသကိုမဆို သွားလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။ (၆) ရခိုင်ပြည်နယ်မှ NVC ကတ်ကိုင်ဆောင်သူများမှာ တရားဝင်နယ်စပ်ဂိတ်များမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်လက်မှတ်ဖြင့် ဘင်္ဂလားဒေ့ရှ်သို့ တရားဝင် ဝင်ထွက်သွားလာခွင့်ရှိသည်။ (၇) ရခိုင်ပြည်နယ်အတွင်းရှိ NVC ကတ်ကိုင်ထားသူများသည် မိမိနေထိုင်ရာ မြို့နယ်အတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရက ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်ဖြစ်သည်။

NVC ကတ်ထုတ်ယူကိုင်ဆောင်ခြင်းသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် ပထမခြေလှမ်းပင်ဖြစ်သည်။ ပထမခြေလှမ်းမလှမ်းဘဲနှင့် ပန်းတိုင်ဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိခြင်း၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းတို့ ဖြစ်လာနိုင်မည်မဟုတ်။ အထောက်အထားတစ်စုံတစ်ရာမရှိဘဲနှင့်လည်း မည်သည့်နိုင်ငံမှာမှ နေလို့ရလိမ့်မည်မဟုတ်ဆိုသည့် အမှန်တရားကို အမှောင့်မဖက်၊ ပယောဂ မစွက်ဘဲ သိကြစေလိုပါကြောင်း။ ။

# ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၄) နေပြည်တော်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**



ငြိမ်းချမ်းရေးဂီတပွဲတော် Level- 2 ပွဲစဉ် (၄)ကို ယနေ့ည ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ (MICC-2) ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၄) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးခင်မောင်ချို၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ တာဝန်ယူကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် (Level-1) အဆင့် သီချင်းဆိုပြိုင်ပွဲများ ကျင်းပပြီးစီးခဲ့ပြီး Level-2 ပွဲစဉ်(၁)နှင့်(၂)ကို မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပခဲ့ရာ Level-2 ပွဲစဉ်(၁)မှ Sa Paung နှင့် လင်းသစ်တို့ ပေါ်ထွက်လာခဲ့ပြီး Level-2 ပွဲစဉ်(၂)မှ ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့ Level-3 သို့ တက်လှမ်းသွားခဲ့သည်။

နေပြည်တော် MICC-2 ၌ ယမန်နေ့က ကျင်းပသည့် Level-2 ပွဲစဉ်(၃)မှ မေသူကျော်နှင့် ကြူကြူခိုင်တို့ Level-3 သို့ တက်လှမ်းနိုင်ခဲ့ပြီး ယနေ့တွင် နေပြည်တော် MICC-2 ၌ Level-2 ပွဲစဉ်(၄)ကို ကျင်းပရာ မေသဇင်၊ R ဝါလင်း၊ ဖြူလုနှင့် စလားတို့အပြင် အကဲဖြတ်ဒိုင်များ၏ မှတ်ချက်ဖြင့် Aဒေး တို့လည်း Level-3 သို့ တက်လှမ်းသွားနိုင်ခဲ့သည်။

Level-3 အဆင့်ပြိုင်ပွဲမှ ရွေးချယ်ခံထားသည့် ဆန်ခါတင် ၁၀ ဦးထဲမှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဖြစ် ရွေးချယ်ကာ(ပထမဆု)ငွေကျပ်သိန်း ၃၀၀ ၊ (ဒုတိယဆု)ငွေကျပ်သိန်း ၂၀၀ ၊ (တတိယဆု)ငွေကျပ် သိန်း ၁၀၀ နှင့် (နှစ်သိမ့်ဆု)တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့် နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook. com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ မှုခင်းလက်ကျန်ကျဆင်းရေး အစည်းအဝေးကျင်းပ



**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ ၂၀၁၇ ခုနှစ်အတွက် မှုခင်းလက်ကျန်ကျဆင်းရေး အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများနှင့် ဒုဦးစီးမှူးများ စုစုပေါင်း ၉၉ ဦး တက်ရောက်ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၉-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ | ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ・၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ・၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ・၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

မင်္ဂလာအချိန်၌ ပန္နက်တိုင်များ စိုက်ထူပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ရောက်ရှိခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ပြတိုက်အတွက် အလှူငွေများကို တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုစဉ်**

# ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ရှင်းလင်းပွဲကျင်းပ

စစ်တွေ အောက်တိုဘာ ၂၉

**ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများဆောင်ရွက်လိုသည့် ပြည်တွင်းနှင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအားဖိတ်ခေါ်ရန်ရည်ရွယ်လျက် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ရှင်းလင်းပွဲကို ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးကျော်ဝင်းက နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နိုင်ရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဗဟိုနှင့်နည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များကြားတွင် စီမံခန့်ခွဲမှုများ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မတူညီသည့် အခွင့်အလမ်း၊ အခြေအနေများကိုအနီးကပ်ဦးဆောင်နေသောအစိုးရအဖွဲ့များက စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံကို တိုးတက်အောင်ဆောင်ရွက်သည့်အခါ ဗဟိုနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ဥပဒေနှင့်အညီ တစ်ပြေးညီ ထပ်တူထပ်မျှဆောင်ရွက်နိုင်မှသာ နိုင်ငံတစ်ဝန်းတွင် မျှတသောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကြိုးစားဆောင်ရွက်သည့်အခါတွင်လည်း မတူညီသည့် စွမ်းအားစုများ၊ သယံဇာတများ၊ စီးပွားရေးအထောက်အကူပြုနိုင်သည့် အချက်အလက်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဦးဆောင်လုပ်ကိုင်ခြင်းအားဖြင့် ပိုမိုတိုးလာနိုင်မည်ဖြစ်ကြောင်း၊ ထိုနည်းတူ နိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ပြီး စီးပွားရေးလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ဖွဲ့ချင်း၊ တစ်စုချင်း ဆောင်ရွက်နေသည့် အတွေ့အကြုံများ၊ နည်းပညာများနှင့် ကျွမ်းကျင်မှုများကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်လိုက်ခြင်းအားဖြင့် ပိုမိုပြီးအားကောင်းသော စီးပွားရေးလုပ်ငန်းများဖြစ်လာမည်ဟုမျှော်မှန်းကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် ကို ဦးဆောင်မှုအရည်အသွေး ပိုမိုအားကောင်းလာစေရန် ဗဟို ကကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ဒေသမှာရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဆွေးနွေးပွဲမှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် UMFCCI အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ SME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီ အတွင်းရေးမှူးနှင့် စီးပွားရေးရာကော်မတီဝင်တို့က ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကိုဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**




# အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၉**

ထိရောက်သည့်ပတ်ဝန်းကျင်သက်ရောက်မှု အကဲဖြတ်ခြင်းအတွက် ဒေသတွင်းစီမံခန့်ခွဲမှုနည်းဗျူဟာများထံသို့ အခွင့်အရေးကို အခြေခံ၍ ချဉ်းကပ်ဆောင်ရွက်မည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။ **(ဝဲပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် AICHR မြန်မာကိုယ်စားလှယ် သံအမတ်ကြီး (ငြိမ်း)ဦးလှုမြင့်၊ AICHR ဥက္ကဋ္ဌH.E.Leo Herrera-Lim ၊ လူ့အခွင့်အရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ H.E. Mr. John Knox ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်းနှင့် ရန်ကုန်မြို့အခြေစိုက်မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Jung- han Kim တို့က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ AICHR ကိုယ်စား လှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

အဆိုပါ ကမ်းခြေသည် တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော် ထားဝယ်မြို့နှင့် ၁၁ မိုင် ၂ ဖာလုံသာ ကွာဝေးသော ကမ်းခြေအပန်းဖြေစခန်းဖြစ်သည်။ နယ်မြေအေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ဗန်းတင်အင်း(ကတန်) ချောင်းဝမှ ကျောက်ဆင်ချောင်းဝအထိ ကမ်းခြေနှစ်မိုင်ကျော်သည် အပန်းဖြေလာသူတို့အတွက် ပင်လယ်ရေချိုးရာ၊ ရေကူးရာ၊ လှိုင်းစီးရာ၊ လမ်းလျှောက်ရာတွင် အကောင်းဆုံးဖြစ်သောကြောင့် နှစ်စဉ် သီတင်းကျွတ်လမှ ကဆုန်လပြည့်ကျော်အထိ စည်ကားလျက်ရှိသည်။ ကမ်းခြေတွင် အပန်းဖြေလာသူများ ညအိပ်တည်းခိုနိုင်သည့် ကိုကိုးနတ်ဟိုတယ်၊ တနင်္သာရီအများပိုင်ဟိုတယ်၊ ထားဝယ်အများပိုင်ဘန်ဂလိုများရှိသည့်အပြင် ဈေးနှုန်းသက်သာစွာ ငှားရမ်းတည်းခိုနိုင်ကာ ပုဂ္ဂလိကတည်းခိုခန်း(လိုင်စင်မရသေး) များ အများအပြားရှိပြီး စားသောက်ဆိုင် ၆၀ ခန့်လည်းရှိသည်။ ကျွန်တော်တို့ မောင်းမကန်ကမ်းခြေ၌ တစ်ပြိုင်တည်းအပန်းဖြေလာသူ ၅၀၀၀၀ ခန့်ကို လက်ခံနိုင်သည့် နေစရာ၊ သွားစရာ၊ စားစရာများရှိကြောင်း၊ ကမ်းခြေသာယာလှပရေးအတွက်လည်း အခြေခံ စားသောက်ဆိုင်ကော်မတီများနှင့် မိမိတို့အဖွဲ့ပူးပေါင်းပြီး တနင်္လာနေ့တိုင်း အမှိုက်ကောက် လျက်ရှိကြောင်း၊ အထူးသဖြင့် စားသောက်ဆိုင်များကို ကမ်းခြေနှင့် ပေ ၅၀ အကွာမှသာ ဆိုင်ဖွင့်ရောင်းချခွင့်ပြုထားကြောင်း၊ စားကြွင်း စားကျန်နှင့် အမှိုက်များကို မြေတူးမြှုပ်ခြင်း၊ မီးရှို့ခြင်းမပြုလုပ်ရဘဲ အမှိုက်ပစ်ရန်အတွက် သက်ဆိုင်ရာမှ သတ်မှတ်ပေးထားသည့်နေရာ၌သာ စွန့်ပစ်ရန် စည်းကမ်းထုတ်ထားကြောင်း၊ ကမ်းခြေလုံခြုံရေးအတွက်ကိုလည်း ဒေသတွင်းရှိ ပြည်သူ့ရဲများနှင့်ပူးပေါင်းပြီး ညစဉ် ၉ နာရီမှ နောက်တစ်နေ့အကူး ၂ နာရီအထိ ကင်းလှည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း မောင်းမကန်ကမ်းခြေသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးလေးဝင်းက ပြောပြသည်။

**ခရမ်း-စိုးမြင့်**

# အဆင့်မြင့်ပညာကဏ္ဍတွင် လိုအပ်သောအလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန် မျက်ခြည်မပြတ်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၉

**ပညာရေးဆိုင်ရာ အဆင့်မြင့်စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်ကြားရေးအရည်အသွေး မြင့်မားစေရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘာသာရပ်နယ်ပယ်ကိုက်ညီစွာဖြင့် သင်ကြားရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ အခြေခံပညာကဏ္ဍနှင့် သက်မွေးပညာကဏ္ဍများတွင် တူညီသော သင်ကြားရေးစနစ်သည် Rote Learning စနစ်ဖြစ်နေပါကြောင်း၊ အရည်အသွေးမြင့် သင်တန်းများ စနစ်တကျ ဖွင့်လှစ်ပို့ချရန်အတွက် လိုအပ်ပါကြောင်း၊ ဒေသအလုပ်သမား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ဘွဲ့ရလူငယ်များကို ပြုစုပျိုးထောင်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တက္ကသိုလ်စာကြည့်တိုက်များကို ဖြည့်ဆည်းပြီး ကျောင်းသားကျောင်းသူများကို လက်တွေ့ဘဝနှင့် နီးစပ်သည့် သင်တန်းများပေးနိုင်ရန် ဆရာ ဆရာမများက သုတေသနများပြုလုပ်ကာ သုတေသနရလဒ်များကို ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး သုတေသနဂျာနယ်များတွင် ပါဝင်ရေးသားကြစေလိုကြောင်း၊ သုတေသနစာတမ်းများ ရေးသားခြင်းဖြင့် အင်္ဂလိပ်စာ ပိုမိုကောင်းမွန်ခြင်း၊ အိုင်စီတီပညာရပ်များ ပိုမိုတိုးတက်စေခြင်းနှင့် Deep Learning ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်များ ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ သုတေသန စာတမ်းများနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားပြီး ဒေသလိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ အာဆီယံနိုင်ငံများတွင် သိပ္ပံနှင့်နည်းပညာများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် လိုအပ်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန် မျက်ခြည်မပြတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်း စည်းမျဉ်း၊ စည်းကမ်းများပေါ်တွင် စနစ်တကျ အလေးအနက်ထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် သင်တန်းသည် လိုအပ်သည့် ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး ကိုယ်တိုင် ကြိုးစားလေ့လာ သင်ယူကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်စေရေး အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးပြည့်မီသည့် ပညာရေးအဆင့်အတန်းမြင့်မားစေရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးမှူးချုပ်၊ UEHRD ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ပညာရေးဆိုင်ရာ အဆင့်မြင့် စီမံခန့်ခွဲမှုသင်တန်းကို နှစ်ပတ်ကြာ သင်တန်းပို့ချ၍ ၂၀၁၈ ခုနှစ် ဧပြီလအထိ အချိန်ပိုင်းဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ချင်းနှစ်သစ်ကူးပွဲတော် (ဟားခါး) ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**ဟားခါး အောက်တိုဘာ ၂၉**

ချင်းတိုင်းရင်းသားတို့၏ တစ်နှစ်တစ်ကြိမ် ကျင်းပသည့် ချင်းနှစ်သစ်ကူး (Tho) ပွဲတော်ကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရိုးရာ Vaahla သီချင်းသီဆို၍ သေနတ်ပစ်ဖောက် ဖွင့်လှစ်ကြပြီး သိက္ခာတော်ရ ဆရာတော် နောလ်ကျုံးလျန်က အဖွင့်ဆုတောင်းကာ ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ဦးငွန်ဆန်းအောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ချင်းနှစ်သစ်ကူး (Tho)ပွဲတော် နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် တာဝန်ရှိသူများက ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ယဉ်ကျေးမှုအဖွဲ့များက ချင်းရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**( ပြည်နယ် ပြန်/ဆက် )**



# နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်


**နေပြည်တော် အောက်တိုဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့် အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင် ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးပိုလာမည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ နေပြည်တော်လေဆိပ်(ဧလာ)၊ တောင်ငူမြို့နှင့် ဇလွန်မြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ကျောက်ဖြူမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် မင်္ဂလာဒုံ မြို့နယ်တွင် ၀ ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**




# လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်ရန် ပရဟိတအသင်းသို့ မော်တော်ယာဉ်လွှဲပြောင်းပေးအပ်

**သီပေါ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ တောင်မြို့ရပ်ကွက် လူမှုကူညီရေးပရဟိတအသင်းသို့ ကူညီရေးမော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက်က တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်မြို့ရပ်ကွက်လူမှုကူညီရေးအသင်းနာယက ဦးစိုင်းသာလှိုင်က ပရဟိတ လုပ်ငန်း၏ မွန်မြတ်ပုံများကို ပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် တောင်မြို့ရပ်ကွက် ပရဟိတအသင်း ဥက္ကဋ္ဌ ဦးညွန့်ဦးထံ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

သီပေါမြို့တွင် အနောက်ရပ်၊ မြို့လယ်ရပ်၊ ဈေးရပ်နှင့် ဇာတ်စုရပ်ကွက်တို့၌ လူမှုကူညီရေး(နာရေး)ပရဟိတအသင်းများက လိုအပ်သောကူညီမှုများကို နေရာဒေသ၊ လူမျိုးဘာသာအချိန်အခါမရွေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# အထူးကုဆရာဝန်ကြီးများအဖွဲ့ အောင်နန်းချိုကျေးရွာရှိ ကယန်းတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော် ကောင်စီနယ်မြေ ဇလီဂုက်ကြီးတောင်အုပ်စု အောင်နန်းချိုကျေးရွာရှိ ကယန်းတိုင်းရင်းသားများအား အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ် ဆရာဝန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက်မှ ဆရာဝန်များ၊ လူရည်ချွန်အဖွဲ့မှ ဆရာဝန်များ၊ အထောက်အကူပြုအဖွဲ့များပါဝင်ကြပြီး ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ နား၊နှာခေါင်း အထူးကု၊ ခွဲစိတ်အထူးကု၊ အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းဆရာဝန်ကြီးများက ဒေသခံလူနာ ၆၀၀ခန့်အား ကျန်းမာရေးစစ်ဆေး စောင့်ရှောက်မှုများကို နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီခွဲခန့်အထိ ဆောင်ရွက်ပေးခဲ့ကြပြီး ဆက်လက်ကုသမှုခံယူရန် လိုအပ်သောလူနာများအား ပျဉ်းမနားဆေးရုံကြီးနှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတို့သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ခံပွဲကျင်းပ




**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ခံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရဟန်းရှင်လူပြည်သူများအပါအဝင် လူပေါင်းသိန်းချီ တက်ရောက်ခဲ့သည်။

အမြို့မြို့အနယ်နယ်မှ တက်ရောက်လာသော ပြည်သူများသည် ကမ္ဘာအေးဘုရားလမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်တွင် စုရပ်ပြုလုပ်ပြီး ချီတက်လာကြသည်။

"ရှေ့ဆုံးတွင် မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ခံပွဲ" ဟူသော အနီရောင်ဆိုင်းဘုတ်ကြီးကို လူငယ် လူရွယ်များက ကိုင်ဆောင်ကာ ချီတက်လာကြသည်။ ယင်းနောက်တွင် နိုင်ငံတော်အလံများနှင့် တပ်မတော်အလံများကိုင်ဆောင်သောအဖွဲ့က အလံများ ကိုင်ဆောင်၍ ချီတက်လာသည်။

ယင်းနောက်တွင် မသန်စွမ်းစက်ဘီးအဖွဲ့ကလည်း အလံငယ်များ ကိုင်ဆောင်၍ လိုက်ပါလာသည်။ ထို့နောက်တွင် ရဟန်းရှင်လူ ပြည်သူများကလည်း နိုင်ငံတော်အလံငယ်လေးများ ကိုင်ဆောင်ဝှေ့ယမ်းကာ ကြွေးကြော်သံများရွတ်ဆို၍ လိုက်ပါလာသည်။ ထိုအချိန်တွင် စစ်ချီတေးများ စပီကာများမှ လွှင့်ပျံ့လျက်ရှိရာ ဆူးလေဘုရားလမ်းတစ်လျှောက် စစ်ချီတေးများကြောင့် မြို့လုံးဟိန်းကာ ကြည့်ရှုရသူ ပြည်သူအပေါင်းတို့ ဇာတိသွေး ဇာတိမာန်ကို နိုးကြားတက်ကြွစေခဲ့ကြသည်။

မြန်မာ့တပ်မတော်နှင့် နိုင်ငံ့ဝန်ထမ်းများအား ချီတက်ထောက်ခံပွဲကို မြို့တော်ခန်းမရှေ့၌ အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပခဲ့သည်။ အစီအစဉ်မစတင်မီ တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ထားသော လူငယ်လေးများက ဇာတိသွေး၊ ဇာတိမာန်နိုးကြားစေသော သီချင်းများဖြင့် သီဆိုဖျော်ဖြေရာ စတိတ်စင်ရှေ့တွင် တိုင်းရင်းသားလေးများ၏ သီဆိုဖျော်ဖြေမှုကြောင့် ကြည့်ရှုသူအပေါင်းတို့ ဇာတိသွေး၊ ဇာတိမာန်ရှင်သန်နိုးကြားကာ အလံများဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ အားပေးကြသည်ကို တွေ့ရသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ တက်ရောက်လာသူအပေါင်းက နိုင်ငံတော်အလံအား အလေးပြုပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။ ထို့နောက် ရခိုင်ပြည်နယ်၌ တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား တစ်မိနစ်ခန့် ငြိမ်သက်ဂုဏ်ပြုကြသည်။

ဆက်လက်၍ မြင်းခြံဆရာတော် ဦးဇာဂရ၊ တေးသံရှင် လီလီနိုင်ကျော်၊ မော်ဒယ် သရုပ်ဆောင် ရွှေအိမ်စည်နှင့် ဘူးလက်ဦးလှဆွေတို့က ဟောပြောကြသည်။ ယင်းနောက် တပ်မတော်အား ထောက်ခံသည့် ကြွေးကြော်သံများ သံပြိုင်ကြွေးကြော်ပြီး သဘောထားကြေညာချက်ကို ဖတ်ခဲ့သည်။

နောက်ဆုံးတွင် တက်ရောက်လာသူအပေါင်းက "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဟူသော သီချင်းကို သံပြိုင်သီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်း-မြင့်မောင်စိုး၊**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

---

❊ *ကျော့ဖုံးမှ*

ရှမ်းယူနိုက်တက်၏ နိုင်ပွဲကြောင့် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရှမ်းယူနိုက်တက် အသင်းသည် နောက်ပိုင်းပွဲများတွင် ပုံမှန်အသုံးပြုနေသည့် လူစာရင်းဖြင့် ပွဲထွက်ခဲ့သော်လည်း ၁၆ မိနစ်တွင် ဒွေးကိုကိုချစ် ဒဏ်ရာရသွား၍ ရွှေကိုနှင့် လူစားလဲခဲ့ရသည်။ ဟံသာဝတီအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ ဖိအားပေးကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သော်လည်း ဂိုးကံခေခဲ့၍ ၂၆ မိနစ်မှ ဂိုးရရှိခဲ့သည်။ ထိုက်ထိုက်အောင် ဖန်တီးပေးသော ဘောလုံးကို ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာ၍ ပွဲမှာ အကြိတ်အနယ်ရှိလာခဲ့ပြီး ၄၄ မိနစ်တွင် အောင်မျိုးသူရ ကြမ်းတမ်းစွာကစားခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ အနီကတ်ဖြစ်ရပ်အတွက် နှစ်ဖက်ကစားသမားအချို့နှင့် နည်းပြအဖွဲ့ဝင်များ အချင်းများခဲ့သည်။

ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးထပ်မံရရှိရန် ရွှေကိုအစား စိုးမင်းဦးကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ စိုးမင်းဦး ဝင်လာပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက် တိုက်စစ်ပိုကောင်းလာပြီး ၆၂ မိနစ်တွင် စိုးမင်းဦးက သွင်းယူခဲ့သည်။ တစ်ယောက်လျော့နေသည့်အပြင် နှစ်ဂိုးပေးလိုက်ရ၍ ဟံသာဝတီအသင်း ချေပဂိုးရရန် စွမ်းဆောင်နိုင်ခြင်းမရှိတော့ဘဲ ပွဲပြီးခါနီးတွင် ဂိုးများထပ်မံပေးခဲ့ရပြီး ၈၉ မိနစ်တွင် စိုးမင်းဦး၊ ၉၂ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။

အခြားပွဲများတွင် ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ရခိုင်အသင်းက ရာဇဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး GFA နှင့် မကွေးအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၄ မှတ်ဖြင့် ပထမ၊ ရန်ကုန်အသင်းက ၅၂ မှတ်ဖြင့် ဒုတိယ၊ ရတနာပုံအသင်းက ၄၇ မှတ်ဖြင့် တတိယရရှိခဲ့သည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ဆုကြေး ငွေကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလား၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုဆုချီးမြှင့်ငွေတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းနှင့် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်သည်။

**ညီမြတ်သော်တာ**

---

✢ *ကျော့ဖုံးမှ*

ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရရန် အားကုန်ထုတ်ကစားခဲ့ပြီး ၂၄ မိနစ်တွင် ပြည့်ဖြိုးမောင်-၃၊ ၃၅ မိနစ်တွင် အောင်အောင်တို့က ဂိုးများထပ်မံသွင်းယူပေးခဲ့ကာ ၃၉ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု (က) တွင် တစ်ပွဲစီကစားရန် ကျန်သေးသော်လည်း မြန်မာနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု (ခ) ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ထိုင်းက ပထမ၊ မလေးရှားက ဒုတိယရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယခုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ရောက်ရှိသည့် လေးသင်းမှာ ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအပါအဝင် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့မှာ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာရှဖူဆယ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၃၀ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

---

# ဘာသာပေါင်းစုံဆွေးနွေးပွဲ မန္တလေး၌ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၉**

ယနေ့ လူငယ်များအကြား၊ မတူကွဲပြားသည့် ဘာသာရေးယုံကြည် သက်ဝင်မှုများအကြား အပြန်အလှန်လေးစားစွာ ချစ်ကြည်ရင်းနှီးမှုဖြင့် လူ့အဖွဲ့အစည်းတွင် အတူတကွ သဟဇာတရှိစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ဘာသာပေါင်းစုံချစ်ကြည်ရေးကို ရည်ရွယ်၍ ဘာသာပေါင်းစုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန် ဂျက်ဖာဆန်စင်တာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂျက်ဖာဆန်စင်တာ တာဝန်ခံဆရာဦးစောကျင်စိန်က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြရာ ဂျက်ဖာဆန်စင်တာတွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေး ဆွေးနွေးပွဲကို သုံးပတ်တစ်ကြိမ် လုပ်ကြောင်း၊ ယခုလို ဘာသာပေါင်းစုံမှ လူကြီးလူငယ်နှင့် စာရေးဆရာများ တက်ရောက်လာ၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်သန်း(ဆိုင်းတန်း)က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်တို့တွင် တက်ရောက်ခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ ညီလာခံသို့ နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၂၈၅ ဦး တက်ရောက်ပြီး မြန်မာနိုင်ငံမှ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း၊ ရှေ့နေ နှစ်ဦး ပါဝင်ပါကြောင်း၊ Youth, Woman , Religious Leader, Law, Media ကဏ္ဍများပါဝင်ကြောင်း၊ Declaration of Peace and Cessation of War (D.P.C.W) စစ်ပွဲများရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကြေညာစာတမ်းအား UN သို့တင်နိုင်ရန် တက်ရောက်လာသူများက ကြိုးပမ်းလျက်ရှိကြောင်းနှင့် လက်မှတ်ထိုး ခုနစ်သိန်းကျော်နှင့် နိုင်ငံပေါင်း ၁၇၀ ကျော်၏ ထောက်ခံမှုရရှိကြောင်း ပြောကြားရှင်းလင်းသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ တက်ရောက်ခဲ့သည့်ဆောင်ပုဒ်မှာ "We all are One together" ဖြစ်ပြီး ဘာသာပေါင်းစုံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများထဲမှ ဆရာဦးစံဌေး (YMCA)၊ ဆရာမော်လဝီ ဦးဝင်းမြင့်နှင့် ဘာသာပေါင်းစုံမှ တက်ရောက်လာသူများက ယနေ့ လူငယ်များအကြားမတူကွဲပြားသည့် ဘာသာရေးယုံကြည်သက်ဝင်မှုများအကြား အပြန်အလှန်လေးစားစွာ ချစ်ကြည်နေထိုင်နိုင်ရေး မိမိတို့အမြင်များ ပြောကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

---




# ပန်းဝတ်မှုန်ထုံကာသင်းလို့ရယ်နှင့် ဝေါလေကိုရောက်ခဲ့တယ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

ဆရာမြင့်စိုး(နတလ)၏ စာပေဗိမာန်စာမူဆုရ "ပန်းဝတ်မှုန်ထုံကာသင်းလို့ရယ်နှင့် အခြားဆောင်းပါးများ" စာအုပ် ဒုတိယအကြိမ် ထုတ်ဝေခြင်းနှင့်အတူ "ဝေါလေကိုရောက်ခဲ့တယ်နှင့် အခြားဆောင်းပါးများ" စာအုပ်လည်း တစ်ပြိုင်တည်း ထွက်ရှိလာသည်။

စာရေးသူ၏ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ရေးသားခဲ့သော ဆောင်းပါးများမှာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသော စိတ်စေတနာအရင်းခံဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး စစ်မှုထမ်းကာလအတွေ့အကြုံများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းဘဝအတွေ့အကြုံများကို ပေါင်းစပ်ရေးဖွဲ့ထားခြင်းဖြစ်ရာ စိတ်ဝင်စားဖွယ် အကြောင်းအရာများဖြင့် ပြည့်နှက်နေသည်ဟု စာရှုသူတို့ ခံစားကြရသည်။ သာမန်ပြည်သူတို့ ရောက်ခဲပေါက်ခဲလှသော နယ်စပ်ဒေသများ၏ အကြောင်းအရာ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ဘဝ၊ ဒေသခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအကြောင်း၊ နတလဝန်ထမ်းတို့၏ စိတ်ဇွဲသန်သန်ကြိုးပမ်းအားထုတ်မှုများအကြောင်း စသည်တို့ကို ဆောင်းပါးများတွင် ဖတ်ရှုရင်း စိတ်မျက်စိ၊ စိတ်နားထဲ မြင်ယောင်ကြားယောင်ဖြစ်လာကြရသည်။

နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သော ဆောင်းပါးများနှင့် ဓာတ်ပုံများကိုပါ တစ်စုတစ်စည်းတည်း ထုတ်ဝေလိုက်ခြင်းဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်သမိုင်းမှတ်တမ်းများဟုလည်း ဆိုရမည်ဖြစ်ပါသည်။ **(မြန်မာ့အလင်း)**



# မျိုးဆက်သစ်တို့ လက်ကမ်းကြို

မာလာအောင်၊ ယဉ်ကျေးမှု

**လူသားမျိုးနွယ်တို့၏ အပြုအမူများနှင့် နှစ်သက်လက်ခံထားသည့် အလေ့အထတို့သည် ထိုလူမျိုးတို့၏ ဓလေ့ထုံးစံအဖြစ် သတ်မှတ်ကြသည်။ သို့ဖြစ်၍ တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံ မှီတင်းနေထိုင်ရာ အမိမြန်မာနိုင်ငံတွင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံများသည် အမိမြေအတွင်း ပန်းရောင်စုံပွင့်သကဲ့သို့ အရောင်အသွေးစုံလင်စွာဖြင့် ပွင့်လန်းဝေဆာလျက်ရှိပါသည်။ အဆိုပါ ဓလေ့ထုံးစံများအနက် မျိုးဆက်သစ်များ ပေါ်ထွန်းလာခြင်းအား ကြိုဆိုသည့် မြန်မာတိုင်းရင်းသားတို့၏ ကင်ပွန်းတပ်ခြင်းဟုခေါ်ဆိုသော အမည်နာမပေးခြင်းဆိုင်ရာ ဓလေ့ထုံးစံနှင့်ပတ်သက်၍ မတူကွဲပြားမှုမှာ လွန်စွာပင် စိတ်ဝင်စားဖွယ်ကောင်းလှသည်။**

> **မျိုးဆက်သစ်ထွန်းကားလာသည့်အခါ ကြိုဆို၍ အမည်နာမပေးခြင်းအား တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံအသီးသီး၌ ကချင်လူမျိုးများက "ကျထောင်ထူ" ဟူ၍လည်းကောင်း၊ ကယားက "တပွန်ဖု"၊ ကရင်က "ဟေဖိုးသာအမည်" ကဲ့သို့ လည်းကောင်း၊ "ဖလွတ်ထောင်းဖွတ်သားမိန် (ဖွောက်ထင်းဖောဟ်သးအ်မြိင်)" ဟူ၍ လည်းကောင်း၊ ချင်းက "မင်စပ် (min sak)"၊ မွန်က "စဝ်ဍာမိတ်ကပေါင်"၊ ဗမာက "ကင်ပွန်း တပ်မင်္ဂလာ"၊ ရခိုင်က "ကင်ပွန်းကိုင်ရေ" နှင့် ရှမ်းက "အောင်လိန်း" ဟူ၍ ခေါ်ဆို**

မျိုးဆက်သစ်ထွန်းကားလာသည့်အခါ ကြိုဆို၍ အမည်နာမပေးခြင်းအား တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံအသီးသီး၌ ကချင်လူမျိုးများက "ကျထောင်ထူ" ဟူ၍လည်းကောင်း၊ ကယားက "တပွန်ဖု"၊ ကရင်က "ဟေဖိုးသာအမည်" ကဲ့သို့ လည်းကောင်း၊ "ဖလွတ်ထောင်း ဖွတ်သားမိန် (ဖွောက်ထင်းဖောဟ်သးအ်မြိင်)" ဟူ၍ လည်းကောင်း၊ ချင်းက "မင်စပ် (min sak)"၊ မွန်က "စဝ်ဍာမိတ်ကပေါင်"၊ ဗမာက "ကင်ပွန်းတပ်မင်္ဂလာ"၊ ရခိုင်က "ကင်ပွန်းကိုင်ရေ" နှင့် ရှမ်းက "အောင်လိန်း" ဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။

**ကချင်တိုင်းရင်းသားတို့တွင်** မီးဖွားသောနေ့၌ ကလေး၏ နာမည်ကို လူသိ၊ နတ်ကြားကြေညာသော အခမ်းအနားကျင်းပလေ့ရှိကြပြီး အမဲခြောက်ထောင်း၊ ငါးခြောက်ထောင်း၊ အရက်၊ ခေါင်ရည်စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိကြသည်။ မွေးဖွားလာသော သားယောက်ျားကို ဆံဖြူသည်အထိ အသက်ရှည်ပါစေ၊ သွားကျိုးသည်အထိ နေနိုင်ပါစေ၊ သားသမီးများစွာထွန်းကားသည့် ဖခင်ဖြစ်ပါစေ၊ ကြွယ်ဝချမ်းသာပါစေ၊ အရေးပါအရာရောက်သော ပုဂ္ဂိုလ်ဖြစ်ပါစေဟူ၍လည်းကောင်း၊ သမီးမိန်းကလေးဆိုလျှင် အနာရောဂါ ကင်းရှင်းပါစေ၊ ကောင်းမွန်စွာလက်ထပ်ထိမ်းမြားနိုင်၍ မိဘများအတွက် မင်္ဂလာပစ္စည်းများ ရှာပေးနိုင်ပါစေ"ဟု ဆုမွန်တောင်းပေးကြသည်။

အချို့ဒေသတွင် အမဲသားခြောက် မီးဖုတ်၍ ချင်း(ဂျင်း)နှင့် ရောထောင်းပြီး အိမ်နီးချင်းများကို ဝေငှလေ့ရှိပါသည်။ ချင်း(ဂျင်း)ဆိုသည်မှာ အတက်၊ အလက်ပွားများခြင်းနှင့် အမဲသားဆိုသည်မှာ သန်မာထွားကျိုင်းခြင်းဟု အဓိပ္ပာယ်ရှိ၍ ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ်မွေးဖွားလာပါပြီဟု အိမ်နီးချင်းများကို အသိပေးလိုက်ခြင်းပင်ဖြစ်ပေသည်။

**ကယားတိုင်းရင်းသားတို့တွင်** အချို့က မွေးကင်းစကလေးငယ်ကို မွေးပြီးလျှင်ပြီးချင်း အမည်ပေးကြသည်။ အချို့က မီးနေသည် မီးထွက်မှ ဆွေမျိုးသားချင်းများကို ဖိတ်ကြား၍ ထမင်းဟင်းလျာ၊ ခေါင်ရည်တို့ဖြင့် ကျွေးမွေးဧည့်ခံကာ ကလေးအမည်ပေးပွဲကို ကျင်းပလေ့ရှိသည်။ အမည်ပေးပွဲတွင် ကလေးကို ရေချိုးပေးကြသည်။

ကလေးမီးဖွားပြီးလျှင် အိမ်ခေါင်မိုးမှဖြစ်စေ၊ သက်ငယ်ပင်မှဖြစ်စေ နီးချိုး၍ အမေဘက် သို့မဟုတ် အဖေဘက်က သက်ကြီးသူ အဘိုးအဘွားတို့၏ အမည်ကိုယူ၍ ပေးလေ့ရှိသည်။ ကလေးအမည်ပေးပြီး ရက်အနည်းငယ်အတွင်း ကလေးအငိုမတိတ်ခြင်း၊ နေမကောင်းခြင်းတို့ဖြစ်ပါက ပေးပြီးသားအမည်နှင့် မသင့်တော်ဟု ယူဆကာ နောက်တစ်ကြိမ် နီးချိုးပြီး အမည်အသစ် တစ်ခုခုကို ထပ်မံပေးရသည်။ ကလေးအမည်ပေးပွဲ ကျင်းပသည့်နေ့ရက်၌ ကလေးနှင့်တကွ အိမ်သူအိမ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကြက်လေးကောင်ဖြင့် အောက်ပါအတိုင်း ကင်ပွန်းတပ်မင်္ဂလာပြုကြသည်-

**ရှေးလေ့(မီးနေသည်အတွက် စီစဉ်သည့်ကြက်)**

အဘွား သို့မဟုတ် မီးနေသည်၏ မိခင်တို့က ကြက်တစ်ကောင်၏ လည်ပင်းသွေးကိုယူ၍ မီးနေသည် (ကလေးမွေးဖွားသူ)၏ ကျောနှင့်နဖူးတို့ကို သုတ်လိမ်းပေးလေ့ရှိသည်။ ယင်းကြက်၏ အသားကို မီးနေသည်သာ စားရသည်။

**ရှေးရှီး(လာရောက်သည့် ဧည့်သည်များ ဆုတောင်း မင်္ဂလာပေးသည့်ကြက်)**

ကြက်တစ်ကောင်၏ အသွေးကို မင်္ဂလာရေကဲ့သို့ ခွက်တစ်လုံး သို့မဟုတ် ဝါးခြမ်းခွက်ဖြင့် ခံထားရသည်။ အဆိုပါ ခွက်ထဲ၌ ပုတီးလုံးတစ်လုံးစီ ချည်ထားသော ချည်ကြိုးများကို နှစ်ထားပြီး မီးနေသည် လာမေးသူတို့၏ လက်ကို ချည်ပေးလေ့ရှိသည်။ လာမေးသူက ရရှိလာသော ချည်ကြိုးကို မိမိအိမ်ခြံဝတစ်နေရာတွင် ချိတ်ပြီး အိမ်ရှင်များ ဘေးအန္တရာယ်ကင်းရှင်းပါစေဟု နှုတ်က ဆို၍ ဆုတောင်းပေးကြသည်။ ယင်းကြက်သားကို သားသမီးမမွေးတော့သည့် အဘွားအိုများသာ စားကြရသည်။ လူငယ်နှင့် အခြားသူများ မစားကြရချေ။

**ရှေးမွီ(ကလေးအမည်ပေးသည့်ကြက်)**

ကြက်တစ်ကောင်၏ အသားကို ကျပ်ခိုးစင်ပေါ်တွင် တင်ထားရသည်။ ကျပ်ခိုးစင်မပျက်မချင်းယူ၍ မပစ်ရချေ။ ယင်းကြက်သားကို အိမ်သားများစားမိပါက လာဘ်တိတ်တတ်သည်ဟု အယူရှိကြသည်။ ထို့ပြင် ယင်းကြက်သားကို ကလေး၏ အမည်နှင့်ထပ်တူထပ်မျှ ဖြစ်သောသူများသာ စားနိုင်သည်။ အခြားသူများ မစားရချေ။ ခွေးများ၊ ကြောင်များကိုလည်း ကျွေးခြင်းမပြုလုပ်ရပါ။

**ရှေးပယ်(ဖခင်အတွက် မင်္ဂလာပြုသည့်ကြက်)**

ကြက်တစ်ကောင်၏ အသွေးကို ဖခင်၏ နဖူးသို့ သုတ်လိမ်းပေးရသည်။ မင်္ဂလာရှိစေရန်ရည်ရွယ်၍ တစ်အိမ်သားလုံး ချက်ပြုတ်ပြီး စားသောက်ကြသည်။ အခြားသူများကိုလည်း ကျွေးနိုင်ပါသည်။ အန္တရာယ်ကင်းစေရန် ဆောင်ရွက်သော ကျွေးမွေးပွဲတစ်မျိုးဖြစ်သည့် ကယားတို့၏ ယုံကြည်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

**ကရင်တိုင်းရင်းသားတို့တွင်** ကလေးငယ်ခုနစ်ရက်အကြာ၌ တရော်၊ ကင်ပွန်းရည်များဖြင့် ခေါင်းဆေးမင်္ဂလာပြုသော အလေ့အထရှိကြသည်။ ကင်ပွန်းတပ်ရာတွင် ကွမ်းသီး၊ ကွမ်း၊ ဆေး၊ ဆန် တစ်ပြည်နှင့် ငွေပါသော ကန်တော့ပွဲတစ်ပွဲ ပြင်ဆင်ရသည်။ ကျေးရွာရှိတတ်သိနားလည်သော လူကြီးတစ်ဦးက စာပေကျမ်းဂန်များကို ရွတ်ဖတ်၍ ကလေးငယ်ကျန်းမာစေရန် ဆုမွန်ကောင်းတောင်းပေး၍ ကလေးငယ်၏ လက်ကောက်ဝတ်တွင်လည်း လိပ်ပြာကြိုးချည်ပတ်ပေးရသည်။ ရောဂါဝေဒနာနှင့် ဘေးအန္တရာယ်များကင်းဝေးစေရန် ကလေးငယ်အား စုန်း၊ တစ္ဆေ၊ ဖုတ်၊ မှင်စာများ မကပ်နိုင်စေရန်နှင့် မခြောက်လှန့်နိုင်စေရန် "ဖယ်ဆွန့်" ခေါ် မတြာကြိုးလက်ဖွဲ့ကို ကလေးလည်ပင်း၌ ဆွဲပေးရသည်။ သေးငယ်သော အရာဝတ္ထုတစ်ခုခုကိုလည်း ကြိုးနှင့်ချည်၍ လည်တွင်ဆွဲကာ ခမည်းပေးရသည်။ (ဒေသတစ်ခုနှင့် တစ်ခု၊ တစ်ရွာနှင့် တစ်ရွာခမည်းပေးပုံချင်း မတူကြချေ။) အမည်ကိုလည်း နေ့သင့်နံသင့်မှည့်ခေါ်ပေးရသည်။ ထို့နောက် ယင်းအမည်ပေးသူ ပုဂ္ဂိုလ်၊ လူကြီးအား ကန်တော့ပွဲနှင့် ကန်တော့ရသည်။ အချို့က မုန့်ပဲသရေစာများပြုလုပ်၍ အိမ်နီးနားချင်းများကို ဖိတ်ခေါ်ကျွေးမွေးကြသည်။ များသောအားဖြင့် မုန့်လက်ဆောင်း ပြုလုပ်၍ ကျွေးမွေးလေ့ရှိသည်။

**ချင်းတိုင်းရင်းသားတို့တွင်** ယေဘုယျအားဖြင့် ကလေးအမည်ကို တစ်လသားတွင် ပေးလေ့ရှိသည်။ အချို့ဒေသတွင် မွေးပြီးလျှင် မွေးပြီးချင်း နာမည်ပေးရသည်။ နာမည်မရှိက နတ်ကယူသွားမည်ဟု အယူရှိသည်။ သင့်ရာအမည်ကို ပေးပြီး နောက်မှ ကြိုက်ရာအမည်ကိုပြောင်း၍ ပေးကြသည်။ ကလေးအတွက် ကင်ပွန်းတပ်ပွဲလုပ်ရာတွင် ရက်အကန့်အသတ်မရှိချေ။ ငွေကြေးတတ်နိုင်သောအချိန်တွင် မိခင်ဘက်မှ ဘိုးဘွားများ၊ ဆွေမျိုးများက ကြက်တစ်ကောင်၊ ဝက်သားနှင့် ခေါင်ရည်အိုးတို့ကို ပေးရသည်။ ကလေး၏ မိဘတို့က ထမင်း သို့မဟုတ် ကောက်ညှင်းထုပ်နှင့် ဟင်းတို့ဖြင့် ဧည့်ခံကြသည်။ အချို့က အမဲသားနှင့် ခေါင်ရည်တို့ဖြင့် ဧည့်ခံလေ့ရှိသည်။

**မွန်တို့တွင်** ကင်ပွန်းတပ်ခြင်းကို မွန်ဘာသာဖြင့် "စဝ်ဍာမိတ်ကပေါင်" ဟုခေါ်သည်။ ကင်ပွန်းတပ်မင်္ဂလာပွဲကို အဆင်ပြေသည့်နေ့တွင် ကျင်းပလေ့ရှိသည်။ တစ်နေ့တည်းမွေးသည့် ကလေးများဖြစ်စေ၊ နေ့ခြားမွေးသည့် ကလေးများဖြစ်စေ ရက်ကောင်းသည့်နေ့ရက်တွင် တစ်ပြိုင်တည်း ကင်ပွန်းတပ်လေ့ရှိကြသည်။

အခမ်းအနားတွင် ကင်ပွန်းရည်အိုးနှင့် ဖရုံအူတိုင်စိမ်သော ရေအိုးတို့ရှိပြီး ဖရုံအူတိုင်ပါသော ရေအိုးတွင် ရွှေ၊ ငွေစသည်တို့ ထည့်ကြသည်။ ဗန်းတစ်ချပ်တွင် အုန်းဆီ၊ အမွှေးနံ့သာ၊ နနွင်း၊ ကွမ်းခုနစ်ရွက်၊ ဆေးတစ်ရွက်၊ မှန်စသည်တို့ကို ငှက်ပျောတစ်ဖီးနှင့်အတူ ထည့်ထားသည်။ ကလေး၏ဖခင်က ယင်းအိုးများရှေ့၌ ဓားကိုမြေသို့စိုက်၍ ကိုင်ထားရာ မိခင်ဖြစ်သူက ဓားကိုင်ထားသော လက်ကို ကင်ပွန်းရည်နှင့် ရေအေးတို့ကို လောင်းပေးရသည်။ တစ်ဖန် က္ကမိ(ဝမ်းဆွဲသည်)၏ လက်ကိုလည်း ဤနည်းအတိုင်းလောင်းပေးရသည်။ ထို့နောက် ကလေးငယ်ကို က္ကမိက ကင်ပွန်းရည်နှင့် ရေအေးတို့ဖြင့် ရေချိုးသန့်စင်ပေးပြီး ဗန်းထဲမှ အမွှေးနံ့သာတို့ဖြင့် လိမ်းကျံ၍ ပိတ်ဖြူဖြင့်ထွေးပိုက်ကာ မိခင်အား ပေးအပ်သည်။ မိခင်က ကလေးအား ငှက်ပျောဖီး သို့မဟုတ် ကွမ်းယာတစ်ယာတို့ဖြင့် က္ကမိထံမှ လဲယူရသည်။ ပြီးမှ ကျန်လူများကို ကင်ပွန်းရည်ဝေငှပေးသည်။ ဤကဲ့သို့ ကင်ပွန်းတပ်ပွဲသို့ လာသူများအား ကလေး၏မိဘက မုန့်လက်ဆောင်း၊ ကောက်ညှင်းမုန့်၊ ထမင်းတို့ကို ကျွေးကြသည်။ ကင်ပွန်းတပ်မင်္ဂလာပွဲသို့ လာသူများကလည်း ကလေးကျန်းမာချမ်းသာ၍ ဉာဏ်ပညာကြီးမားစေရန် ဆုမွန်ကောင်းတောင်းပေးကြသည်။ မွန်တို့၏ ရိုးရာထုံးစံအရ ကင်ပွန်းတပ်မင်္ဂလာပွဲလာသူများအား အိမ်ရှင်မိဘများက ကောက်ညှင်းဆုပ်တစ်ဆုပ်စီ အိမ်ပြန်လက်ဆောင် ပေးလေ့ရှိသည်။

**ဗမာ**တို့က မွေးစကလေးကို တရော်ကင်ပွန်းရည်စသည်တို့ဖြင့် ခေါင်းဆေးမင်္ဂလာပြု၍ အမည်နာမပေးသော အခမ်းအနား ကျင်းပလေ့ရှိသည်။ အချို့ဒေသတွင် ကလေးငယ်တစ်ပတ်ပြည့်ချိန်တွင် မုန့်လုံးရေပေါ်ဝေငှခြင်း၊ ပုခက်တင်မင်္ဂလာပြုလုပ်ခြင်းစသည့် ရိုးရာဓလေ့များရှိကြသည်။ ကလေးရက် ၁၀၀ ပွဲ၊ ရက် ၉၀ ပွဲများကိုလည်း ကျင်းပပြုလုပ်မှုများရှိသည်။ ကလေးမီးဖွားလျှင် ရက်သတ္တတစ်ပတ်အကြာတွင် မုန့်လုံးရေပေါ်ဝေရခြင်းသည် မုန့်လုံးသည် ရေပေါ်သို့ပေါ်လာမှ ဆယ်ရသကဲ့သို့ မျိုးဆက်သစ်ပေါ်ထွက်လာပြီဟူ၍လည်း အဓိပ္ပာယ်ရပါသည်။ ကလေးငယ်အိပ်သော ပုခက်ကိုလည်း မမနဲ့လေး(ကလေးနတ်)အား နှင်းဆီပန်း အနီဆက်၍ အပ်သော ဓလေ့လည်းရှိသည်။

**ရခိုင်**တို့၏ ဓလေ့ထုံးစံအရ မီးထွက်သည့်နေ့တွင် နေအိမ်၌ ဆွေမျိုးမိတ်ဆွေများကိုဖိတ်၍ ကျွေးမွေးပြီးလျှင် ကလေးကို ကင်ပွန်းတပ်အမည်ပေးလေ့ရှိကြသည်။ ကလေးအား မင်္ဂလာရှိစေရန်နှင့် ကျန်းမာချမ်းသာစေရန် ဆုတောင်းပေးကြသည်။

အမျိုးသမီးကြီးတစ်ဦးဦးက ကလေးကိုချီ၍ မြေကြီးသို့ဆင်းပြီး ကလေးအား နေနှင့် လကိုပြသည်။ အောင်မြေနင်းသည့် သဘောဖြင့် ကလေး၏ခြေတွင် ဖုန်မှုန့်သုတ်၍ အိမ်ပေါ်ပြန်တက်သည်။ ဆန်ကောထဲတွင် ကင်ပွန်းသီး၊ မြေကြီးမြေသား၊ ဓားကောင်းတစ်လက်၊ ဆန်အနည်းငယ်၊ နနွင်းမှုန့်၊ ခနိတစ်ခက်၊ ကျောက်ခဲတစ်လုံးတို့ကို အပုံလိုက်ထည့်ထားပေးသည်။ ကလေးကင်ပွန်းကိုင် (ကင်ပွန်းတပ်)ပွဲသို့ လာရောက်သူများက မြေကြီးမြေသားနှင့် ကျောက်ခဲတို့ကိုကိုင်၍ မြေသား၊ ကျောက်သားကဲ့သို့ မာပါစေ၊ ဓားကိုကိုင်၍ ဓားလိုထက်ပါစေ၊ ဆန်ကိုကိုင်၍ ဆန်စပါးပေါ်များပါစေဆိုပြီး အသီးသီးဆုမွန်ကောင်း တောင်းပေးကြသည်။ တစ်ခါတစ်ရံ ကင်ပွန်းတပ်သည့် အချိန်တွင် နားထွင်းပေးလေ့ရှိသည်။ ဧည့်သည်များအား အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိပါသည်။

**ရှမ်း**တို့တွင် ကလေးငယ်တစ်လပြည့်သည့်နေ့တွင် ရေချိုးသန့်စင်ပွဲကျင်းပလေ့ရှိကြပါသည်။ ပြဿဒါးရက်နှင့် ဝါရမိတ္တုရက်တို့ကိုရှောင်၍ ကလေးငယ်တစ်လပြည့်သည့် နံနက် ၈ နာရီခန့်တွင် နီးစပ်သော အဘိုးအဘွား၊ လူကြီးသူမ ငါးဦး၊ ခုနစ်ဦး၊ ၁၅ ဦး၊ ၃၀ တို့ကို လက်ဖက်ခြောက်ထုပ်ငယ်တို့ဖြင့် ဖိတ်ကြားပြီး ကလေးငယ်ကိုရေချိုးသန့်စင်၍ ကလေးငယ်ကို အမည်နာမ ပေးကြသည်။ ရေချိုးသန့်စင်ရာတွင် ငွေဖလားကြီး သို့မဟုတ် ကြေဇလုံကြီး၌ ရေကောင်းရေသန့်၊ ကင်ပွန်းသီး(ခေါ်) ဆူးညွန့် ခုနစ်ခု၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ သံအကြေးအလေးတုံးငယ်များထည့်၍ လရေ၊ ကြယ်ရေခံသည့်အနေဖြင့် ညဥ့်အချိန်လသာသာ အိမ်ခေါင်မိုးကြမ်းပြင်၌ တစ်ညကြိုတင်ထားရသည်။ အမွှေးနံ့သာတို့ကိုလည်း ထည့်ကြသည်။ ဘုန်းကြီးပင့်ဖိတ် ဆွမ်းကျွေးပြီး နေ့နံသင့်သောအမည်ကို ပေးသည်။ အများအားဖြင့် ကလေးငယ်၏ မိဘများကဖိတ်ကြားထားသော အဘိုးအဘွား၊ လူကြီးသူမများကို ပန်း၊ ပေါက်ပေါက်နှင့် ငှက်ပျောသီးပါဝင်သော ကန်တော့ပွဲဖြင့် ကလေးငယ်ကို အမည်မှည့်ပေးရန် ပန်ကြားကန်တော့ကြသည်။ ဧည့်ခံပွဲလာသူများက ကင်ပွန်းရည် ထည့်ထားသော ဇလုံထဲတွင် ရှေးယခင်က အကြွေစေ့များကိုထည့်၍ ကင်ပွန်းရည်ကို ကလေးအား အနည်းငယ်ဆွတ်ပေးသည်။ အဆိုပါအကြွေစေ့အချို့ကို ဘုရားရှင်နှင့် သံဃာတော်များအား လှူဒါန်းပြီး အချို့ကိုဖောက်၍ ကလေး၏လည်ပင်း၊ လက်နှင့်ခြေများတွင် ဆွဲပေးကြသည်။ ယခုအချိန်တွင် မွေးနေ့လက်ဆောင်များကို ငွေအကြွေစေ့များအစား ကစားစရာနှင့် ငွေစက္ကူတို့ကို ပေးလေ့ရှိပါသည်။ အချို့ငွေကြေးမတတ်နိုင်သူများက သက်ကြီးဝါကြီးများအား အမည်ပေးစေ၍ ကင်ပွန်းတပ်ကြသည်။

ယနေ့ခေတ်တွင် အဆိုပါကင်ပွန်းတပ်ခြင်း ဓလေ့ထုံးစံများကို ပြည်နယ်များနှင့် ကျေးလက်ဒေသများတွင် တွေ့ရှိနိုင်ပါသေးသည်။ မြို့ပြဒေသများတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် အဆိုပါ ဓလေ့ထုံးစံများ ပျောက်ကွယ်လုနီးပါးဖြစ်နေသည်ကို တွေ့ရပါသည်။ မြတ်နိုးဖွယ်ကောင်းသော မိမိတို့၏ ကိုယ်ပိုင်ဓလေ့ထုံးစံများ ပျောက်ကွယ်သွားသည်မှာ လွန်စွာနှမြောဖွယ်ကောင်းလှပါသည်။ "ရှေးထုံးကိုလည်း မပယ်နဲ့၊ ဈေးသုံးကိုလည်း မကွယ်နဲ့" ဆိုသည့် ဆိုရိုးစကားကို ပြန်လည်ကြားယောင်ရင်း ဘိုးဘေးများ လက်ဆင့်ကမ်းခဲ့သည့် အမွေအနှစ်များကို နောင်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရန် လူတိုင်းတွင် တာဝန်ရှိပါသောကြောင့် မိမိတို့တာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကျမ်းကိုး**

- ❏ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ ကချင်၊ ကယား၊ ကရင်၊ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်း၊
- ❏ ကယားလူမျိုးသမိုင်း၊ လွိုင်ကော်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန။

---

# (၂၂)ကြိမ်မြောက် နိုင်ငံတကာ ရဲတီးဝိုင်း ဂီတဖျော်ဖြေပွဲ (၂၀၁၇) ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသော (၂၂) ကြိမ်မြောက် နိုင်ငံတကာ (World Police Band Concert) ရဲတီးဝိုင်း ဂီတဖျော်ဖြေပွဲ (၂၀၁၇)ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပသည်။

"ကျွန်တော်တို့ ဒီပွဲကို မစတင်ခင်ကတည်းက ကျွန်တော်တို့ တီးခတ်မယ့် သီချင်းသံစဉ်တွေကို အပြန်အလှန်ဖလှယ်ခဲ့တယ်။ ဒီပွဲကို မြန်မာနိုင်ငံမှာ ကျင်းပတဲ့အတွက် အခြားနိုင်ငံတွေနဲ့ ပိုပြီးရင်းနှီးချစ်ကြည်သွားတယ်။ အနုပညာတွေလည်း ဖလှယ်ခွင့်ရတယ်။ အခြားနိုင်ငံတွေက ဖိတ်ခေါ်ရင်လည်း သွားရောက်တီးခတ်ဖို့ လေ့ကျင့်နေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုနဲ့ ပိုမိုချစ်ကြည်ရင်းနှီးစေဖို့ဆိုတဲ့ ရည်ရွယ်ချက်ပါရှိတဲ့အတွက် ဘယ်သူမဆို လာရောက်ကြည့်ရှုနိုင်ပါတယ်" ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့လေ့ကျင့်ရေးဌာနကြီးမှ ဒုတိယရဲမှူးကြီး စွမ်းဇာနည်က ပြောသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံရဲတီးဝိုင်းမှ ခေါင်းဆောင် Mr.Do Tien Thuy က ဦးဆောင်မှုဖြင့် အောင်ပွဲရ သီချင်း၊ တေးငုရင်အကပွဲတော်၊ မြန်မာကျေးလက်သံစဉ်၊ Hello ဗီယက်နမ်သီချင်း၊ ဟန္ဒိုင်းသီချင်းနှင့် ချစ်ကြည်ရင်းနှီးမှုအက သီချင်းများဖြင့် ဖျော်ဖြေသည်။ မြန်မာနိုင်ငံအနေဖြင့် ရဲတီးဝိုင်းခေါင်းဆောင် ရဲမှူး မျိုးကြည် ဦးဆောင်မှုဖြင့် တီထွင်ထားသော ခေတ်ဆန်းသီချင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အားမာန်၊ မြန်မာ့ရိုးရာဂီတ မှုန်ရွှေရည်သီချင်း၊ ပန်းရည်ဘဏ်တိုက်သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ပြည်သူ စုစုပေါင်း ၂၅၀၀ ကျော်တက်ရောက်ကြည့်ရှုအားပေးကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရခိုင်ပြည်နယ်သတင်းများ

# လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိနေပြီဖြစ်သော ရခိုင်ပြည်နယ် မြေပုံနှင့်ပေါက်တော

**ရခိုင်ပြည်နယ် မြေပုံနှင့် ပေါက်တောမြို့တို့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး နိုဝင်ဘာလဆန်းပိုင်းတွင် အခမ်းအနားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။**



ဦးမြင့်မောင်



ဦးဝင်းလှိုင်



ဦးညီထွေး



ဦးအောင်မြင့်



မပန်းနုဝေ



ဦးကျော်မျိုးဝင်း



ဆရာမ ဒေါ်စောရင်ဦး



ဦးထွန်းဝေ



ဦးကျော်ဝင်းကြီး

ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလဆန်းပိုင်းတွင် ပြုလုပ်မည်ဖြစ်သော်လည်း အောက်တိုဘာလ ပထမပတ်ကတည်းက ဒေသခံပြည်သူများအား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသဖြင့် ဒေသခံပြည်သူများနှင့် လျှပ်စစ်ဓာတ်အားရရှိဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများအား သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည် -

**ဦးမြင့်မောင်၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)**
**အင်ဂျင်နီယာထောက်ကူဌာန၊**
**နေပြည်တော်ရုံးချုပ်**

"မြေပုံမြို့နဲ့ ပေါက်တောမြို့ဟာ ကမ်းခြေဒေသ ဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ရာမှာ ခက်ခက်ခဲခဲကြိုးစားခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနဲ့ လုပ်သားအင်အားရရှိမှု အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး မြို့ဒေသခံတွေ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့လို့ ပီတိဖြစ်ရပါတယ်။

"အရင်က ဒီဇယ်အင်ဂျင်စက်နဲ့ မီးပေးခဲ့ပါတယ်။ ရပ်ရွာအေးချမ်းရေးနဲ့ လူမှုဘဝသာယာရေးကို အဓိကထားပြီး နိုင်ငံတော်က အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းခွင် အခက်အခဲတွေ ရှိခဲ့တယ်ဆိုပေမယ့် ဒေသခံတွေနဲ့ တာဝန်ရှိသူတွေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုတွေက အောင်မြင်မှုရဲ့ ရလဒ်ကောင်းတွေပဲ ဖြစ်ပါတယ်။"

**ဦးဝင်းလှိုင်၊ မြေပုံမြို့နယ်လျှပ်စစ်မှူး**

"မြေပုံမြို့မှာ မဟာဓာတ်အားလိုင်းစနစ်ကနေ ၂၀၁၇ အောက်တိုဘာ ၁ ရက်ကစပြီး လျှပ်စစ်မီးရပါတယ်။ မီးမရခင်တုန်းက ဒီဇယ်စက်ကြီးတွေနဲ့ အချိန်ပိုင်းနဲ့ မီးပေးခဲ့ပါတယ်။ မြေပုံမြို့နယ်မှာရှိတဲ့ ကိုးရပ်ကွက် အိမ်ထောင်စု ၁၁၆၅ စုကျော်ကို မီးပေးနေပါပြီ။ နောက်ထပ် ကျေးရွာငါးရွာကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမီ လျှပ်စစ်မီးပေးဖို့ ရည်ရွယ်ထားပါတယ်။"

"မြေပုံမြို့ရဲ့ပထဝီအနေအထားအရ မြစ်ချောင်းခြားနေတဲ့အတွက် အနီးပတ်ဝန်းကျင်ကျေးရွာ ၂၀ ခန့်ကို နောက်သုံးနှစ်အတွင်းမှာ လျှပ်စစ်မီးပေးဖို့ ရည်ရွယ်ပါတယ်။"

**ဦးညီထွေး၊ ကျောင်းအုပ်ကြီး**
**မြေပုံ အခြေခံပညာအထက်တန်းကျောင်း**

"လျှပ်စစ်မီးမရခင်တုန်းက အခက်အခဲတွေ အများကြီးပါ။ ရုံးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း မိတ္တူတစ်စောင်ကူးချင်ရင်တောင် မီးစက်ကို တကူးတကနှိုးနေရတာပါ။ အခုလိုမီးရတော့ ရုံးလုပ်ငန်းတွေအပြင် ကျောင်းသားကျောင်းသူတွေ စာကျက်ရာမှာလည်း ပိုအဆင်ပြေပါတယ်။ ကလေးမိခင်တွေ အနေနဲ့လည်း ကိုယ့်ကလေး ကျောင်းကို ပို့ရင်တောင် ထမင်းချိုင့် အချိန်မီထည့်မပေးနိုင်တဲ့ရက်တွေ ရှိခဲ့ပါတယ်။

"အခုတော့ အဆင်ပြေပါပြီ။ ညစာကျက်ဝိုင်းတွေလည်း လုပ်နိုင်သွားတာပေါ့။ ဒေသခံတွေရဲ့ လူမှုဘဝတွေတင်မကပါဘူး ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေလည်း လျှပ်စစ်မီးရတဲ့အတွက် ပိုပြီးတော့ အဆင်ပြေပါတယ်။"

**ဦးအောင်မြင့်**
**မြို့မိမြို့ဖ မြေပုံမြို့**

"လျှပ်စစ်မီးရတဲ့နေ့ကဆိုရင် တစ်မြို့လုံး ဝမ်းသာနေတာတွေ့ရတယ်။ အခုဆိုရင် ဒေသခံမိသားစုတွေ၊ လုပ်ငန်းရှင်တွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံး အဆင်ပြေတာတွေ့ရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးရတဲ့အတွက် ဒီရေတောပြုန်းတီးမှုတွေရော၊ လောင်စာထင်းသုံးစွဲမှုတွေပါ လျော့ကျလာလိမ့်မယ်လို့ ထင်ပါတယ်။ အခုလို ၂၄ နာရီ လျှပ်စစ်မီးရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ကြပါဘူး။ အခုတော့ တစ်မြို့လုံး ပျော်ရွှင်နေကြပါပြီ။"

**မပန်းနုဝေ**
**တက္ကသိုလ်ဝင်တန်းကျောင်းသူ**

"လျှပ်စစ်မီးမရခင်တုန်းက စာကျက်ရတာ အဆင်မပြေဘူး။ အကန့်အသတ်နဲ့ စာကျက်ခဲ့ရတယ်။ အခု ၂၄ နာရီ လျှပ်စစ်မီးရတော့ သမီးတို့သူငယ်ချင်းတွေ၊ ကျောင်းသား ကျောင်းသူတွေ အကုန်လုံး ပျော်နေကြတယ်။"

**ဦးကျော်မျိုးဝင်း**
**ပေါက်တောမြို့နယ်လျှပ်စစ်မှူး**

"အောက်တိုဘာ ၂ ရက်ကစပြီး ပေါက်တောမြို့မှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီ ရပါတယ်။ ပေါက်တောမြို့နယ်ကို လျှပ်စစ်သွယ်တန်းရေး ကြိုးပမ်းရာမှာ အဓိက ရာသီဥတုကြမ်းတမ်းမှုကို ရင်ဆိုင်ရပါတယ်။ မြေပြင်အခြေအနေက မြေပျော့ဖြစ်နေတဲ့အတွက် တိုင်ထူတဲ့အခါ အခက်အခဲရှိပါတယ်။ အရင်တုန်းက ကျွန်တော်တို့ဌာနက တစ်ရက်ကို လေးနာရီပေးတယ်၊ မီးလင်းရေးကော်မတီက ၁ နာရီ ၁၅ မိနစ် ပေးခဲ့တယ်။ အခုတော့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီ ရပြီဆိုတော့ အဆင်ပြေသွားပါပြီ။"

"ပေါက်တောမြို့ပေါ်မှာ လောလောဆယ်ရပ်ကွက် ငါးရပ်ကွက်က အိမ်ခြေ ၉၇၆ အိမ်ကို လျှပ်စစ်မီး ၂၄ နာရီ ပေးထားပါတယ်။ ကျန်တဲ့အိမ်ထောင်စုတွေကိုလည်း လျှပ်စစ်မီးပေးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။"

**ဆရာမ ဒေါ်စောရင်ဦး**
**ပေါက်တော**
**အခြေခံပညာမူလတန်းကျောင်း**

"မဟာဓာတ်အားလိုင်းက အခုလို ၂၄ နာရီ လျှပ်စစ်မီးရတော့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ အဆင်ပြေသွားပါတယ်။ ကျောင်းသား ကျောင်းသူလေးတွေလည်း စာဖတ်ရတာ အဆင်ပြေသွားတာပေါ့။ အရင် လျှပ်စစ်မီးမရခင်တုန်းက ကလေးတွေ အချိန်ပိုင်းနဲ့ စာဖတ်ရတဲ့အတွက် အဆင်မပြေခဲ့ဘူး။ အခုတော့ အကုန်လုံး အဆင်ပြေတဲ့အပြင် အိမ်ရှင်မတွေအနေနဲ့ ချက်ရေးပြုတ်ရေးကအစ အကုန်အဆင်ပြေသွားတာပေါ့။ အခုလို လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။"

**ဦးထွန်းဝေ**
**မြို့မိမြို့ဖ ပေါက်တောမြို့**

"အခုလို မဟာဓာတ်အားလိုင်းက လျှပ်စစ်မီး ၂၄ နာရီရတော့ လူနေမှုဘဝ မြင့်မားလာတာအမှန်ပါ။ အရင်တုန်းက လျှပ်စစ်ကို ဒီဇယ်စက်နဲ့ တစ်နေ့ကို ၃ နာရီကနေ ၄ နာရီ ထိပဲရတော့ ဒေသခံတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့ရပါတယ်။ အခုတော့ မီးသွေးနဲ့ ချက်စားရတဲ့ဘဝက လွတ်သွားတာပေါ့။ ပေါက်တောမြို့ခံတွေလည်း လျှပ်စစ်မီး ၂၄ နာရီရလို့ ဝမ်းသာပီတိတွေဖြစ်ရပါတယ်။"

**ဦးကျော်ဝင်းကြီး**
**သာရေးနာရေးအသင်း အတွင်းရေးမှူး**
**ပေါက်တောမြို့**

"ကျွန်တော်တို့ တစ်မြို့လုံး မဟာဓာတ်အားလိုင်းက မီးမရခင်က မီးစက်ပေးတာဆိုတော့ အချိန်ပိုင်းနဲ့ပဲ မီးရခဲ့ပါတယ်။ အခု မဟာဓာတ်အားလိုင်းက ၂၄ နာရီ လျှပ်စစ်မီးရတော့ ဝမ်းသာပါတယ်။ နောက်ပိုင်း ကျေးရွာတွေထိတောင် မီးရမယ်ဆိုတာသိရလို့ အတိုင်းမသိ ပီတိဖြစ်ရပါတယ်။ လျှပ်စစ်မီးရအောင် ဆောင်ရွက်ခဲ့ကြတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။"

"ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးကဏ္ဍ၊ လုပ်ငန်းရှင်တွေရဲ့ကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ပိုအဆင်ပြေလာတာတွေ့ရတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ဆေးရုံတက်လူနာတွေ အောက်ဆီဂျင်သုံးရမယ်ဆိုရင်လည်း ၂၄ နာရီ လျှပ်စစ်မီးရတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။"

မြေပုံနှင့် ပေါက်တောမြို့မှ ဒေသခံတိုင်းရင်းသားများ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိပြီ ဖြစ်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ၌ လျှပ်စစ်မီးကို အသုံးပြုပြီး ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် ၎င်းတို့၏ စိတ်ကူးအိပ်မက်များဖြင့် ဒေသကို အလှဆင်နိုင်ကြပါစေဟု ဆုတောင်းလျက် -------------။

**တွေ့ဆုံမေးမြန်း- အောင်ကျော်ဦး၊**
**ဟန်လင်းနိုင်၊ ဓာတ်ပုံ-နေသစ်ဦး**

# ထိုင်းနိုင်ငံ မဲဆောက်အခြေစိုက် NOK AIR လေကြောင်းလိုင်းမှ မဲဆောက်-ရန်ကုန်ခရီးစဉ် စတင်ပြေးဆွဲ

**မဲဆောက် အောက်တိုဘာ ၂၉**

မြန်မာ-ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်သည့် ထိုင်းနိုင်ငံ မဲဆောက်မြို့ မဲဆောက်လေယာဉ်ကွင်း၌ NOK AIR လေကြောင်းလိုင်းမှ မဲဆောက်-ရန်ကုန်ခရီးစဉ်အဖြစ် အောက်တိုဘာ ၂၉ ရက်က စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ မဲဆောက်-ရန်ကုန် လေကြောင်းလိုင်း စတင်ပျံသန်းခြင်းဖွင့်လှစ်သည့်အခမ်းအနားကို ထိုင်းနိုင်ငံ မဲဆောက်မြို့ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်းလစ်စင်္ဂနစ်ကက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

"အခုဒီမဲဆောက်-ရန်ကုန် ခရီးစဉ်ကို တစ်ပတ်ကို သုံးကြိမ် ပျံသန်းမှာပါ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ တနင်္ဂနွေပေါ့၊ ဒီမဲဆောက်ကနေဆို ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ မှာ ထွက်မယ်၊ ရန်ကုန်ကနေ မဲဆောက်ကို ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမှာ ပြန်ထွက်မှာပါ၊ အခု ခရီးစစ်ခွဲတဲ့အခါကျတော့ သုံးကြိမ်ပေါ့၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကနေ စတင်ပြီး လေးကြိမ်ပြေးဆွဲမယ်၊ နောက် မတ်လကနေစပြီး ငါးကြိမ်အထိ တိုးချဲ့ပြေးဆွဲသွားမှာ ဖြစ်ပါတယ်၊ ခရီးသည်တစ်ဦးကို ကီလို ၂၀အခမဲ့ ယူဆောင်ခွင့်ရှိပါတယ်"ဟု လေကြောင်းလိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုလို နှစ်နိုင်ငံ လေကြောင်းလိုင်း ပြေးဆွဲနိုင်ခဲ့တဲ့အတွက် ခရီးသွားလာမှု မြန်ဆန်ချောမွေ့ပြီး နှစ်နိုင်ငံခရီးသွားလာမှုတွေ၊ ကုန်စည်စီးဆင်းမှုတွေ တိုးတက်များပြားလာမှာ ဖြစ်ပါတယ်၊ ထို့အတူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတွေ တိုးလာမှာဖြစ်ပါတယ်၊ နယ်စပ်မြို့ဖြစ်တာနဲ့အညီ အခုလိုဆောင်ရွက်နိုင်ခြင်းက နှစ်နိုင်ငံပြည်သူတွေအတွက် အကျိုးရှိမှာဖြစ်ပါတယ်၊ မဲဆောက်-ရန်ကုန်ကို အချိန်အားဖြင့် ၁ နာရီဝန်းကျင်သာ ကြာမြင့်မှာဖြစ်တဲ့အတွက် ကုန်သည်တွေနဲ့ ကုန်စည်စီးဆင်းမှုကတော့ များစွာအကျိုးဖြစ်စေမှာပါ"ဟု ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ နိုင်းကျလိန်းလစ်စင်္ဂနစ်ကက ပြောကြားသည်။

"အန်တီတို့က မဲဆောက်ကပါ၊ ရန်ကုန်ကိုဘုရားဖူးသွားမှာပါ၊ အန်တီတို့အဖွဲ့က အယောက် ၂၀ လောက်ပါပါတယ်၊ အရင်က ရန်ကုန်ကို ကားနဲ့သွားမယ်ဆိုရင် အချိန်ကြာမယ်၊ လူပင်ပန်းမယ်၊ ပြီးတော့ လမ်းတွေကလည်း ကောက်ကွေ့ကွေ့နဲ့ တောင်ပေါ်လမ်းဆိုတော့ စိုးရိမ်တယ်၊ အခုကတော့ အချိန်ခဏလေးပဲ ကုန်မယ်၊ လူလည်းသက်သာတယ်၊ အဲဒါကြောင့် စဖွင့်တဲ့နေ့မှာပဲ သွားဖြစ်တာပါ၊ ရန်ကုန်က ရွှေတိဂုံဘုရားနဲ့ အခြား တန်ခိုးကြီးဘုရားတွေ၊ လည်စရာတွေ သွားလည်မှာပါ"ဟု မဲဆောက်-ရန်ကုန် လေယာဉ်စီးနင်းသူ တစ်ဦးက ပြောသည်။

အဆိုပါ NOK AIR လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဈေးနှုန်းများမှာ သုံးလကြိုတင်လက်မှတ်ဝယ်ယူသူများအား အနည်းဆုံး ၁၂၉၉ ဘတ်သာ ကျသင့်ပြီး အနီးကပ်မှဝယ်ယူပါက အများဆုံး ၄၀၉၉ ဘတ် ကျသင့်မှာဖြစ်သည့်အတွက် လက်မှတ်ကြိုတင်ဝယ်ယူသည့် အချိန်ကာလပေါ်မူတည်၍ အနည်းဆုံး ၁၂၉၉ ဘတ်မှ အများဆုံး ၄၀၉၉ ဘတ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ မဲဆောက်မှ ရန်ကုန်သို့ စတင်ပြေးဆွဲသည့် လေယာဉ်တွင် ခရီးသည် ၈၆ ဦး လိုက်ပါစီးနင်းပြီး ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကလည်း လေ့လာရေးအဖြစ် လိုက်ပါသွားကာ ရန်ကုန်မှ မဲဆောက်သို့ ပြန်လည်ထွက်ခွာရာတွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၊ ကုန်သည်ကြီးများအသင်းနှင့် ကုန်သည်များ ပြန်လည်လိုက်ပါလာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# သဘော်တွေ ကုန်တွေနဲ့ ဒီကိုလာပြီးသွားရင် ဒီအတိုင်းပြန်သွားမှာလား၊ ဒီဘက်က ဘာတွေပြန်သယ်လို့ရမလဲ ဆိုတာ စဉ်းစားရပါမယ်။ ကျွန်တော်မြင်တာကတော့ အုန်းသီးနဲ့ ငှက်ပျောသီးရှိပါတယ်။ ငှက်ပျောသီးဆိုရင် ၂၀၀၈ မတိုင်ခင်က ရန်ကုန်ဈေးကွက်က ရောဝတီတိုင်းဒေသကြီးကို အားကိုးရပါတယ်။ မြန်မာပြည်ရဲ့ အနေအထားအရ အုန်းသီးနဲ့ ငှက်ပျောသီး လိုအပ်ချက်က ပြည်တွင်းမှာတင် အများကြီးရှိပါတယ်

**ဦးကျော်သူ**

## တွေ့ဆုံမေးမြန်း - မော်စီနှင့်အဖွဲ့

**မောင်တောဒေသသို့ ရောက်ရှိလာသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူ၊ မောင်တောဒေသ ကုန်သည်များဥက္ကဋ္ဌ၊ ကုန်သွယ်ရေးဇုန်တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်မြင့်သိန်းတို့အား အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည် -**



ဦးအောင်ကြည်စိုး၊ အတွင်းရေးမှူးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်



ဦးအောင်မြင့်သိန်း(မောင်တောဒေသကုန်သည်များဥက္ကဋ္ဌ၊
ကုန်သွယ်ရေးဇုန်တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီ
အတွင်းရေးမှူး)



ဦးကျော်သူ (အတွင်းရေးမှူး)
မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်
စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

**ဦးအောင်ကြည်စိုး၊ အတွင်းရေးမှူးချုပ်**
**ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

**မေး။ ။ဆရာ အခု မောင်တောကို ရောက်လာတဲ့ခရီးစဉ်နဲ့ ပတ်သက်ပြီး ဦးဆုံး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။မောင်တောဒေသကို ရောက်လာရခြင်းကတော့ စစ်တွေမြို့မှာ ရခိုင်ပြည်နယ် အစိုးရကနေပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြပွဲရှိပါတယ်။ အဲဒီ ရှင်းလင်းတင်ပြပွဲမတိုင်မီ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်ကြမလဲဆိုတာကို ကြိုတင်လာရောက်လေ့လာတာပါ။

နဂိုကတည်းက ကျွန်တော်တို့က မောင်တောနယ်စပ်ကုန်သည်ကြီးအသင်းနဲ့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ကတော့ ကညင်ချောင်းစီးပွားရေးဇုန်ကို အဓိက အကောင်အထည်ဖော်လျက်ရှိပါတယ်။

ကညင်ချောင်းစီးပွားရေးဇုန်ကို အကောင်အထည်ဖော်တဲ့နေရာမှာ UMFCCI က ပံ့ပိုးပေးခြင်း (Facilitate) လုပ်ပြီး UEHRD ရဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် ဦးဆောင်ပြီး လုပ်ငန်းအဖွဲ့(Task Force)တွေ ဖွဲ့ထားပါတယ်။ လုပ်ငန်းအဖွဲ့တွေထဲမှာ အဆောက်အအုံတွေ ပြန်လည်တည်ဆောက်ဖို့၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေလုပ်ဖို့၊ စီးပွားရေးဇုန်တွေ ဖွံ့ဖြိုးဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့၊ အသေးစားငွေကြေးထောက်ပံ့ဖို့၊ အလုပ်အကိုင်ဖန်တီးပေးဖို့၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ စတာတွေကို လုပ်ရမှာဖြစ်ပါတယ်။

မောင်တောဒေသတစ်ခုလုံးအတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်ဖို့ ပစ္စည်းတွေကို ရန်ကုန်ကနေ သယ်ရပါမယ်။ တချို့ဟာတွေကို စစ်တွေကနေ ပို့ကြရမှာပါ။ ပို့တဲ့အချိန်မှာ ဘယ်လိုအနေအထားတွေရှိသလဲဆိုတာ လာရောက်ကြည့်ရှုလေ့လာတာပါ။ မနေ့က ကညင်ချောင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနဲ့ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်တို့လာပြီး ဘယ်လောက်ထိအောင် အဆင်သင့်ဖြစ်နေပြီလဲဆိုတာ လာကြည့်သွားပါတယ်။

**မေး။ ။ကညင်ချောင်းစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး လက်ရှိအခြေအနေအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ဒီကို လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကနေ ပို့မယ့်တန်ချိန်ပေါင်း အနည်းဆုံး ၅၀၀ နဲ့ ၈၀၀ ကြားမှာရှိတဲ့ ကုန်ပစ္စည်းတွေကို ကညင်ချောင်း စီးပွားရေးဇုန်မှာ ချက်ချင်းသဘော်ကပ်ပြီး ချလို့ရတဲ့အနေအထားအထိတောင် ဆောင်ရွက်လို့ရနေပြီဖြစ်ပါတယ်။ ဒါကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ကိစ္စတွေအတွက် အဆင်သင့် ဖြစ်မှုပါ။

ကညင်ချောင်းမှာ ကျွန်တော်တို့ဆီက ပြည်ပပို့ကုန်တွေ ထွက်နေပါတယ်။ ငါးတွေ ထွက်နေပါတယ်။ ဒီငါးတွေက ကားလမ်းနဲ့ပဲ လာကြရပါတယ်။ ရောက်လာတော့လည်း ရောင်းတဲ့ သူက ချက်ချင်းပဲ တစ်ဖက်နိုင်ငံကိုကူးပြီး ရောင်းရပါတယ်။ အဲဒီလိုရောင်းရတဲ့အခါမှာ သူတို့စိတ်ကြိုက် ဝယ်လို့ရတဲ့အတွက် ဝယ်သူဈေးကွက်ဖြစ်နေပါတယ်။ တကယ်လို့ ကညင်ချောင်း စီးပွားရေးဇုန်သာ အကောင်အထည်ဖော်ပြီးသွားရင် ဒီမှာရှိတဲ့ အအေးခန်းတွေမှာထားမယ်။ ဈေးကွက်အနေအထားပေါ်မူတည်ပြီး ကြိုက်မှရောင်းလို့ရတဲ့ အနေအထား၊ ရောင်းသူဈေးကွက်ဖြစ်လာမှာပါ။

**မေး။ ။ကညင်ချောင်းစီးပွားရေးဇုန် အနာဂတ်အခြေအနေနဲ့ ပတ်သက်လို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ သုံးသပ်ပြောကြားပေးပါ။**

ဖြေ။ ။ဒီမှာလည်း မူဆယ်နယ်စပ်မှာ လုပ်သလို ကညင်ချောင်းစီးပွားရေးဇုန် ဖြစ်သွားတာနဲ့ တစ်ပြိုင်နက်တည်း နယ်နိမိတ်သတ်မှတ်ပြီး ပေါင်ခတ်မှာပါ။ ကန့်သတ်ထားတဲ့ဇုန်အတွင်းမှာ ဝယ်မယ့်သူတွေက လာမယ်၊ ကြည့်မယ်၊ ပစ္စည်းကို ဝယ်မယ်၊ ပြီးရင် ပြန်သွားမယ်။ ဒီလို အခွင့်အရေးတွေပဲ မဟုတ်ပါဘူး။ တခြားလုပ်နိုင်တာတွေလည်း အများကြီးရှိပါတယ်။ ဒီဒေသနဲ့ ဆက်စပ်ပြီး အထည်ချုပ်စက်ရုံလုပ်နိုင်မလား။ စီးပွားရေးဇုန်ဖြစ်တဲ့အတွက် ထုတ်လုပ်မှုရော၊ စီးပွားရေးတိုးတက်ဖို့အတွက်ရော စဉ်းစားလုပ်ကိုင်ရမှာပါ။ ရောင်းသူဈေးကွက် ဖြစ်အောင်လုပ်နိုင်တာနဲ့ တစ်ပြိုင်နက်တည်း ကျန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရော ဖွံ့ဖြိုးတိုးတက်လာပါမယ်။ ဒါ့အပြင် ဒီဘက်ကနေ ဘာပြန်ပို့မလဲဆိုတာ စဉ်းစားလုပ်ဆောင်ရပါမယ်။

လက်ရှိဒေသတွင်းမှာ ထုတ်လုပ်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးမှာ ကျွန်တော်တို့ဘက်က အကြံပြုချက်ရှိပါမယ်။ ဒီဟာတွေကို ဦးဆောင်ပြီး အကောင်အထည်ဖော်မယ့်သူတွေလည်း ပါလာပါတယ်။ ဒီဒေသဖွံ့ဖြိုးဖို့အတွက် အခုအချိန်မှာ အင်တိုက်အားတိုက် အကောင်အထည်ဖော်လိုက်မယ်ဆိုရင် လက်ရှိအနေအထားထက် အခွင့်အလမ်းတွေ ပိုပြီးထွက်ပေါ်လာမယ်လို့ ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

**ဦးအောင်မြင့်သိန်း(မောင်တောဒေသကုန်သည်များဥက္ကဋ္ဌ၊**
**ကုန်သွယ်ရေးဇုန်တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီ**
**အတွင်းရေးမှူး)**

**မေး။ ။ကညင်ချောင်း စီးပွားရေးဇုန်ရဲ့ သမိုင်းအကျဉ်းနဲ့ စီးပွားရေးဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။အရင်ကတော့ ကုန်သွယ်ရေးဇုန်ပေါ့။ အခုအခါမှာတော့ စီးပွားရေးဇုန်ပေါ့။ ပထမ စခဲ့တာက ကုန်သွယ်ရေးဇုန်နဲ့ စခဲ့တာပါ။ သူ့အခြေခံဖြစ်ပေါ်လာတဲ့ အကြောင်းတရားတွေကတော့ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘင်္ဂလာဒေ့ရှ်နိုင်ငံဟာ လူဦးရေ သန်း ၁၆၀ ရှိပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် လူဦးရေသန်း ၅၀ ကျော်ရှိပါတယ်။ အဲ့ဒီလို ကျွန်တော်တို့ထက် လူဦးရေသုံးဆလောက်များနေတဲ့နိုင်ငံဖြစ်ပြီးတော့ ဧရိယာအကျယ်အဝန်းကို ပြန်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ရှမ်းပြည်သာသာလောက်ပဲ ရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိုက်ပျိုးမြေနေရာရှားပါးတယ်။ မွေးမြူရေးလုပ်ဖို့မြေနေရာ ရှားပါးတယ်။ အဲဒီအတွက်ကြောင့် သူတို့ဟာ အခြေခံစားကုန်တွေနဲ့ ပတ်သက်ပြီးတော့ အမြဲတမ်းဝယ်လိုအား များနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲဒီဈေးကွက်ကို အစကတည်းက ရည်ရွယ်ချက်ရှိခဲ့တာပါ။ အဲဒီလိုပဲ တစ်ချိန်တည်းမှာ မြန်မာတစ်နိုင်ငံလုံးရဲ့နယ်စပ်အပေါက် ကိုးခုထဲမှာ ပို့ကုန်အသာစီးရထားတာ၊ ပို့ကုန်က ၉၀ ရာခိုင်နှုန်း၊ သွင်းကုန်က ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ ကုန်သွယ်ရေးစခန်းဖြစ်နေတာက ကျွန်တော်တို့ရဲ့ အခြေခံအကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

**မေး။ ။ဒီစီးပွားရေးဇုန်ရဲ့ အားသာချက်၊ ရရှိနေတဲ့ အကျိုးအမြတ်နဲ့ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် ဘယ်လောက်အထိ ထိခိုက်နစ်နာသွားတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။မောင်တောနယ်စပ်ကုန်သွယ်ရေးကို ၁၉၉၁ ခုနှစ်က စပြီးတော့ လုပ်ကိုင်လာတာ ဒီနေ့အချိန်အထိ အမေရိကန်ဒေါ်လာတစ်မျိုးတည်းကိုပဲ အသုံးပြုပြီး လုပ်ကိုင်လာတာဖြစ်ပါတယ်။ ဒါကာငွေ၊ ကျပ်ငွေတွေနဲ့ လုပ်ကိုင်ခဲ့တာ မရှိပါဘူး။ အခွန်ဆိုရင်လည်း ၂ ရာခိုင်နှုန်းနဲ့ မဟုတ်ဘဲ ရန်ကုန်မှာလုပ်နေတဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလိုပဲ လုပ်ကိုင်နေတဲ့အတွက် နိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်။

အဓိကက လူဦးရေပထဝီစီးပွားရေးအရ ကြည့်မယ်ဆိုရင်လည်း လူဦးရေအလွန်များနေတယ်။ နံပါတ်နှစ်ကတော့ ဒေါ်လာတစ်မျိုးတည်းကိုပဲ ကိုင်တွယ်ပြီး လုပ်တာဖြစ်ပါတယ်။ နံပါတ်သုံးကတော့ ပို့ကုန်အသာစီးရတယ်ဆိုတဲ့ အခြေခံအကြောင်းတရားပဲ ဖြစ်ပါတယ်။ ဒီကုန်သွယ်ရေးဇုန် လတ်တလော ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကတော့ ၂၀၁၂ ခုနှစ် ပြဿနာလို့လည်း ပြောလို့ရပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လမတိုင်ခင် နယ်စပ်ကုန်သွယ်ရေးရုံးချုပ်ကနေ သတ်မှတ်ထားတဲ့ လျာထားချက်တွေရှိပါတယ်။

အဲဒီလျာထားချက်တွေကို ၁၀၀ ရာခိုင်နှုန်းလျာထားပြီး ၁၂၀၊ ၁၂၅ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်နိုင်ပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်း မောင်တောဖြစ်စဉ်ဖြစ်ပြီးနောက် ကုန်သွယ်မှုပမာဏဟာ ၆၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားပါတယ်။

**မေး။ ။စီးပွားရေးဇုန်ဖြစ်ပေါ်လာအောင် အချိန်ဘယ်လောက်ယူပြီး ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ကျွန်တော်က နယ်စပ်ကုန်သွယ်ရေးဥက္ကဋ္ဌလည်း ဖြစ်တယ်။ ဒါကို ဘယ်လိုနည်းနဲ့ လုပ်ကြမလဲဆိုပြီး စဉ်းစားတဲ့အခါမှာ ကျသွားတဲ့ ကုန်သွယ်ရေးပမာဏ ပြန်တက်ဖို့အတွက် ဒီကုန်သွယ်ရေးဇုန်ကို ဒီအခြေအနေမှာ လူကြီးတွေကလည်း ဒီဒေသကို အဆင်ပြေအောင်လုပ်ပေးမယ်ဆိုပြီး အဲဒီအချိန်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ကို ကျွန်တော်တို့ကိုယ်တိုင်ပဲ ဒီကိစ္စကို အချက်လေးချက်နဲ့ တင်ပြခဲ့ပါတယ်။

ဒါပေမယ့် နောက်ဆုံး အကောင်အထည်ပေါ်လာတာကတော့ ၂၀၁၅ ခုနှစ် အောက်တိုဘာလလောက်မှာ စပြီးတော့ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို တည်ဆောက်ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ကုန်သွယ်ရေးဇုန် ဖြစ်ပေါ်လာရတဲ့ အခြေခံအကြောင်းရင်းဖြစ်ပါတယ်။

ကညင်ချောင်းကုန်သွယ်ရေးဇုန် လုပ်လိုက်ခြင်းအားဖြင့် အကျိုးကျေးဇူးတွေ ရှိပါတယ်။ နံပါတ်တစ်ကတော့ အခုလုပ်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းက ရေတင်ပြီး ကောနေပါတယ်။ စက်လှေနဲ့ ၁၀ တန်လောက်ပဲ တင်လို့ရပါတယ်။ အခု ကညင်ချောင်းရွေးချယ်ထားတဲ့ နေရာဟာဆိုရင် စက်လှေနဲ့ တန် ၅၀၀၊ ၁၀၀၀ အထိ တင်လို့ရပါတယ်။ အဲဒါဟာ အားသာချက်ဖြစ်ပါတယ်။

ဒုတိယ အားသာချက်ကတော့ ဝယ်သူဈေးကွက်ကနေ ရောင်းသူဈေးကွက်ပါ။ ကျွန်တော်တို့ပစ္စည်းတွေဟာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကနေ ဝင်တယ်။ အဲဒါကို ရောင်းသူဈေးကွက်ဖြစ်ဖို့ ကျွန်တော်တို့ ရောင်းသူဈေးကွက်ကို ပြောင်းလဲလိုက်တာဖြစ်ပါတယ်။

တတိယကတော့ နောက်ဆုံး စားသုံးကုန်အနေနဲ့ မောင်တော-ကညင်ချောင်း ကုန်သွယ်ရေးဇုန်မှာ လာပြီးတော့ဝယ်လို့ရအောင်ပါ။ အဲဒီမှာတော့ ပွဲစားတွေလုပ်ကြတာများတယ်။ ဒါကြောင့်လည်း ဒီလိုကုန်သွယ်ရေးဇုန် လုပ်လိုက်ရင် စစ်တကောင်း၊ ဒါကာမြို့ကြီးတွေက တိုက်ရိုက်လာပြီးဝယ်လို့ရမယ်။ နောက်တစ်ခုကတော့ အခုဖြစ်ပေါ်နေတဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်း အကြမ်းဖက်ဖြစ်စဉ်တွေ ဖြစ်လာတဲ့အတွက် ဒါကိုတစ်နည်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖြစ်စေချင်တယ်။

*စာမျက်နှာ ၉ သို့*

# ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက် ပြိုင်ပွဲဝင်မည့်သူများ ကြိုတင်ပြင်ဆင်



**ရန်ကုန် အောက်တိုဘာ ၂၉**

ရွှေတိဂုံစေတီတော်တွင် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့)ညတိုင်း ကျင်းပမြဲဖြစ်သော (၃၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်-အဖိတ်နေ့ည)တွင် စေတီတော်အောင်မြေရှိ စင်မြင့်ထက်တွင် ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲဝင်ကြမည့် အသင်းများမှာ ဗုဒ္ဓဂုဏ်ရောင်ဆွမ်းတော်ကပ်ဝတ်အသင်း (မြရတနာစင်တော်)၊ စေတနာရှင် ဆွမ်းတော်ကပ်အသင်း (မဟူရာ ရတနာစင်တော်)၊ သီရိသုခဝတ်အသင်း(ပုလဲရတနာစင်တော်)၊ ဓမ္မဂုဏ်ရောင်ဝေယျာဝစ္စအသင်း(ဥဿဖရားရတနာစင်တော်)၊ တနင်္ဂနွေ (ညနေ) သန့်ရှင်းရေးအသင်း (ပတ္တမြားရတနာစင်တော်)၊ အင်္ဂါသမာဓိ သန့်ရှင်းရေးအသင်း (ကျောက်စိမ်းရတနာစင်တော်)၊ မေတ္တာပါရမီဆွမ်းတော်ကပ်နှင့် တံမြက်လှည်းအသင်း (စိန်ရတနာစင်တော်)၊ ရွှေသစ္စာသာသနာပြုအသင်း (နီလာရတနာစင်တော်)၊ တနင်္လာသန့်ရှင်းရေးအသင်း (သန္တာရတနာစင်တော်) တို့မှ ကြိုတင်ပြင်ဆင် ရက်လုပ်နေကြပြီဖြစ်သည်။**(ယာပုံ)**

သင်္ကန်းရက်ပြိုင်ပွဲကို ညနေ ၅ နာရီမှ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ည ၉ နာရီတွင် သင်္ကန်းရက်လုပ်ခြင်းကို ရပ်ဆိုင်း၍ ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများပြုသွားမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ် ရှစ်သိန်းငါးသောင်း၊ တတိယဆုအဖြစ် ငွေကျပ် ခုနစ်သိန်း၊ စတုတ္ထဆုအဖြစ် ငွေကျပ် ငါးသိန်း၊ ကျန်ငါးသင်းကို နှစ်သိမ့်ဆုများအဖြစ် ငွေကျပ် လေးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး ဆုရသူအားလုံးကို ငွေဖလားတစ်လုံးစီနှင့် မှတ်တမ်းလွှာများကိုပါထပ်မံ၍ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

*စာမျက်နှာ ၈ မှ*

ဆင်းရဲတဲ့အခါကျရင် အကြမ်းဖက်သမားတွေက စိမ့်ဝင်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရှိပြီးတော့ အတိုင်းအတာတစ်ခုအထိ အဆင်ပြေနေလို့ရှိရင် အကြမ်းဖက်သမားတွေက အလွယ်တကူနဲ့ စိမ့်ဝင်လို့မရနိုင်ဘူး။ ဒါကြောင့် ဒီဒေသဟာ ဆင်းရဲမွဲတေတဲ့အတွက် အကြမ်းဖက်မှုဖြစ်စေတယ်။ အကြမ်းဖက်သမားတွေ စိမ့်ဝင်လို့လွယ်တယ်။ အကြမ်းဖက်သမားတွေရှိနေလို့လည်း ဆင်းရဲတယ်။ ဒါကြောင့် အခုလိုဒီနယ်မှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖြစ်ပေါ်ဖို့အတွက် ဖန်တီးပေးတာ ဖြစ်ပါတယ်။

**မေး။ ။စီးပွားရေးဇုန် အကောင်အထည်ဖော်ဖို့ ဘဏ္ဍာငွေရှာဖွေခဲ့ပုံနဲ့ သုံးစွဲဆောင်ရွက်ခဲ့မှုတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ပြည်မကလူတွေလည်း ဒီဘက်မှာ စီးပွားရေးတွေလာလုပ်လို့ရအောင်၊ ဒီနေရာမှာ လူဦးရေချိန်ခွင်လျှာလည်း သူ့ဟာနဲ့သူ အဆင်ပြေသွားအောင်ဆိုပြီး ရည်ရွယ်ချက်ငါးခု ပါပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘတ်ဂျက်မှာ အစအဆုံးအကောင်အထည်ဖော်တာကတော့ ပြည်နယ်အစိုးရက သိန်း ၆၀၀၀ ထည့်ပါတယ်။ ပုဂ္ဂလိကက သိန်း ၄၀၀၀ ထည့်ပါတယ်။ အဲဒီသိန်း ၁၀၀၀၀ နဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ အကြမ်းဖက်ဖြစ်စဉ်ကြောင့် အကောင်အထည် မပေါ်ခဲ့ပါဘူး။ ၂၀၁၇-၂၀၁၈ မှာတော့ ပုဂ္ဂလိကကဏ္ဍကနေဆက်ပြီး ပုဂ္ဂလိကက သိန်းပေါင်း ၇၀၀၀၊ အစိုးရအနေနဲ့ သုံးဘတ်ဂျက်အလိုက် သိန်းပေါင်း ၁၅၀၀၀၊ သိန်းပေါင်း ၂၂၀၀၀ နဲ့ ပူးပေါင်း အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အဲဒီလို လုပ်နေတဲ့အချိန်မှာပဲ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကလည်း ဒုတိယသမ္မတ ဦးမြင့်ဆွေနဲ့ UMFCCI မှာ အစည်းအဝေးတက်တဲ့အချိန် ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်ပြီး လုပ်ပါမယ်ဆိုပြီး လွှန်ခဲ့တဲ့လအစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။

အဲဒီလို ကုန်သွယ်ရေးဇုန်အဖြစ်ကနေ စီးပွားရေးဇုန်ဖြစ်ဖို့အတွက် ကြိုးစားနေတဲ့အချိန် တည်ဆောက်ရေးကာလ ပွင့်လင်းရာသီ ရောက်နေတဲ့အချိန်မှာပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ UEHRD အဖွဲ့နဲ့ပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ ဖြစ်လာပါတယ်။ အခု ဒီဘက်ကို တော်တော်များများ လာပြီးလေ့လာကြပါတယ်။ UMFCCI ရဲ့ အတွင်းရေးမှူးချုပ်လာတယ်။ တမူးဘက်က နယ်စပ်ကုန်သွယ်ရေးဇုန် ဥက္ကဋ္ဌလည်း လာတယ်။ သစ်သီးဝလံအသင်း အတွင်းရေးမှူးကလည်း ဒီနေရာမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လိုလုပ်မလဲဆိုတာ လာလေ့လာကြပါတယ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်တို့ အကုန်လုံးလာပြီးတော့ ကြည့်ကြပါတယ်။ အဲဒီအတွက်ကြောင့် အရင်လုပ်ရတာထက် ပိုပြီးအားရှိပါတယ်။ လာရောက်တဲ့အဖွဲ့တွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။

**မေး။ ။ စီးပွားရေးဇုန် ဧရိယာအကျယ်အဝန်းကိုလည်း သိချင်ပါတယ်။**

ဖြေ။ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို စီးပွားရေးဇုန်အဖြစ် ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်တဲ့အခါမှာ ဧရိယာထပ်မံတိုးချဲ့ပါတယ်။ ယခင်ကုန်သွယ်ရေးဇုန်ကတော့ ဧရိယာ ၄၉ ဒသမ ၆ ဧကဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကလည်း လုပ်မယ့်ကုမ္ပဏီကို ဧရိယာချဲ့ပြီး ဆွဲခိုင်းထားပါတယ်။ ဧက ၁၀၀ ထပ်မံတိုးချဲ့ပါတယ်။

**မေး။ တင်ပို့တဲ့ ပို့ကုန်အမျိုးအစားတွေကို သိပါရစေ။**

ဖြေ။ ပို့ကုန် ၉၀ ရာခိုင်နှုန်းထဲမှာ အမယ်အများဆုံးကတော့ ရေထွက်ပစ္စည်းဖြစ်ပါတယ်။ ရေထွက်ပစ္စည်းကို အစိုရော၊ အခြောက်ရောပို့ပါတယ်။ အစိုမှာဆိုရင် ရေငန်ပုစွန်ရော၊ ရေချိုပုစွန်ရောဖြစ်ပါတယ်။ မွေးမြူရေးငါးသားလောက်ကိုလည်း ရန်ကုန်ကနေ တိုက်ရိုက်ပို့တာပါ။ ဒီဘက်ကတော့ ငါးနီတူခြောက်က ပုံမှန်သွားနေတဲ့ ပို့ကုန်ပါ။ ဒုတိယအနေနဲ့ကတော့ ဆန်ဖြစ်ပြီး ရာသီအလိုက် လေးငါးလလောက်ပို့ပါတယ်။ ပြီးရင် နှစ်လလောက်ရပ်ပါတယ်။ တတိယအနေနဲ့ကတော့ ချင်းစိမ်းတို့ မီးဖိုချောင်သုံးပစ္စည်းတွေပဲ ဖြစ်ပါတယ်။

**မေး။ ။ဒီဒေသရဲ့အလုပ်အကိုင် အခွင့်အလမ်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုပ်ကိုင်နိုင်ဖို့ အခြေအနေဘယ်လိုရှိသလဲဆိုတာ အကျဉ်းချုပ်လေး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။မောင်တောဒေသတစ်ခုတည်းမှာပဲ ပုစွန်မွေးမြူရေးဧက ၁၅၀၀၀ ကျော်ရှိပါတယ်။ သမားရိုးကျနည်းနဲ့ သိပ္ပံနည်းကျမွေးမြူနိုင်ပါတယ်။ တစ်ဧကကို ကီလို ၃၀ နဲ့တွက်ပါ။ ဧက ၁၅၀၀၀ ဆိုရင် ကီလိုပေါင်း ၄၅၀၀၀၀ စုစုပေါင်း တန်ချိန် ၄၅၀ ပါ။ အဲဒါဟာ အနည်းဆုံးနဲ့တွက်ထားတာပါ။ ပုစွန်က ပြည်မကလည်း လာစရာမလိုဘူး။ ရခိုင်ပြည်နယ်တောင်ပိုင်းကလည်း လာစရာမလိုဘူး။ ရခိုင်ပြည်နယ်မြောက်ပိုင်းကပဲ ဒီဘက်ကိုလာတာပါ။ ဆိုလိုတာက ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော် အဲဒီဘက်က လာရင် ပုစွန်တန်ချိန် ၉၀၀ အထိ ဖြစ်သွားနိုင်တယ်။

ကျွန်တော်တို့ ပို့နေရတဲ့ပစ္စည်းဟာ ကုန်ကြမ်းအနေနဲ့ပါ။ အိတ်နဲ့ထည့်တယ် ဒီအတိုင်းပို့လိုက်တယ်။ အဲဒါကို ဘင်္ဂလားဒေ့ရှ်အစိုးရကနေပြီးတော့ စင်ကာပူကို တစ်ဆင့်ပို့တယ်။ သူတို့မဝယ်တဲ့အခါ အရည်အသွေးကျတာကို မခံနိုင်တဲ့အတွက် ဖြစ်သလို ထုတ်ရောင်းရတာမျိုးမဖြစ်ရအောင် ဒီနေရာမှာ အအေးခန်းစက်ရုံတစ်ခု မဖြစ်မနေလုပ်ရတော့မယ်။

ဒုတိယက ဒီနေရာကနေသွားရင် ဘင်္ဂလားဒေ့ရှ်ကို တစ်နာရီပါ။ ဟိုကနေ ကားစီးရင် စစ်တကောင်းကို သုံးနာရီ၊ ဒါကာကိုဆိုရင် ခုနစ်နာရီလောက်ကြာမယ်။

စစ်တကောင်းကိုပဲ ပြောပါမယ်။ စစ်တကောင်းဆိုရင် ဒုတိယအထည်ချုပ်စက်ရုံ အများဆုံးရှိတဲ့နေရာပါ။ ဒီနေရာမှာ ဖြစ်စဉ်တွေမဖြစ်ခင် မြန်မာတစ်နိုင်ငံလုံးမှာ အမျိုးသမီးအလုပ်လက်မဲ့ဦးရေ အများဆုံးမြို့ဖြစ်ပါတယ်။ အဲဒီ အမျိုးသမီးတွေကို အထည်ချုပ်လုပ်ငန်းတစ်ခု ဒီနေရာမှာ လုပ်ကိုင်ခွင့်ပေးမယ်ဆိုရင် လုပ်သားလည်း ပေါပေါများများရမယ်။ အမျိုးသမီးတွေလည်း အလုပ်လုပ်နိုင်တဲ့အတွက်လည်း ဒီနေရာဟာ သင်တန်းတွေပေးလို့ရတယ်။

Family plan အနေနဲ့လည်း ပြောပြလို့ရမယ်။ ကျွန်တော်တို့ဒေသမှာ လူဦးရေကိုလည်း ထိန်းချုပ်နိုင်မယ်။ အဲဒီအခွင့်အလမ်းတွေရရှိမယ်။ အဲဒီအထည်ချုပ်ကို ဒီနေရာကနေလုပ်ပြီးမှ ပို့မယ်ဆိုရင် ဒီကနေ စက်လှေပေါ်တင်ပြီးတော့ ဘင်္ဂလားဒေ့ရှ်ကို ခြောက်နာရီဆိုရင် သင်္ဘောဆိပ်ကို ရောက်နိုင်ပါတယ်။ အဲဒီအထည်ချုပ်စက်ရုံကို ထောင်ပြီးတော့ အအေးခန်းစက်ရုံကတော့ အဓိကပေါ့။ လုပ်ငန်းရှင်တွေလည်း လာကြတယ်။ သူတို့လေ့လာကြပြီးတော့ ဘာတွေလုပ်ကိုင်ကြမလဲဆိုတာလည်း တစ်ချက်ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေကတော့ လာပြီးလေ့လာကြဆဲပဲဖြစ်ပါတယ်။

**ဦးကျော်သူ (အတွင်းရေးမှူး)**
**မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

မောင်တောမြို့နယ် ကညင်ချောင်းစီးပွားရေးဇုန်ကို လေ့လာဖြစ်ပါတယ်။ လေ့လာတဲ့အခါ ရခိုင်ပြည်နယ်အတွက် သစ်သီးဝလံ၊ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက်ကဏ္ဍနဲ့ ပတ်သက်လို့ စဉ်းစားထားတဲ့၊ လုပ်ကိုင်လို့ရမယ့်ဟာကို အကြံပြုတင်ပြချင်ပါတယ်။ ပထမဆုံးအနေနဲ့ ချင်းကိုတွေ့ပါတယ်။ မြန်မာနိုင်ငံမှာ ချင်းက တစ်နှစ်ကို ပိဿာချိန် ၁၀ သိန်းကနေ သိန်း ၂၀ ကြားထွက်နေပါတယ်။ ထွက်တဲ့ထဲကမှ အများဆုံး ၈၀ ရာခိုင်နှုန်းက ဘင်္ဂလားဒေ့ရှ်ကိုသွားပါတယ်။

ချင်းကိုအများဆုံး စိုက်ပျိုးနေတာက ရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုက်ပါတယ်။ အဲဒီချင်းတွေက ရန်ကုန်ကနေ စင်ကာပူကို သင်္ဘောနဲ့သွား၊ စင်ကာပူကတစ်ဆင့် စစ်တကောင်းဘက်ကိုသွားနေတဲ့ လမ်းကြောင်းရှိသလို၊ သီပေါဘက်ကမှ စစ်တွေကိုလာပြီး ဒီဘက်ကို ပြန်လာတာလည်း ရှိပါတယ်။ ကုန်းလမ်းကနေလာပြီး မောင်တောဘက်ကနေ ထွက်နေတာလည်းရှိပါတယ်။

ဒါကြောင့် ၈၀ ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်ကို သွားတာဖြစ်တဲ့အတွက် အကယ်၍ ဒီဒေသမှာစိုက်ပြီး တစ်ဖက်နိုင်ငံကို ကပ်ပို့နိုင်မယ်ဆိုရင် ဒီဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်း အများကြီးရမယ်။ သယ်ယူပို့ဆောင်ရေးစရိတ်တွေ အများကြီး သက်သာသွားရင် ရရှိတဲ့အမြတ်ငွေလည်း ပိုပြီးရရှိလိမ့်မယ်လို့ မြင်ပါတယ်။

ချင်းဆိုတာ သက်တမ်းအားဖြင့် ရှစ်လပဲရှိပါတယ် ။ ဒီနှစ်စိုက်ပြီး ဒီနှစ်ထဲမှာပဲ ပြန်ရောင်းလို့ရတဲ့ အနေအထားရှိပါတယ်။ ဒါ့အပြင် ချင်းက တန်ဖိုးမြင့်ထုတ်ကုန်တွေလည်း ထုတ်လုပ်လို့ရပါတယ်။ ကညင်ချောင်း စီးပွားရေးဇုန်မှာ ချင်းကို တန်ဖိုးမြင့် ထုတ်ကုန်တွေလုပ်နိုင်မယ်ဆိုရင် ကုန်ကြမ်းအတိုင်း ရောင်းနေတာထက် အများကြီး ပိုပြီး ဈေးကောင်းရနိုင်ပါတယ်။ နောက်တစ်ခုက လက်ရှိ ကညင်ချောင်းစီးပွားရေးဇုန်မှာ သင်္ဘောတွေကပ်ပြီး ကုန်တင်ကုန်ချလုပ်နိုင်နေပြီဖြစ်တဲ့အတွက် လက်ရှိအသုံးပြုလို့ရနေတဲ့ အနေအထားရှိပြီ။ မကြာခင်မှာလည်း ရန်ကုန်က ဆောက်လုပ်ရေးပစ္စည်းတွေ တင်ဆောင်လာတဲ့ သင်္ဘောတွေလာတော့မှာဖြစ်သလို ရေရှည်မှာလည်း ကုန်သွယ်ရေးလုပ်မယ့် သင်္ဘောတွေ ဒီဆိပ်ကမ်းမှာလာကပ်ကြတော့မှာဖြစ်ပါတယ်။

အဲဒီအခါကျရင် သင်္ဘောတွေ ကုန်တွေနဲ့ ဒီကိုလာပြီးသွားရင် ဒီအတိုင်းပြန်သွားမှာလား၊ ဒီဘက်က ဘာတွေပြန်သယ်လို့ရမလဲဆိုတာ စဉ်းစားရပါမယ်။ ကျွန်တော်မြင်တာကတော့ အုန်းသီးနဲ့ ငှက်ပျောသီးရှိပါတယ်။ ငှက်ပျောသီးဆိုရင် ၂၀၀၈ မတိုင်ခင်က ရန်ကုန်ဈေးကွက်က ဧရာဝတီတိုင်းဒေသကြီးကို အားကိုးရပါတယ်။ မြန်မာပြည်ရဲ့ အနေအထားအရ အုန်းသီးနဲ့ ငှက်ပျောသီး လိုအပ်ချက်က ပြည်တွင်းမှာတင် အများကြီး ရှိပါတယ်။

ရန်ကုန်မှာ ဈေးကွက်ကြီးရှိတယ်။ အဲဒီဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးက အဓိကပံ့ပိုးပါတယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီးမှာ ဧရာဝတီတိုင်းဒေသကြီးက သိပ်မထွက်တော့တဲ့အတွက် ကျောက်ဆည်တို့၊ စစ်ကိုင်းတို့ဘက်က ဈေးကွက်ကို တင်သွင်းနေတာရှိပါတယ်။

ဒီဒေသမှာလည်း အုန်းပင်တွေအများကြီးရှိတဲ့အတွက် အုန်းသီးပို့နိုင်မယ်။ ငှက်ပျောဆိုလည်း ဒီဒေသက နဂိုကတည်းက နာမည်ရှိပြီးသားဖြစ်တဲ့အတွက် ဒီလာတဲ့ သင်္ဘောတွေကိုသာ အပြန်ကုန်အနေနဲ့ ဒီကုန်တွေကို ပြန်ထည့်ပေးလိုက်နိုင်မယ်ဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့ အလုပ်ပါ။ ဒါပြည်တွင်းဈေးကွက်အတွက် အထွေအထူး လုပ်စရာမလိုဘဲ ဈေးကောင်းကောင်းရနိုင်မှာပါ။

ငှက်ပျောဆိုရင်လည်း စိုက်မယ်ဆို ရာသီတိုတယ်။ တစ်နှစ်အတွင်းမှာထွက်မယ်။ တစ်ဧကေ အပင် ၄၀၀ လောက်ဆံ့ပါတယ်။ တစ်ဧကေ ခြောက်သိန်းရင်းရင် ခြောက်သိန်းလောက်မြတ်တယ်။ အရင်းထည့်လိုက်ရင် ၁၂ သိန်းလောက် ရတာဆိုရင်တော့ ရေတိုအတွင်းမှာ အဆင်ပြေနိုင်တဲ့ အနေအထားပါ။ တခြားသီးနှံတွေလည်း လုပ်လို့ရတာတွေ အများကြီးရှိတယ်။

အာလူးလိုဟာမျိုးပေါ့။ ဒေသအလိုက် ရှိနေတဲ့ဟာမျိုးပေါ့။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်မှာပဲရှိတဲ့ အာလူးအမည်းသီးက ဟိုဘက်က အာလူးမျိုးတွေလို မဟုတ်ဘူး။ ချင်းပြည်နယ်မှာ လုပ်တာဆိုရင် ရိုးရိုးတရုတ်ကဝင်တဲ့ အာလူးက ဒီဒေသမှာ တစ်ပိဿာ ငွေကျပ် ၄၀၀၊ ၅၀၀ ရတဲ့အချိန်မှာ အာလူးအမည်းတွေက တစ်ပိဿာငွေကျပ် ၁၀၀၀ ရတယ်။ အဲဒါကို ရန်ကုန်ပို့လိုက်ရင်ငွေကျပ် ၁၅၀၀ နဲ့ ၁၈၀၀ ကြားမှာရတယ်။ ပို့သလောက် အကုန်ကုန်တယ်။ ဒီမှာလည်း အဲဒီလိုအမျိုးအစားတူ အာလူးရှိတယ်။ ကျွန်တော်တို့က ပို့နိုင်တယ်ဆိုရင် ဈေးအများကြီးရနိုင်တယ်။ အဲဒါက ပြည်တွင်းမှာ ရေတိုသွားတဲ့ဟာပါ။ ရေတိုအတွင်းမှာ ဒီလိုလုပ်လို့ရသလို ရေရှည်မှာလည်း သီးနှံတွေ စိုက်လို့ရတယ်။ ရေတိုနဲ့ ရက်ပိုင်းအတွင်းမှာ ပိုက်ဆံရတာရှိတယ်။

နှစ်လတ်နှစ်ရှည်သီးနှံဖြစ်တဲ့ ကျွဲကောဆိုရင်လည်း ဖြစ်ထွန်းတဲ့ အနေအထားရှိတယ်။ ဈေးကွက်လည်းရှိတယ်။ ရေတိုသီးနှံကို စိုက်ပြီးတော့မှ ရေရှည်အတွက်ကို သွားတာမျိုးလုပ်မယ်။ အုန်းသီးမှာဆိုရင်လည်း အဲဒီလိုပဲ။ စီးပွားရေးဇုန်မှာ တန်ဖိုးမြှင့်ကုန်စည်အဖြစ် တင်ပို့လို့ရမယ်။ ကျွန်တော်တို့ဆီမှာ နည်းပညာလည်း ရှိပြီးသားဖြစ်တယ်။ အုန်းသီးအစုအဖွဲ့က ရန်ကုန်မှာ စက်ရုံလည်း ထောင်ထားပြီးပြီ။ ကျွန်တော်တို့ဘက်ကနေပြီး နည်းပညာတွေ အကူအညီလည်းပေးနိုင်မယ်၊ လုပ်နိုင်မယ်ဆိုရင် ကညင်ချောင်းစီးပွားရေးဇုန်ကလည်း အချိန်တိုအတွင်းမှာ ခဏချင်းအောင်မြင်သွားပြီးတော့ တစ်ဖက်ကိုလည်း ဈေးကွက်အရ အသာစီးရထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ပို့ကုန်ကများနေတဲ့အခါ ဒီထက်ပိုပို့နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ ။ စိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ကိုင်နိုင်မယ့် အခြေအနေကို ဘယ်လိုလေ့လာတွေ့ရှိပါသေးသလဲ။**

ဖြေ။ ။ စိုက်ပျိုးရေးမှာကတော့ သယံဇာတကို ထုတ်တဲ့လုပ်ငန်းမဟုတ်တဲ့အတွက် အကြိမ်ကြိမ် အဖန်ဖန် အခါခါ အများကြီးလုပ်လို့ရတယ်။ သဘာဝပတ်ဝန်းကျင်လည်း မပျက် စီးတဲ့ လုပ်ငန်းဖြစ်တယ်။ အဲဒီမှာ ရာသီသီးနှံရှိတယ်။ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ရှိတယ်။ ချင်းတို့ ငှက်ပျောတို့အတွက် ရာသီ လည်းဖြစ်သလို ချက်ချင်းထွက်နိုင်တဲ့ သီးနှံဖြစ်တဲ့အတွက် ချက်ချင်းလက်ငင်း ဝင်ငွေရသွားတဲ့သီးနှံဖြစ်တယ်။

ဈေးကွက်မှာ ထူးခြားစွာ ဘင်္ဂလားဒေ့ရှ်က ၈၀ ရာခိုင်နှုန်း ဝယ်နေတဲ့ ချင်းလိုအရာမျိုးဆိုရင် ဒီဒေသအနေနဲ့ မဖြစ်မနေ စိုက်ကိုစိုက်သင့်တယ်။ ရှစ်လအတွင်းမှာလည်း ပြန်ပြီးတော့ ငွေပေါ်တာဖြစ်တဲ့အတွက် အဝေးကြီးရှမ်းပြည်နယ်က သယ်နေမယ့်အစား အဲဒါမျိုးကိုပဲ ဒီဒေသမှာ စိုက်လိုက်ပြီး ဒီနားလေးတင်ကပ်ပို့လိုက်မယ်ဆိုရင် ဒေသခံတွေအနေနဲ့ အလုပ်အကိုင်လည်း အများကြီးရသလို ဝင်ငွေအခွင့်အလမ်းလည်း အများကြီးရလာမှာဖြစ်ပါတယ်။ အဲဒီလိုဟာမျိုးတွေ လုပ်စေချင်ပါတယ်။

နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်သီးနှံတွေကိုလည်း စိုက်ပျိုးစေချင်ပါတယ်။ အဲဒါဆိုရင် စိုက်ပျိုးရေးက တစ်သက်လုံးလုပ်စားလို့ရတဲ့ အနေအထားမျိုးရှိပြီးတော့ ဒီဒေသရဲ့အားသာချက်ဖြစ်တဲ့ ဘေးမှာရှိနေတဲ့ ပို့နိုင်တဲ့ အနီးဆုံးနိုင်ငံလည်း ရှိနေပြီးတော့ ပြည်တွင်းကိုလည်း ပြန်ရောင်းနိုင်တဲ့ အခွင့်အလမ်းက ရှိနေတယ်။ ဟိုတုန်းက မောင်တောအတွက် အလွန်ခက်ပေမယ့် ဒီရောက်မှ သိလိုက်တာက ရန်ကုန်ကနေ တိုက်ရိုက်သင်္ဘောနဲ့ ကညင်ချောင်းမှာကပ်လို့ရနေပြီဆိုတော့ လွယ်ကူတဲ့ အနေအထားဖြစ်နေပါတယ်။ အဲဒီအတွက် ဒီအခွင့်အရေးကို အသုံးချပါလို့ပဲ တင်ပြလိုပါတယ်။

ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# UEHRD စီမံကိန်း၏လုပ်ငန်းတစ်ရပ်ဖြစ်သော ဒေသဖွံ့ဖြိုးရေးကို ရခိုင်ပြည်နယ်အစိုးရနှင့်အတူ ဆက်လက်ဆောင်ရွက်လျက်ရှိ

**စစ်တွေ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း UEHRD လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်ပြီး အားလုံးပါဝင်သော အင်အားတစ်ရပ်ဖြင့် အကောင်အထည်ဖော်နိုင်ရေးကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ဆက်လက်၍ UEHRD ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်တွင်းရှိသော အင်အားကိုအဓိကထားပြီး မူလအခြေအနေများထက် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ကို ပြန်လည်ပြင်ဆင် ဆောင်ရွက်နေကြကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်နေကြောင်းဖြင့် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ပြည်နယ်အစိုးရရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပသော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် UEHRD စီမံကိန်းအတွက် ရန်ပုံငွေလက်ခံရရှိမှုနှင့် ပါဝင်လှူဒါန်းနိုင်မှုအခြေအနေများကို မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ သတင်းနှင့် ဆက်သွယ်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ်၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်း အဖွဲ့ကိုးဖွဲ့၏ ပေါင်းစပ်မှုဖြင့် UEHRD စီမံချက်ကို ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များမှ အမှန်အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို အကောင်အထည်ဖော်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များတွင် လူငယ်များပါဝင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမည့်အစီအမံ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အလှူငွေ၊ ပစ္စည်းလက်ခံရရှိသုံးစွဲမှု အခြေအနေများနှင့် UEHRD နှင့် ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များကလည်း UEHRD စီမံကိန်းနှင့်ပတ်သက်ပြီး ရှေ့ဆက်ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ယခုလက်ရှိဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်ပြီး UEHRD စီမံကိန်းတွင်ပါဝင်သည့် စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အစိုးရတို့ ပူးပေါင်းပါဝင်မည့် လူသားချင်းစာနာထောက်ထားသောအထောက်အပံ့ပေးမှု စနစ်တစ်ရပ် ဖော်ထုတ်ဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါခရီးစဉ် အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ရန်ကုန်မြို့တွင် သုံးရက်တာ သင်တန်းပို့ချမည်ဖြစ်ပြီး ဗဟိုညှိနှိုင်းရေးအဖွဲ့၊ ပြည်နယ်ညှိနှိုင်းရေးအဖွဲ့နှင့် စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ထို့ပြင် ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် မောင်တောမြို့နယ် မြို့သူကြီးရွာအနီးရှိ လယ်ယာမြေများတွင် ရင့်မှည့်လာသောစပါးများကို နိုင်ငံတော်က ထောက်ပံ့ထားသော ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စနစ်တကျ ရိတ်သိမ်းနေမှုကို လေ့လာကြည့်ရှုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြံပြုချက်များဖော်ဆောင်ရာတွင် ပြည်သူများအကျိုးရှိပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်လုပ်ငန်းကို ဦးစားပေးဆောင်ရွက်မည်

စစ်တွေ အောက်တိုဘာ ၂၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးသည် UEHRD စီမံကိန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးအစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ လူငယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကUEHRD ၏ အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် ရခိုင်ပြည်သူပြည်သားများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ပြည်သူများ အမှန်တကယ် အကျိုးရှိပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီမှုရှိသော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသူများတွင် လူငယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာကော်မတီဝင်များစသည့် ကဏ္ဍပေါင်းစုံမှ ပြည်သူများပါဝင်ကြသဖြင့် UEHRD ၏ ရည်ရွယ်ချက်အတိုင်း တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများကလည်း UEHRD နှင့် ပတ်သက်၍ မရှင်းလင်းသည့် အချက်များ၊ အကောင်အထည်ဖော်ရာတွင် သတိပြုဆောင်ရွက်သင့်သည့် အချက်များ၊ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် လုံခြုံစိတ်ချရမှုအတွက် အထူးအလေးပြု ဆောင်ရွက်သင့်ပါကြောင်းဖြင့် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အနေဖြင့် ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ရခိုင်ဒေသကို တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယနေ့ ပြည်သူများ၏ တင်ပြချက်များကို အလေးထားဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ လူမှုအဖွဲ့အစည်း ၁၅ ဖွဲ့မှ ပြည်သူများနှင့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များ၏ (၂/၂၀၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား အရပ်ဝတ်စုံများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်းက ယနေ့သွေးလှူဒါန်းခြင်းသည် ကျန်းမာရေးအရသွေးလိုအပ်သူကို မိမိသွေးဖြင့် အသက်ဆက်နိုင်အောင် ကူညီပေးသည့်အတွက် အလွန်မွန်မြတ်သည့် အလှူဖြစ်ကြောင်း၊ ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆက်လက်၍ အဏုဇီဝဆရာဝန်ကြီး ဒေါက်တာပန်းအိစိုးက သွေးအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေက အရပ်ဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ရာ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များက လက်ခံရယူသည်။ ယင်းနောက် ဆေးရုံးအုပ်ကြီး ဒေါက်တာဦးရွှေသိန်းက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၄ ဦး ၊ အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ၄၅ ဦး၊ ရခိုင်ပြည် ရဲတပ်ဖွဲ့မှ ၃၅ ဦးတို့က စုပေါင်း၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေ ၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး ၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှူး ရဲမှူးကြီး ဉာဏ်မြင့်ကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေသိန်း၊ စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနောင် ၊ အဏုဇီဝဆရာဝန်ကြီး ဒေါက်တာပန်းအိစိုးနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများပေးအပ်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





# မောင်တော၌ နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်းမီးလောင်

**မောင်တော အောက်တိုဘာ ၂၉**

မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း ယမန်နေ့ ညပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ည ၉ နာရီခွဲက မောင်တောမြို့ မြို့မမြောက်ရပ်ကွက် မြို့ဦးရွာမှ လူနေထိုင်ခြင်းမရှိသော နေအိမ်လေးလုံးနှင့် ဆိုင်ခန်းတစ်ခန်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ခနိမိုး၊ ဝါးထရံကာ မြေစိုက်နေအိမ်လေးလုံးနှင့် ဈေးဆိုင်ခန်းတစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ မောင်တောမြို့နယ်ရဲစခန်းက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

❀ *ကျောဖုံးမှ*

ကေ ၇၂၀ ပါ။ အဲဒါကို ကျွန်တော်တို့စက် ခြောက်စီးအားနဲ့ နှစ်ရက်အတွင်း ပြီးအောင် ရိတ်သိမ်းသွားမှာပါ''ဟု ဦးခင်ဇော်အုန်းက ပြောသည်။

''ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရဲ့ ညွှန်ကြားချက်အရ မောင်တောမြို့နယ်မှာရှိတဲ့ ဒီလုပ်သားရှားပါးမှုကြောင့် ရိတ်သိမ်းချိန်လွန် စပါးတွေကို လေလွင့်ပျက်စီးဆုံးရှုံးမှု မရှိစေရအောင်အတွက် ကျွန်တော်တို့ နေပြည်တော်ကနေပြီးတော့ ဝန်ထမ်းအင်အား ၄၂ ဦးနဲ့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်ကတော့ ဒီမောင်တောမြို့နယ်အဖွဲ့ရဲ့ တာဝန်ခံပါ၊ ပြီးတော့ ဒီမောင်တောမြို့နယ်မှာ ရှေ့တန်း စခန်းငါးခု ခွဲပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကတော့ မောရဝတီ ရှေ့တန်းစခန်းရဲ့တာဝန်ပါ'' ဟု ဆက်လက်ပြောသည်။

မောရဝတီရှေ့တန်းစခန်းမှ စက်မှုလယ်ယာဝန်ထမ်းများသည် ဆက်လက်၍ ဥဒေါင်းအုပ်စု၊ အုန်းတောအုပ်စုနှင့် အလယ် သံကျော်ကျေးရွာအုပ်စုများရှိ ရင့်မှည့် မိုးစပါးများကို ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီး ခြောက်စီးဖြင့် ဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်သည်။ မောရဝတီရှေ့တန်းစခန်းဧရိယာတွင် ကျေးရွာအုပ်စု ငါးအုပ်စုရှိပြီး လယ်ဧကတစ်သောင်းကျော်ကို အပြီး ရိတ်သိမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - အောင်ကျော်ဦး၊ ဟန်လင်းနိုင်**

# မြောက်ဦးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး ဆပ်ကော်မတီများညှိနှိုင်းစည်းဝေး

**မြောက်ဦး အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက် ပြတိုက်ခန်းမ၌ မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် UNESCO သို့ စာရင်းဝင်နိုင်ရေးနှင့် ပတ်သက်၍ ဆပ်ကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် (နေပြည်တော်)မှ ယခုကဲ့သို့ မြောက်ဦးမြို့အား ကမ္ဘာ့အမွေအနှစ် UNESCO သို့ ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံရပ်ခြားမှ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များပူးပေါင်း၍ ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်နေကြခြင်းမှာ နိုင်ငံတော်၏ စီမံချက်ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးမှာ အဓိကဖြစ်ကြောင်း၊ မြောက်ဦးမြို့၏ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းအချက်အလက်များအား ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့အမွေအနှစ် UNESCO ရုံးချုပ်သို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလနောက်ဆုံးထား၍ စာမူကြမ်းကို တင်သွင်းရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ Ms. Shikha Jain က မိမိတို့အနေဖြင့် မြောက်ဦးမြို့အား ကမ္ဘာ့အမွေအနှစ် UNESCO သို့ ဝင်ရောက်နိုင်ရေးနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်ရာတွင် မြောက်ဦးမြို့သည် ရှေးခေတ်ဘုရင်များ ထီးနန်းစိုက်ခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်နှင့်အညီ ခံတပ်ကို အဓိကထား တည်ဆောက်ထားခြင်း၊ ရေတံခါးများဖြင့်ပြုလုပ်ထားပြီး ဝင်ရောက်လာသော ရန်သူအား ရေကို အသုံးချကာ တိုက်ခိုက်မှုရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ သမိုင်းအချက်အလက်များနှင့် ကိုက်ညီမှုရှိအောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောသည်။

ထို့နောက် နီပေါနိုင်ငံသား Mr. Kai Waise က မြောက်ဦးမြို့အား UNESCO သို့ ဝင်ရောက်နိုင်ရေးနှင့် ပတ်သက်၍ ရှေးဟောင်းသမိုင်းဝင်ဘုရားများကို လေ့လာရာတွင် သျှစ်သောင်းပုထိုးတော်ကြီးမှာ လက်ရာပြောင်မြောက်လှပြီး သက်ဝင်လျက်ရှိနေသည်ကိုတွေ့မြင်ရပြီး သမိုင်းအချက်အလက်ပြုစုသူများအနေဖြင့် သမိုင်းဝင်ဘုရားများနှင့်ပတ်သက်၍ ပြုစုရာတွင် အနည်းငယ် လိုအပ်မှုရှိနေသည်ကို တွေ့ရှိရသဖြင့် စေ့စပ်သေချာစွာ ပြုစုရန် လိုအပ်ကြောင်းတို့ကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ပညာရှင်က ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့အမွေအနှစ် UNESCO ရုံးချုပ်သို့ အချိန်မီစာရင်းတင်သွင်းနိုင်ရေးအတွက် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(ခရိုင် ပြန်/ဆက်)**

# မောင်တောမြို့ရှိ ဈေးများအားလုံးကို စည်ပင်သာယာအဖွဲ့ပိုင် ဈေးများအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲဖွင့်လှစ်သွားမည်

**မောင်တော အောက်တိုဘာ ၂၉**

မောင်တောဒေသတွင် ဩဂုတ်လ ၂၅ ရက်က အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ဈေးများကို လုံခြုံရေး အခြေအနေအရ ခေတ္တပိတ်ထားခဲ့ရပြီး ယခုအခါ ပြန်လည်တည်ငြိမ်လာပြီဖြစ်၍ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း မောင်တောမြို့နယ်စည်ပင်ယာရေးကော်မတီမှ သိရသည်။

မောင်တောမြို့တွင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ရှိသည့် မောင်တော ၄ မိုင်ဈေးနှင့် ကညင်တန်းပျံကျဈေးတို့မှာ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိသည့် မောင်တောမြို့မဈေးကိုလည်း မကြာမီ ပုံမှန်ဖွင့်လှစ်တော့မည် ဖြစ်သည်။

''ဟိုတုန်းကတော့ ကိုယ်ပိုင်ဈေးတွေရှိတာပေါ့၊ အကြမ်းဖက်ဖြစ်စဉ် မဖြစ်ခင် ရခိုင်ပြည်နယ်အစိုးရက ခွင့်မပြုတော့ဘူးလို့ စာထုတ်ထားတာရှိတယ်။ အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပြီးတော့ ဈေးတွေအကုန်လုံး ပါသွားတာပေါ့၊ ဒါပေမယ့် ဒီဈေးတွေကို ရွာသစ်တွေ တည်လာရင်တော့ ဒေသရဲ့လိုအပ်ချက်အရ ပြန်ပြီးတော့ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးရမယ်။ မြို့ပေါ်မှာက ဒါက ပုဂ္ဂလိကပိုင် ဆိုင်တွေပေါ့၊ ဒီဆိုင်တွေကတော့ ဖွင့်တဲ့ဆိုင်တွေရှိသလို မဖွင့်သေးတဲ့ ဆိုင်တွေလည်းရှိတယ်၊ မြို့မဈေးအနေနဲ့တော့ လောလောဆယ် ဖွင့်ခွင့်မပေးသေးဘူး၊ မြို့သန့်ရှင်းသာယာရေး ဦးစားပေးလုပ်နေပါတယ်။ စည်ပင်သာယာရေးကော်မတီနဲ့ မြို့မိမြို့ဖတွေကို ဒီလကုန်လောက်မှာ အစည်းအဝေးခေါ်ပြီး ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်သွားပါမယ်''ဟု မောင်တောမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးရွှေမောင်က ပြောသည်။

မောင်တောမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ပိုင် မြို့မဈေး၊ ၄ မိုင်ဈေးနှင့် ပျံကျဈေးများဖြစ်သည့် ကညင်တန်းဈေး၊ မီးစက်ခွက်ဆုံဈေး၊ ရွာသစ်ရွာဈေးများနှင့် ရပ်ကွက်/ကျေးရွာများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဈေးပေါင်း ၂၆ ဈေးရှိကြောင်း သိရသည်။

''အရင်က ဒီအကြမ်းဖက်ဖြစ်စဉ် မတိုင်မီက ဟင်းချက်ဖို့ကြက်တစ်ကောင်ကို ငါးထောင်လောက်ကနေ အခုဈေးတွေသိပ်မဖွင့်သေးတော့ တစ်ကောင်ကို တစ်သောင်းကျော် ပေးဝယ်နေရတယ်''ဟု မောင်တောမြို့နယ်မှ ဒေသခံထမင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

အကြမ်းဖက်ဖြစ်စဉ်တွင် မီးလောင်ခဲ့သည့် ကျေးရွာများအစား ကျေးရွာအသစ်များ တည်ဆောက်ပြီးပါက ရပ်/ကျေးများရှိ ဈေးများအားလုံးကို မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏အဖွဲ့ပိုင် ဈေးများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**
**နိုင်လင်းကြည်**



# မောင်တောဒေသ၌ စပါးရိတ်သိမ်းရာတွင် အဆင်ပြေစေရေး စက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုသင်တန်းများပေးလျက်ရှိ

**မောင်တော အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသသည် ဆန်စပါးအများအပြားထွက်ရှိရာဒေသဖြစ်ပြီး ယင်းဒေသရှိ တောင်သူများ စပါးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးအတွက် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုအခြေခံသင်တန်းများ နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

''စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ နှစ်စဉ်နှစ်တိုင်း သင်တန်းပေးလျက်ရှိပါတယ်။ တစ်ခုက ရက်တိုသင်တန်း၊ တစ်ခုက ရက်ရှည်သင်တန်းပါ။ ရက်တိုသင်တန်းကတော့ ၁၄ ရက် သင်တန်းဖြစ်ပါတယ်။ တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းပါ။ အဲဒီသင်တန်းဟာ သူတို့ပိုင်တဲ့ လက်တွန်းထွန်စက်နဲ့ ရေစုပ်စက်လို အင်ဂျင်တွေပြင်တတ်အောင်အထိ သင်ကြားပေးတာ ဖြစ်ပါတယ်။ မနှစ်ကဆို မောင်တောမှာ သုံးမိုင်ဘုန်းကြီးကျောင်းနားက လယ်ကွင်းထဲနဲ့ ကြိမ်ချောင်းမှာ စပါးရိတ်သိမ်းတဲ့စက်တွေထိန်းသိမ်းမှုလုပ်ဖို့အတွက်ဆိုပြီး နှစ်နေရာခွဲပြီး သင်တန်းပေးခဲ့ပါတယ်''ဟု ရခိုင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ကြီးက ပြောသည်။

ယခုနှစ် စပါးရိတ်သိမ်းရာသီတွင်လည်း ရိတ်သိမ်းခြွေလှေ့ရာတွင် စက်ကိရိယာများကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ လုံလုံလောက်လောက်မရှိသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနများမှ ကျွမ်းကျင်ဝန်ထမ်းများကို ခေါ်ယူကာ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လာမည့်နှစ်များတွင်လည်း မောင်တောဒေသခံများအား သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

''စက်ကြီးတွေ မောင်းနှင်တတ်ချင်ရင်တော့ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းက မိတ္ထီလာမှာရှိပါတယ်။ သင်တန်းကာလက လေးလဖြစ်ပြီး နိုင်ငံတော်က စားစရိတ်အကုန်အကျခံပါတယ်။ ဒီသင်တန်းကို တောင်သူတွေရဲ့ သား သမီးတွေကို ဦးစားပေးပြီး လက်ခံပေးလျက်ရှိပါတယ်။ တစ်နှစ်ကို သင်တန်းသား ၁၀၀၀ နီးပါး ပို့ချပေးနေပါတယ်။ တက်ချင်တယ်ဆိုရင် တက်လို့ရအောင်လည်း ကြေညာမှုတွေပြုလုပ်ပါတယ်။ လက်ရှိလည်း ရခိုင်ပြည်နယ် ကျောက်တော်နဲ့ မြောက်ဦးဘက်က တောင်သူသားသမီး သင်တန်းသားတွေ လေးလသင်တန်းကို သွားရောက်တက်နေပါတယ်။ အဲဒီကတက်ပြီး ပြန်ဆင်းလာမယ်ဆိုရင်တော့ စက်ကြီးတွေမောင်းနှင်ကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။ သင်တန်းမှာ လယ်ယာသုံးစက်ကိရိယာသင်တန်းနဲ့ ရိတ်သိမ်းခြွေလှေ့စက် အထူးသင်တန်းဆိုပြီးရှိပါတယ်'' ဟု ဦးတင်မောင်ကြီးက ပြောသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

# သုဝဏ္ဏဝတီမြို့ မဟာဗောဓိစေတီဗုဒ္ဓပူဇနီယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲစည်ကား

**သုဝဏ္ဏဝတီ အောက်တိုဘာ ၂၉**

ရိုးရာမပျက် နှစ်စဉ်နှစ်တိုင်း စည်ကားစွာကျင်းပမြဲဖြစ်သော မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် ဝင်းပဗောဓိကာရုံကျောင်းတိုက် မဟာဗောဓိစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကြီး၌ မြို့နယ်နာယက ဇောတိကဆရာတော်ကြီး ဉူးသီရိန္ဒအား အမှူးထား၍ အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည်။

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မဟာဗောဓိစေတီတော်ရင်ပြင်၌ ပင့်သံဃာတော်အပါး ၅၀၀ကျော် သီလရှင်အပါး ၁၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ကျေးရွာများမှ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူပူဇော်ခဲ့ကြသည်။ ညနေပိုင်းတွင် ကျေးရွာ/ရပ်ကွက်များမှ အလှူရှင်များက ကထိန်သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ၊ ရွှေကြာသင်္ကန်းများကို ကိုင်ဆောင်၍ အိုးစည် ဒိုးပတ်အကအခုန်များဖြင့် စီတန်းလှည့်လည်၍ မဟာဗောဓိစေတီတော်၌ ရွှေကြာသင်္ကန်းများကို ကပ်လှူပူဇော်ကြသည်။

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ မွန်ပြည်နယ်တစ်ခွင် နာမည်ကျော်ကြား လူကြိုက်များသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အထူးလက်ဝှေ့စိန်ခေါ်ပွဲများကို ကျင်းပခဲ့သည်။ အခမဲ့ကြည့်ရှုရသော လက်ဝှေ့ပွဲတစ်ခုအဖြစ် ဒေသအတွင်း လူသိများထင်ရှားသည့်အပြင် ယခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၌ ကျေးရွာများမှ ဝါသနာရှင် လူငယ်လေးများက ကြားပွဲအဖြစ် ပါဝင်ယှဉ်ပြိုင်ကြသည်။ အထူးစိန်ခေါ်ပွဲများအဖြစ် ဒို့ရိုးရာကလပ်၊ ရွှေမိုးထိ (ငြိမ်းချမ်းရေး)ကလပ်၊ ဘိလပ်မြေစက်ရုံကလပ်၊ ရွှေသောင်ရင်းကလပ်နှင့် ရန်စစ်ငြိမ်းကလပ်များမှ လက်ဝှေ့ကျော်များက တွဲဆိုင်း ၁၀ တွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

ပွဲတော်၏ ထူးခြားချက်မှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများအား ပွဲတော်ရက်များအတွင်း စတုဒိသာထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။ ညပိုင်းတွင် ငြိမ်းချမ်းရေးဇာတ်သဘင်ဖြင့် သုံးညတိုင်တိုင် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



# တောင်ကြီးမြို့၌ မီးပုံးပျံပြုလုပ်သည့် ယမ်းမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍ နေအိမ်ခြောက်လုံးဆုံးရှုံး

**တောင်ကြီး အောက်တိုဘာ ၂၉**

တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် နယ်မြေ (၇) အနော်ရထာလမ်းရှိ အိမ်ပိုင်ရှင် ဦးလှမောင်၏ နေအိမ်တွင် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခွဲက မီးပုံးပျံပြုလုပ်ရာ ယမ်းမီးမှတစ်ဆင့် စတင်မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာတွင် လူနေအိမ်ခြောက်လုံး မီးလောင်ခဲ့ပြီး ယမ်းမီးဆရာ ဦးစိုးနိုင်လေး(ခ) ကိုအောင်ငဲ သည် ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ပြီး အခြားထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦး (မစိုးရိမ်ရ) နှင့် ဦးတင်မောင်အေ သုခချမ်းသာ (၂)ရပ်ကွက် နီလာလမ်း ရွှေညောင်မြို့နေထိုင်သူသည် ရွှေညောင်မြို့မှ မီးသတ်ကားမောင်းနှင်၍ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးငြှိမ်းသတ်ရန် ရောက်ရှိလာစဉ် ရောဂါကြောင့် ရုတ်တရက် သေဆုံးသွားခဲ့သည်။



မီးလောင်ရာနေရာသို့ ရှမ်းပြည်နယ် ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ သနွှေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးသတ်ယာဉ်ခုနစ်စီး၊ ရေသယ်ယာဉ် ရှစ်စီး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော် ( တောင်ကြီး)**

# မောင်တောမြို့၌ လက်လုပ်မိုင်း အလုံး ၄၀ တွေ့ရှိ

**မောင်တော အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့မြောက်ရပ်ကွက် ချောင်းကူးတံတားအနီး၌ နေထိုင်သူ ဦးညွန့်တင် (၄၃ နှစ်) သည် မြို့မြောက်ရပ်ကွက်မှ မြို့ဦးရွာ (ရခိုင်)သို့ ဖြတ်ကူးသည့် အရှည်ပေ ၄၀ ခန့်ရှိ ချောင်းကူးကွန်ကရစ်တံတားအောက်တွင် မသင်္ကာဖွယ်ရာအထုပ် တစ်ထုပ်မှ ပလတ်စတစ် ရေပိုက် (နှစ်ဖက်ပိတ်) အတိုများတွေ့ရှိ၍ အနီးရှိ မြို့ဦးရွာရဲကင်းသို့ သတင်းပေးပို့ခဲ့သည်။

ရဲကင်းမှ သက်ဆိုင်ရာသို့ ဆက်လက်သတင်းပို့ခဲ့သည့်အတွက် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ရာ အချင်းတစ်လက်မ၊ အပိတ် ၁ ဒသမ ၅ လက်မ၊ အရှည် ခြောက်လက်မခန့်ရှိ ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသည့် အသက်မသွင်းရသေးသော လက်လုပ်မိုင်း အလုံး ၄၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အဆိုပါ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများအား စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# အမြန်လမ်းမကြီး၌ လိုက်ထရပ်ယာဉ်ဘီးပေါက်၍ အရှိန်လွန်တိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘုရားတောင် အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် (၂၃၀/၆ နှင့် ၂၃၀/၇) ကြား မန္တလေးမှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း နိုင်ဦး မောင်းနှင်လာသော Light Truck ယာဉ်မှာ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က ယာဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၅ ဦး ပေါင်း ၂၂ ဦးအနက် အမျိုးသမီး ၁၅ ဦး၊ အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ထို့ကြောင့် ယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# စက္ကူကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်၌ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် နားယာမကျေးရွာတွင် ယမန်နေ့ ည ၈ နာရီကျော်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ နောင်မွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေ ပြည်သူများ၏ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ည ၁၀ နာရီ၌ မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ ဦးစိုင်းထွန်းညဏ်၏ တရုတ်ရိုးရာ စက္ကူထုတ်လုပ်ရန် ဝါးခြမ်းစိတ်များနှင့်၊ စက္ကူကုန်ကြမ်းများ သိုလှောင်ထားသည့် ဂိုဒေါင်၌ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးကူးစက်လောင်ခဲ့ကြောင်းနှင့် မီးပေါ့ဆစွာအသုံးပြုသူ ဦးစိုင်းထွန်းညဏ်အား နောင်မွန်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပျဉ်းမနားမြို့၌ မီးပလပ်ခုံ အပူလွန်ကဲ၍ နေအိမ်တစ်လုံးမီးလောင်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က မီးပလပ်ခုံအပူလွဲကဲရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၂)နယ်မြေ ၉ လမ်းရှိ အိမ်ရှင်ဒေါ်စန်းစန်းမြင့်သည် နေအိမ်သော့ပိတ်၍ ဆေးခန်းသို့သွားရောက်စဉ် နေအိမ်အတွင်းရှိ မီးပလပ်ခုံအပူလွန်ကဲ၍ မီးလောင်ခဲ့ရာ ၎င်း၏ နေအိမ် သွပ်မိုး၊ ထရံကာ၊ ပြင်ခင်းနှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်စန်းစန်းမြင့်အား ပျဉ်းမနားမြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ကိုမျိုး(ရွှေပေါက်ကံ)**



# တိုက်ကြီးမြို့ ကထိန်ပဒေသာပင်လှည့်လည်စဉ် အဖွဲ့နှစ်ဖွဲ့ စကားများရန်ဖြစ်၍ သုံးဦးဒဏ်ရာရ

**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့မင်္ဂလာရပ်ကွက် ဇေတဝန်ကျောင်းသို့ လှူဒါန်းမည့် ပဒေသာပင်အဖွဲ့နှင့် အောင်မင်္ဂလာ ပြည်တော်သာ ရှမ်းစုရပ်ကွက် ကန်ဦးကျောင်းသို့ လှူဒါန်းမည့်ပဒေသာပင်အဖွဲ့တို့ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီကျော်တွင် မြို့တွင်းလှည့်လည်ကြစဉ် ရန်ကုန်-ပြည်လမ်း ဘုရားကြီးကျောင်းရှေ့၌ တွေ့ဆုံစဉ် အပြန်အလှန်စကားများရန်ဖြစ်၍ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တိုက်ကြီးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောင်မင်္ဂလာ ပြည်တော်သာ ပဒေသာပင်အဖွဲ့မှပါလာသော အမျိုးသားတစ်ဦးက မင်္ဂလာရပ်ကွက် ပဒေသာပင်အဖွဲ့တွင်ပါလာသော အမျိုးသမီးတစ်ဦးအား လက်ဆွဲသည့်အတွက် မင်္ဂလာရပ်ကွက်ပဒေသာပင်မှ တာဝန်ရှိသူတစ်ဦးက ထိုသို့ မပြုလုပ်ရန်ပြောဆိုခဲ့ရာမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်စကားများ ခိုက်ရန်ဖြစ်ပွားကာ တစ်ဖက်အဖွဲ့မှ အောင်မျိုးထွန်း၊ သူရ၊ ကုလား၊ ထွန်းနိုင်တို့က အုတ်နီခဲဖြင့် ပစ်ပေါက်သဖြင့် မင်္ဂလာရပ်ကွက် ပဒေသာပင်အဖွဲ့မှ ဦးမောင်မြင့်၊ အောင်ကိုဝင်းနှင့် ဇေယျာလင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် အောင်မျိုးထွန်း၊ သူရ၊ ကုလား၊ ထွန်းနိုင်တို့ လေးဦးအား တိုက်ကြီးရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၆ စီး၊ သွင်းကုန် ၅၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၉၈၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၀ ဒသမ ၂၇၀ ခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၂၅၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၄ မိုင်၊ ခြောက်ဖာလုံ၊ နတ်စင်ကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Nissan March ယာဉ်တစ်စီး အားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ နောက်ပိုင်းထိုင်ခုံအောက်တွင် အံ့ဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံ ကျောက်တုံးနှင့် ကျောက်အပိုင်းအစများ အလေးချိန် ၄၈၀ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ်သန်း ၂၇ ဒသမ ၅၀၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာမြို့တွင် ဗုံးအဟောင်း တစ်လုံးတွေ့ရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဆည်မြောင်းဘောလုံးကွင်းအတွင်း၌ ယနေ့ နံနက် ၁၀ နာရီ ၅၀ မိနစ်ခန့်က ဗုံးအဟောင်းတစ်လုံး တွေ့ရှိကြောင်း သိရသည်။

အဆိုပါ ဗုံးအဟောင်းကို နယ်မြေခံအင်ဂျင်နီယာတပ်မှ တပ်ကြပ်ကြီး တင်ထွန်းအောင်နှင့် အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူး မိုးညွန့်ထွန်းနှင့်အဖွဲ့တို့က သွားရောက်ကြည့်ရှုခဲ့ရာ ဘောလုံးကွင်းအတွင်း တောင်ဘက်ဂိုးစည်းရှေ့ ထောင့်အနီးတွင် အမှတ်(၃၆) ခွင်းဗုံးတစ်လုံး (အသုံးပြုပြီး စနစ်တံမပါ ဖင်ပိတ်မပါ) ကို တွေ့ရှိရာ ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မြေကြီးအတွင်းမှတူးယူပြီး အမှတ်(၂) နယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်ဝင်းက နယ်မြေခံတပ်သို့ လွှဲအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**

# မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးကို အိုင်အက်စ်စစ်သွေးကြွများကတိုက်ခိုက်ရာ ၂၉ ဦးထက်မနည်းသေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၉**

မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးကို အိုင်အက်စ်စစ်သွေးကြွများက ၁၂ နာရီကျော်ကြာ စီးနင်းတိုက်ခိုက်မှုအတွင်း လူပေါင်း ၂၉ ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို လေ့လာကြည့်မည်ဆိုပါက ဆိုမာလီမြို့လယ်ကောင်တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် အကြမ်းဖက်သမားများက စီစဉ်ခဲ့ခြင်းမှာ ထင်ရှားလှသည်။ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က မိုဂါဒစ်ရှူးမြို့လယ်ကောင်တွင် ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲပြီးနောက် လူပေါင်း ၃၅၀ ကျော်သေဆုံးခဲ့သည်။ အဆိုပါ လူပေါင်း ၃၅၀ ကျော်သေဆုံးခဲ့သော တိုက်ခိုက်မှုသည် နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးတိုက်ခိုက်မှုပင်ဖြစ်သည်။

၁၂ နာရီကျော်ကြာဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုကို အစ္စလာမ္မစ်စစ်သွေးကြွ အယ်လ်ရှာဘတ်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ အဆိုပါ အုပ်စုသည် အင်အားနည်းနေသော အမေရိကန်ထောက်ခံအစိုးရကို ဖြုတ်ချလိုကြပြီး အစ္စလာမ္မစ်ဥပဒေကို ပြဋ္ဌာန်းရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ယခုအချိန်ထိ သေဆုံးသူ ၂၉ ဦးထိရှိလာပြီး သေဆုံးသူအရေအတွက်မှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ အဗ္ဗဒူလာဟီနာက ရိုက်တာ သတင်းဌာနသို့ ပြောခဲ့သည်။

သေဆုံးသူ အနည်းဆုံး ၁၂ ဦးခန့်မှာ ရဲအရာရှိများဖြစ်ကြောင်း နာက ပြောခဲ့သည်။ ကလေးသုံးဦး အသတ်ခံရချိန်တွင် ၎င်းတို့၏မိခင်ဖြစ်သူ မာဒ္ဒေါ်နူနောင်မှာလည်း ခေါင်းဖြတ်သတ်ခံခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သေဆုံးသူ ခုနစ်ဦး၏အလောင်းကို ဟိုတယ်ထဲတွင်တွေ့ရကြောင်း ရိုက်တာ မျက်မြင်တစ်ဦးက ပြောခဲ့သည်။

တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး စစ်သွေးကြွသုံးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ပြီး အခြားနှစ်ဦးမှာ သူတို့ကိုယ်တိုင်သူတို့ အသေခံဖောက်ခွဲခဲ့ကြောင်း ရဲအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ အချို့အကြမ်းဖက်သမားများမှာ ရုပ်ဖျက်ပြီး ထွက်ပြေးလွတ်မြောက်သွားသည်။


သမ္မတအိမ်တော်နှင့် နီးကပ်နေသော ဟိုတယ်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုသည် ယမန်နေ့ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**




ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ဟာမာဝေးဒေသ၌ရှိသော နာဆိုဟာဘလေ့တူးဟိုတယ်ဂိတ်ပေါက်ဝ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်

# တိုကျို၌ ဒေါ်လာအတုများတွေ့ရှိသဖြင့် ငွေလဲလှယ်ရေးစင်တာများကို သတိထားရန် ဆော်ဩထား



ငွေလဲလှယ်ရေးစင်တာတစ်ခု၌ အမေရိကန်ဒေါ်လာများကို တွေ့ရစဉ်

**တိုကျို အောက်တိုဘာ ၂၉**

အမေရိကန်ဒေါ်လာ ၁၀၀ တန်အတုများကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ရှိခဲ့သောကြောင့် သက်ဆိုင်ရာအာဏာပိုင်များက အဆိုပါကိစ္စကိုစုံစမ်းရန် နှိုးဆော်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ယခုလအစောပိုင်း၌ တိုကျိုမြို့ရှိ ငွေကြေးလဲလှယ်မှုဆိုင်ရာ နေရာလေးခုတွင် အဆိုပါဒေါ်လာအတုများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငွေကိုင်များက ဒေါ်လာစက္ကူ စာရွက်အသားသည် ကိုင်တွယ်ရာတွင် အထိအတွေ့ အနည်းငယ်ကွာဟမှုရှိသောကြောင့် ပုဂ္ဂလိက ငွေတုစစ်ဆေးခြင်းဌာနကို စစ်ဆေးမှုပြုပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

အဆိုပါဌာနက ဒေါ်လာစက္ကူစာရွက်အတုများကို ယခုအချိန်ထိ အတော်များများတွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

အဆိုပါငွေတုများမှာ ရုတ်တရက်ကြည့်လျှင် တကယ့်ဒေါ်လာအစစ်များနှင့် ခွဲခြားလို့မရနိုင်ကြောင်း သိရသည်။ သို့သော်လည်း ကျွမ်းကျင်သူများက အလယ်ငွေကြိုးနေရာများမှာ အနည်းငယ်ကွဲလွဲမှုရှိကြောင်း ပြောခဲ့သည်။ ငွေစက္ကူလက်ယာဘက်အောက်နားရှိ ပုံစံမှာလည်း ခရမ်းလွန်ရောင်ခြည်တွင်ထားကြည့်ပါက ဝါစိမ်းရောင်ဖြစ်နေကြောင်း ပြောခဲ့သည်။

နိုင်ငံခြားငွေ လဲလှယ်ဆိုင်များတွင် ပိုက်ဆံအတုအစစ်ခွဲခြားနိုင်သည့် စက်များကို အသုံးပြုသော်လည်း တစ်ခါတစ်ရံ ငွေစက္ကူအတုများသည် ယင်းစက်များတွင် စမ်းသပ်ခံနိုင်ကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုများလာပါက ငွေလဲလှယ်မှုနှုန်းများလည်း များလာမည်ဖြစ်ရာ ယခုကဲ့သို့သော ငွေစက္ကူအတုကိစ္စများကို သတိထားရမည်ဖြစ်ကြောင်း သုတေသနခေါင်းဆောင် တိုမိုဟီကို အန်ဒိုက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဂျပန်တွင် အင်အားပြင်းမုန်တိုင်းတိုက်ခတ်လူ ငါးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေ

**တိုကျို အောက်တိုဘာ ၂၉**

အင်အားပြင်းအပူပိုင်းမုန်တိုင်း ဆအော်လာသည် ဂျပန်ကျွန်းစုကမ်းခြေတစ်လျှောက် အရှေ့မြောက်ဘက်သို့ ရွေ့လျားနေကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း လန် ဂျပန်နိုင်ငံကိုတိုက်ခတ်ပြီး တစ်ပတ်မပြည့်ခင်အချိန်တွင် ယခုကဲ့သို့ အင်အားပြင်းအပူပိုင်းမုန်တိုင်း ဆအော်လာ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းအရှိန်ကြောင့် လူငါးဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ဆအော်လာမုန်တိုင်းသည် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ဝါကယ်ယာမ စီရင်စုကမ်းခြေကမ်းလွန်ပင်လယ်ပြင်ကိုတိုက်ခတ်သွားကြောင်း သိရသည်။ မုန်တိုင်း၏ဗဟိုချက်တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၁၀ ကီလိုမီတာနှုန်းခန့် တိုက်ခတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း တိုကူရှိမာစီရင်စုတွင် မုန်တိုင်းကြောင့် သစ်ပင်ကြီးတစ်ပင် ရထားလမ်းပေါ်လဲကျနေရာ အမြန်မီးရထားတစ်စင်းမှာ အရေးပေါ်ရပ်တန့်ခဲ့ရကြောင်း၊ မုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လေပြင်းများတိုက်ခတ်နိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ပြောခဲ့သည်။

မုန်တိုင်းကြောင့် မြေပြိုမှုများ၊ မြစ်များရေလျှံမှုများနှင့် ရေကြီးခြင်းများဖြစ်ပေါ်နိုင်သဖြင့် သတိထားကြရန် နှိုးဆော်ထားကြောင်း မိုးလေဝသဌာနက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# တူရကီအကြမ်းဖက်စီးနင်းမှုများတွင် အိုင်အက်စ်နှင့်ဆက်သွယ်သည်ဟု သံသယရှိသူ ၁၄၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့

**အန်ကာရာ အောက်တိုဘာ ၂၉**

တူရကီရဲတပ်ဖွဲ့က မြို့နှစ်မြို့တွင်ပြုလုပ်သော အကြမ်းဖက်စစ်ဆင်ရေးတွင် အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ဆက်သွယ်သည်ဟု သံသယရှိသူ စုစုပေါင်း ၁၄၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အကြမ်းဖက် တန်ပြန်တိုက်ခိုက်ရေး ရဲတပ်ဖွဲ့သည် တူရကီအနောက်မြောက်ပိုင်းပြည်နယ် ဘာဆာဒေသရှိ အိမ်များကို ဝင်ရောက်စီးနင်းခဲ့သည်။ ထိုသို့ဝင်ရောက်စီးနင်းခဲ့ရာ ဆီးရီးယားနိုင်ငံသား ၂၈ ဦးနှင့် အဇာဘိုင်ဂျန်နိုင်ငံသား နှစ်ဦးအပါအဝင် စုစုပေါင်းသံသယရှိသူ ၃၉ ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အနာဒိုလူသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။ ထိန်းသိမ်းခံရသော လူများအနက် ရှစ်ဦးမှာ အရေးသိပ်မကြီးသူများဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းကလည်း အရှေ့မြောက်ပိုင်းပြည်နယ် အာဇူရန်ဒေသကိုလည်း စီးနင်းမှုပြုလုပ်ခဲ့ရာ သံသယရှိသူ ၂၂ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါထိန်းသိမ်းနိုင်မှုတွင် အကြမ်းဖက်အဖွဲ့များမှ ဝါရင့်အဖွဲ့ဝင်များပါဝင်ကြောင်း ယင်းသတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

အဆိုပါအကြမ်းဖက် နှိမ်နင်းမှုစစ်ဆင်ရေးတွင် လက်နက်ပေါင်းမြောက်မြားစွာနှင့် အရေးကြီးအချက်အလက်များကို သိမ်းဆည်းရမိခဲ့ကြောင်း အနာဒိုလူသတင်းအေဂျင်စီတွင် ဆက်လက်ဖော်ပြထားသည်။

**(ရိုက်တာ)**




တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ ရဲဌာနချုပ်၌ တူရကီအထူးရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယတွင် ဘုရားဖူးယာဉ် တိမ်းမှောက်ရာ ခုနစ်ဦးထက်မနည်းသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၂၉**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုတွင် ဘုရားဖူးခရီးသွား အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ခရီးသွားအမျိုးသမီးများ သယ်ဆောင်လာသော သုံးဘီးယာဉ်နှင့် အခြားတစ်လမ်းမှလာသော သဲသယ်ယာဉ်တို့ အန်ဒရာပရာဒေ့ရှ် ပြည်နယ် အရှေ့ဘက် ကိုဒါဗာရီဒေသရှိ ရာဇူလာပလမ်-အမာလာပူရမ် အဝေးပြေးလမ်းပိုင်း တစ်နေရာတွင် မျက်နှာချင်းဆိုင်တိုက်မိရာမှ ထိုသို့ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ခရီးသည်များ အပြင်သို့ လွင့်စဉ်ပြုတ်ကျကုန်ကြောင်း၊ တချို့မှာလည်း ကားဘီးအောက်ရောက်ကုန်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အမျိုးသမီးခုနစ်ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း ဒဏ်ရာပြင်းထန်သူများကို ဆေးရုံသို့ အမြန်ဆုံးတင်ပို့ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ခရီးသည်များ အားလုံးသည် ဆွာမိကြီး ဗန်ကိတ်ရှာဝရာဘုရားကျောင်းသို့ သွားရောက်စဉ် ထိုသို့ အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယတွင် ယာဉ်မတော်တဆဖြစ်မှုများမှာ မကြာခဏ ဖြစ်ပွားလေ့ရှိသော်လည်း ယခုကဲ့သို့ ဖြစ်ရပ်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

**(ဆင်ဟွာ)**

---

### အမျိုးသားကွန်ဂရက်သို့ တင်သွင်းသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေ

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က (၁၉) ကြိမ်မြောက် အမျိုးသားကွန်ဂရက်သို့ တင်သွင်းသော အစီရင်ခံစာကို ပြည်သူ့ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ အစီရင်ခံစာကို သာယာဝပြောသော လူမှုအသိုင်းအဝိုင်း တည်ဆောက်မှုတွင် အောင်မြင်မှုရရှိခြင်းနှင့် ခေတ်သစ်သို့ ဝင်ရောက်လာသည့် တရုတ်နိုင်ငံ၏ ဝိသေသလက္ခဏာများနှင့် ကိုက်ညီသော ဆိုရှယ်လစ်ဝါဒ အောင်မြင်မှုအတွက် ကြိုးစားဆောင်ရွက်ခြင်းဟု အမည်ပေးထားကြောင်း သိရသည်။

ယင်းအစီရင်ခံစာကို ယမန်နေ့မှစတင်ကာ တရုတ်နိုင်ငံတစ်ဝန်းရှိ ဆင်ဟွာစာအုပ်ဆိုင်များတွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

---

# ခွဲထွက်ဖို့အရေးလှုပ်ရှားမှုတွေကြောင့် ကက်တလိုနီးယားပါလီမန်နဲ့အစိုးရကိုဖျက်သိမ်း



ကက်တလိုနီးယားမှာ ခွဲထွက်ရေးအတွက် မဲပေးမှုတွေ ပြုလုပ်ခဲ့သလို ကက်တလန် ပါလီမန်မှာလည်း လွတ်လပ်ရေးအတွက် မဲပေးမှုတွေ ပြုလုပ်ပြီးတဲ့နောက် စပိန်ဝန်ကြီးချုပ် မာရီယာနို ရာဂျိုင်းက ကက်တလန်ဒေသမှာ ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ဖို့ ကြေညာလိုက်ပါတယ်။ ကက်တလိုနီးယားကို ဗဟိုအစိုးရကနေ တိုက်ရိုက်အုပ်ချုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒီပဋိပက္ခဟာ ဘယ်က စတင်ခဲ့တာလဲဆိုရင် ကက်တလန်ခေါင်းဆောင်တွေဟာ လွတ်လပ်ရေးအတွက် လူထုဆန္ဒခံယူပွဲတွေ ပြုလုပ်တယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံခုံရုံးက တရားမဝင်ပါဘူးလို့ကြေညာထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို အတင်းဖီဆန်ပြီး လုပ်ဆောင်တယ်။ ဒီကနေစပြီး ပဋိပက္ခတွေ စတင်ခဲ့တာပဲ ဖြစ်တယ်။ လူထုဆန္ဒခံယူပွဲမှာပါဝင်ခဲ့တဲ့ မဲဆန္ဒရှင် ၄၃ ရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းဟာ လွတ်လပ်ရေးရလိုတဲ့ လူတွေဖြစ်ပြီး ကျန်တဲ့ရာခိုင်နှုန်းကတော့ ဒီဆန္ဒခံယူပွဲကိုသပိတ်မှောက်တဲ့ လူတွေပဲဖြစ်တယ်လို့ ကက်တလန်အစိုးရက ပြောပါတယ်။

သောကြာနေ့မှာတော့ စပိန်ဝန်ကြီးချုပ်ဟာ ကက်တလန်ဒေသကို တိုက်ရိုက်အုပ်ချုပ်ဖို့ စပိန်လွှတ်တော်ကသဘောတူပေးခဲ့ပါတယ်။ သမ္မတမှာ ဥပဒေအတိုင်းပြုလုပ်ဖို့နဲ့ ရွေးကောက်ပွဲပြုလုပ်ဖို့ အခွင့်အရေးရှိတယ်လို့လည်း စပိန်ဝန်ကြီးချုပ်က ပြောပါတယ်။ ဒါဟာ ကက်တလန်ပြည်သူတွေ တောင်းဆိုနေတဲ့ အရာဖြစ်ပြီး စပိန်အစိုးရဟာ တရားဥပဒေအတိုင်းဖြစ်ဖို့အတွက် လုပ်ဆောင်သင့်တာတွေကို လုပ်ဆောင်နေတာပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

စပိန်ဝန်ကြီးချုပ်ဟာ ကက်တလန်ခေါင်းဆောင် Carles Puigdemont ကို ဖြုတ်ချခဲ့ပြီး သူ့ရဲ့အစိုးရအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်ပါတယ်။ ဒေသတွင်း ရွေးကောက်ပွဲကိုလည်း ပြန်လည်ကျင်းပမယ်လို့ သိရပါတယ်။ စပိန်နိုင်ငံဟာဆိုရင် ဥရောပမှာ ပဉ္စမမြောက် အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်ပြီး ကက်တလန်ဒေသဟာလည်း စပိန်နိုင်ငံရဲ့ စီးပွားရေးမှာ အရေးပါတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုး ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူးလို့ စပိန်ဝန်ကြီးချုပ်က ပြောပါတယ်။ ပြီးတော့ ကက်တလိုနီးယားဒေသ ခွဲထွက်ရေးတောင်းဆိုမှုကို ချေဖျက်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်းကနေ အရေးပေါ်ဆောင်ရွက်မှုတွေပြုလုပ်မယ်လို့ ကြေညာခဲ့ပါတယ်။

ကက်တလန်ပြည်သူတွေ နားလည်ဖို့က ကက်တလန်ဒေသက ပြည်သူတွေရဲ့ အနာဂတ်ကို ကက်တလန်သားတွေပဲ ဆုံးဖြတ်နိုင်ပြီး အခြားဘယ်သူကမှကြားဝင်ဆုံးဖြတ်ပေးလို့ မရဘူးလို့ ဝန်ကြီးချုပ်က ပြောပါတယ်။ ၁၉၇၇ခုနှစ် ဖွဲ့စည်းပုံအရ စပိန်နိုင်ငံဟာ ဒီမိုကရေစီကျင့်သုံးတဲ့ နောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုကို ပထမဦးဆုံးအကြိမ် စပိန်အစိုးရက တိုက်ရိုက်အုပ်ချုပ်ခြင်းပဲ ဖြစ်တယ်။ ဝမ်းနည်းစရာကောင်းတဲ့နေ့လို့ စပိန်ဝန်ကြီးချုပ်က ရည်ညွှန်းခဲ့ပြီး ခွဲထွက်ခြင်းဆိုတဲ့ ခြိမ်းခြောက်မှုကို အဆုံးသတ်နိုင်အောင်လည်း ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ သူဟာ ကက်တလန်ခေါင်းဆောင်နဲ့အစိုးရအဖွဲ့ကို ဖယ်ရှားလိုက်တဲ့ အပြင် ကက်တလန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ်ကိုလည်း ဖယ်ရှားပစ်ခဲ့ပါတယ်။

ပြည်ပမှာ ဖွင့်လှစ်ထားတဲ့ ကက်တလိုနီးယား ကိုယ်စားပြုရုံးတွေကိုလည်း ပိတ်ပစ်ဖို့အမိန့်ပေးခဲ့ပါတယ်။ ကက်တလန်ပါလီမန်ကို ဖျက်သိမ်းပြီးတဲ့နောက် နောက်ထပ် ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက်မှာ ကျင်းပမယ်လို့လည်း သိရပါတယ်။ ရွေးကောက်ပွဲ မကျင်းပမီနဲ့ ဒေသအစိုးရ မဖွဲ့စည်းရသေးခင် အတောအတွင်းမှာ ကက်တလန်ဒေသကို စပိန်အစိုးရကပဲ တိုက်ရိုက်အုပ်ချုပ်မှာ ဖြစ်တယ်။

အဓိကမြို့ကြီးတွေဖြစ်တဲ့ မက်ဒရစ်နဲ့ ဘာစီလိုနာတို့မှာရှိတဲ့ ပြည်သူတွေဟာ နေအိမ်ပြတင်းပေါက်တွေမှာ စပိန်နိုင်ငံရဲ့ အလံကိုလွှင့်ထူထားပြီး ခွဲထွက်ခြင်းမရှိဘဲ စည်းလုံးညီညွတ်တဲ့ စပိန်နိုင်ငံအဖြစ်ပဲ ဆက်လက်တည်ရှိဖို့ ထောက်ခံကြောင်း ပြသခဲ့ကြပါတယ်။ ကက်တလိုနီးယားရဲ့ ခွဲထွက်ခြင်းကို စပိန်နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက တရားမဝင်ဘူးလို့ကြေညာခဲ့ပြီး အမေရိကန်၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံတို့ကလည်း ခွဲထွက်ခြင်းကို အသိအမှတ်မပြုကြောင်း ဖော်ပြခဲ့ကြပါတယ်။

အောက်တိုဘာ ၁ ရက်မှာ ကက်တလန်ခေါင်းဆောင် မစ္စတာ Puigdemont ဟာ ကက်တလန် လွတ်လပ်ရေးကို ကြေညာခဲ့ပါတယ်။ ဒါပေမယ့် စပိန်အစိုးရနဲ့ ပြောဆိုခွင့်ရဖို့ကိုတော့ နှောင့်နှေးခဲ့ပြီး ကက်တလန်လွတ်လပ်ရေးအတွက် လှုပ်ရှားနေမှုများကိုရပ်တန့်ဖို့ စပိန်အစိုးရရဲ့အမိန့်ကိုလည်း လျစ်လျူရှုခဲ့ပါတယ်။ ကက်တလိုနီးယားဒေသဟာ စပိန်နိုင်ငံမှာ အချမ်းသာဆုံးဒေသတစ်ခုဖြစ်ပြီး အဆင့်မြင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း ဖြစ်ပါတယ်။ ကက်တလန် ပြည်သူအချို့ကတော့ သူတို့က စပိန်အစိုးရကို ပေးရတာဟာ စပိန်အစိုးရဆီက ပြန်ရတာနဲ့စာရင် မကာမိဘူးလို့ ယူဆကြပါတယ်။

ကက်တလန်ဒေသတွင်းမှာပဲ ခွဲထွက်ရေးနဲ့ပတ်သက်ပြီး အမျိုးမျိုးကွဲပြားနေတာကို တွေ့ရပါတယ်။ ယခုနှစ်အစောပိုင်းမှာ လူထုဆန္ဒတွေ တောင်းခံကြည့်တဲ့အခါ စပိန်ကနေ ခွဲထွက်လိုတဲ့ဘက်က ၄၁ ရာခိုင်နှုန်း၊ ခွဲမထွက်လိုတဲ့ဘက်က ၄၉ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ယခင်တုန်းက မြို့ငယ်လေးရဲ့မြို့တော်ဝန်ဖြစ်ခဲ့တဲ့ ကက်တလိုနီးယားခေါင်းဆောင် မစ္စတာ Puigdemont ဟာလည်း ခွဲထွက်ရေး ကြေညာစေလိုတဲ့ အဖွဲ့က တစ်ဖက် စပိန်အစိုးရကတစ်ဖက်နဲ့ ချောင်ပိတ်မိနေပါတယ်။

ဥရောပခေါင်းဆောင်တွေကတော့ ကက်တလိုနီးယားရဲ့ ခွဲထွက်ရေးကို အသိအမှတ်မပြုဘူးလို့ ပြတ်ပြတ်သားသားပဲ ပြောခဲ့ကြပါတယ်။ ဥရောပကောင်စီ ဥက္ကဋ္ဌ ဒေါ်နယ်တက်စ်ကတော့ "ဘာမှပြောင်းလဲမသွားဘူး၊ စပိန်ဟာ ကျွန်တော်တို့ရဲ့ အဖွဲ့ဝင်ဖြစ်တယ်လို့" တွစ်တာမှာ ရေးခဲ့ပါတယ်။

ခွဲထွက်ရေးအတွက် မဲပေးခဲ့တဲ့ ကက်တလန်အမတ်တွေဟာ တရားစွဲဆိုခြင်းလည်းခံရနိုင်ပါတယ်။ သူတို့ အဓိကပစ်မှတ်ထားတဲ့သူကတော့ ကက်တလန်ခေါင်းဆောင် Carles Puigdemont၊ နောက်ထပ်တစ်ဦးကတော့ ကက်တလန်ခေါင်းဆောင်ရဲ့လက်ထောက် Carme Forcadell ပဲဖြစ်ပါတယ်။ စပိန်နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သူပုန်တွေအပေါ်ထားတဲ့ပြစ်ဒဏ်ဟာ ပြင်းထန်လှပါတယ်။ မစ္စတာ Carles Puigdemont က ခွဲထွက်ရေးတောင်းဆိုသူတွေကို ငြိမ်းငြိမ်းချမ်းချမ်းပဲ အရှိန်အဟုန်မပြတ် ဆက်လက်လှုပ်ရှားကြဖို့ တိုက်တွန်းခဲ့ပါတယ်။

စပိန်အစိုးရရဲ့ တရားစီရင်မှုအောက်မှာ သူတို့ရဲ့ လှုပ်ရှားမှုတွေဟာ ပြိုလဲမသွားဖို့ ခွဲထွက်ဖို့အရေးလှုပ်ရှားသူတွေက ပြောကြပါတယ်။ အီးယူအဖွဲ့ကြီးအနေနဲ့ကတော့ အဖွဲ့ကြီးအတွင်း ပြဿနာတစ်ခုပါပဲ။ အီးယူအဖွဲ့ကြီးအတွင်းက ဗြိတိန်ခွဲထွက်ဖို့ မဲပေးခဲ့တာကမှမကြာသေး စပိန်ကလည်းအခုလို ပြဿနာမျိုးဖြစ်တော့ နောက်ထပ်ကိစ္စတစ်ခုထပ်ရှုပ်တာပါပဲ။ စပိန်အစိုးရကတော့ မစ္စတာ Carles Puigdemont နဲ့ ပုန်ကန်သူတွေကို တရားစွဲဆိုဖို့ရှိတယ်လို့ဆိုပါတယ်။

ခွဲထွက်ဖို့အရေး ထောက်ခံသူတွေကတော့ ဘာစီလိုနာမြို့က လမ်းမထက်မှာ စုဝေးနေကြပါတယ်။ ကက်တလန်အမတ်တွေအတွက် ဂုဏ်ပြုကြောင်း အော်ဟစ်နေခဲ့ကြပါတယ်။ ဘာစီလိုနာမြို့မှာပဲစပိန်ကနေ ခွဲထွက် ဖို့ဆန္ဒမရှိသူတွေကတော့ ကက်တလန် လွတ်လပ်ရေး ကြေညာမှုနဲ့ပတ်သက်ပြီး ရှုတ်ချခဲ့ကြပြီး စပိန်အလံတွေကိုလည်းလွှင့်ထူခဲ့ကြပါတယ်။ စပိန်နိုင်ငံရဲ့လူဦးရေ ၁၆ ရာခိုင်နှုန်းဟာ ကက်တလိုနီးယာဒေသမှာ နေထိုင်ကြပြီး စပိန်နိုင်ငံရဲ့ထုတ်ကုန်ပမာဏမှာ ကက်တလန်မှာတင် ၂၅ ဒသမ ၆ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ကတော့ ၂၀ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ ဒီတော့ ကက်တလိုနီးယားဟာ စပိန်မှာ အရေးပါတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တာလည်း မဆန်းပါဘူး။

၂၀၀၆ ခုနှစ်မှာတော့ စပိန်အစိုးရကို ကျောထောက်နောက်ခံပြုထားတဲ့ ကက်တလန်အစိုးရဟာ အာဏာပိုမိုရရှိဖို့တောင်းဆိုခဲ့ဖူးပါတယ်။ နိုင်ငံတစ်နိုင်ငံဟူသောအဆင့်နဲ့ ဘဏ္ဍာငွေထိန်းချုပ်မှုမှာ လုပ်ပိုင်ခွင့်ပိုရဖို့ သဘောတူခဲ့ပေမယ့် နောက်လေးနှစ်ကြာတဲ့အခါမှာတော့ စပိန်အခြေခံဥပဒေခုံရုံးက ကက်တလန်ဟာ နိုင်ငံမဟုတ်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အဲဒီအခြေအနေကို ရုပ်သိမ်းခဲ့ပါတယ်။

စပိန်နိုင်ငံမှာဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ၁၄ ခုရှိပြီး အဲဒီထဲမှာမှ ကက်တလိုနီးယားဟာ ကိုယ်ပိုင်ဒေသအစိုးရရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အခွန်စုဆောင်းမှုနဲ့ပတ်သက်ပြီး သင့်တင့်တဲ့ အာဏာရှိပါတယ်။ ဒါပေမယ့်လည်း သူတို့ဟာ အခွန်ငွေကို စပိန်အစိုးရဆီ ပေးသွင်းရပြီး ခွဲထွက်ရေးကို ထောက်ခံတဲ့ နိုင်ငံရေးသမားတွေကတော့ ချမ်းသာတဲ့ဒေသတွေမှာ အခွန်ငွေပြန်လည်ခွဲဝေတဲ့အခါမှာ လုပ်ငန်းစဉ်တွေများပြားပြီး မျှတမှုမရှိဘူးလို့ စောဒကတက်ကြပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

**ခြူးစန္ဒီနွေး**

# စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**ညှိနှိုင်းဖြေရှင်းပေးခြင်း**

၄၇။ သက်ဆိုင်ရာဦးစီးမှူးရုံးသည်ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စုံစမ်းစစ်ဆေးခံမှုနှင့်စပ်လျဉ်း၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေးခြင်း၊

(ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ကို ညှိနှိုင်းဖြေရှင်းနိုင်ရန် ခေါ်ယူခြင်း၊

(ဂ) စားသုံးသူတိုင်ကြားမှုကို သိမြင်သောပုဂ္ဂိုလ် သို့မဟုတ် မျက်မြင်သက်သေနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာကို သိရှိသော ကျွမ်းကျင်သူများရှေ့တွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) စားသုံးသူဘက်မှ နစ်နာဆုံးရှုံးမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(င) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသော သဘောတူညီချက်ကို အသိပေးအကြောင်းကြားခြင်း၊

(စ) ပုဒ်မခွဲ(င)အရ သဘောတူညီချက်ကို လိုက်နာခြင်းမရှိပါက ကော်မတီသို့တင်ပြခြင်း။

၄၈။ သက်ဆိုင်ရာဦးစီးမှူးရုံးသည်ပုဒ်မ ၄၇ ပါ ညှိနှိုင်းဖြေရှင်းပေးခြင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၄၉။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များကို လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။ သို့သော် အဆိုပါအချက်အလက်များကိုကော်မတီ၊ ကော်မရှင် သို့မဟုတ် တရားရုံးတစ်ခုခုက သက်သေခံ အထောက်အထားများအဖြစ် တောင်းခံလာပါက ပေးပို့ပိုင်ခွင့်ရှိသည်။

၅၀။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများ အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာအစိုးရဌာနများသို့ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၁။ စားသုံးသူသည် အကြောင်းခြင်းရာများကို မရိုးမဖြောင့်သော သဘောနှင့် ထိမ်ချန်၍သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကို မတရားသော နည်းလမ်းတစ်ခုခုဖြင့် နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်၍ သော်လည်းကောင်း မဟုတ်မမှန်လိမ်လည်တိုင်ကြားခြင်း၊ မမှန်သက်သေထွက်ဆိုခြင်း၊ မမှန်ကန်သော သက်သေခံအထောက်အထား တင်ပြခြင်းပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၅၂။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကိစ္စနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသူဘက်မှ ကျခံစေရမည်။

**အခန်း(၂၀)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၃။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည်ပုဒ်မ ၂၂အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့်ပုဒ်မ ၂၈ အရစားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကို ပေးအပ်ရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ပြန်လည်ပြင်ဆင်ပေးစေခြင်း၊

(ဂ) အစားထိုးပေးစေခြင်း၊

(ဃ) နစ်နာဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များ မှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့် စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကိုဖြစ်စေချမှတ်နိုင်သည်-

(က) နစ်နာမှုများအတွက် သတ်မှတ်ထားသော လျော်ကြေးငွေ ပေးစေခြင်း၊

(ခ) ဒဏ်ကြေးငွေချမှတ်ခြင်း၊

(ဂ) အငြင်းပွားလျက်ရှိသောကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းကိုလိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၅၅။ ပုဒ်မ ၅၄ အရ ချမှတ်ထားသောစီမံခန့်ခွဲရေးဆိုင်ရာအမိန့်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၅၆။ ပုဒ်မ ၅၄ အရချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်ခြင်းခံရသူသည် ယင်းအမိန့်ကို လိုက်နာမှုမရှိပါက ဦးစီးဌာနသည် ၎င်းအပေါ်ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည်။

၅၇။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

**အခန်း(၂၁)**

**အယူခံဝင်ခြင်း**

၅၈။ ပုဒ်မ ၅၃ အရ ဦးစီးမှူးရုံးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့ လည်းကောင်း၊ ပုဒ်မ ၅၄အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ပုဒ်မ ၅၉၊ ပုဒ်မခွဲ(က) အရ ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကိုမကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း၃၀ အတွင်း အသီးသီးအယူခံဝင်ရောက်နိုင်သည်။

၅၉။ (က) ကော်မတီသည် ပုဒ်မ ၅၈ အရ အယူခံမှုတွင် သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ခ) ကော်မရှင်သည် ကော်မတီက ပုဒ်မ ၅၄ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်ကိုလည်းကောင်းအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ကော်မရှင်၏ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲမှုနည်းလမ်းအရ အပြီးအပြတ် ဖြစ်သည်။

**အခန်း(၂၂)**

**ကန့်သတ်ချက်များ**

၆၀။ ကော်မတီသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆုံးဖြတ်ခွင့် မရှိစေရ-

(က) စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အသုံးပြုခြင်းကြောင့် မဟုတ်သော နစ်နာဆုံးရှုံးခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း၊

(ခ) အမွေခွဲဝေခြင်းကိစ္စများ၊

(ဂ) မြေပိုင်ဆိုင်မှု သို့မဟုတ် မြေငှားရမ်းခြင်းဆိုင်ရာဝန်ဆောင်မှု ကိစ္စရပ်များ၊

(ဃ) စက်ရုံအလုပ်ရုံများရှိ အလုပ်ရှင်နှင့် အလုပ်သမားဆိုင်ရာကိစ္စများ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်နေသောကိစ္စများ။

**အခန်း(၂၃)**

**စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့်အချက်များ**

၆၁။ ဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ၏ ဤဥပဒေနှင့်အညီဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုများကို အားပေးဆောင်ရွက်ရမည်။

၆၂။စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်တွင် စားသုံးသူများကို ကာကွယ်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သာဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားရမည်။

၆၃။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်သည်။

၆၄။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ စားသုံးသူထံ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၆၅။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် စားသုံးသူကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသည့် သို့မဟုတ် ချိုးဖောက်မှုဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းရှင်အပေါ် စားသုံးသူကိုယ်စား တိုင်ကြားအရေးဆိုမှုနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနိုင်သည်။

**အခန်း (၂၄)**

**တားမြစ်ချက်များ**

၆၆။ မည်သူမဆိုစားသုံးသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါတို့ကို မပြုလုပ်ရ-

(က) စားသုံးသူကို သွေးဆောင်ဖြားယောင်း၍ တိုင်ကြားစေခြင်း၊

(ခ) မမှန်မကန် သက်သေထွက်ဆိုခြင်း၊

(ဂ) မမှန်မကန်သတင်းများ ဖြန့်ဖြူးခြင်း၊

(ဃ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသောကိစ္စများကို ဆောင်ရွက်ခြင်း။

၆၇။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ အောက်ပါကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်းမပြုရ-

(က) ကုန်စည်၏ အရည်အသွေး၊ အရေအတွက်၊ ပါဝင်သော ပစ္စည်းများ၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့်အချိန်တို့နှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်းပြုထားသော ကြော်ငြာများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံပေးထားမှုနှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်းပြုထားသောကြော်ငြာများ၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သည့် သတင်းအချက်အလက်များ ပါဝင်သည့် ကြော်ငြာများ၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုကို အသိပေးခြင်းမရှိသော ကြော်ငြာများ၊

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားသော ကြော်ငြာများ၊

(စ) တည်ဆဲဥပဒေများ၊ လူမှုကျင့်ဝတ်များနှင့် ကိုက်ညီမှုမရှိသည့် ကြော်ငြာများ။

၆၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ခုခုဖြင့် အရောင်းမြှင့်တင်ခြင်းမပြုရ -

(က) သတ်မှတ်ထားသော ကာလအတွင်း ကြော်ငြာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန်အစီအစဉ်မရှိဘဲ ကုန်စည်ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ခ) ကုန်စည်တစ်ခုကို ဆုကြေးအနေဖြင့်ပေးရန် သို့မဟုတ် အခမဲ့ ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ်ပေးအပ်နိုင်ခြင်းမရှိဘဲရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဂ) စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း။

၆၉။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း မပြုရ-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ ရောင်းချခြင်း၊

(ခ) သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည်ဟု မမှန်မကန်ဖော်ပြခြင်း၊

(ဂ) နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသော ကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊

(ဃ) အမျိုးအစားတူအရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကိုရောနှော ရောင်းချခြင်း။

၇၀။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှုမပြုရ -

(က) အသုံးမပြုနိုင်သော သို့မဟုတ် မရရှိနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ခ) အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်များကို ဖုံးကွယ်ထားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ဂ) အခြားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ချိုးနှိမ်ဖော်ပြခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ပါဝင်ရမည့် သတင်းအချက်အလက်များကို ပြည့်စုံခိုင်မာမှုမရှိဘဲ ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(င) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(စ) အရောင်းမြှင့်တင်ရောင်းချခြင်းမပြုမီ ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(ဆ) အသုံးပြုလိုသော ကုန်စည်တစ်ခုကို ဝယ်ယူရာတွင် ခိုင်လုံသော အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ စားသုံးသူမလိုအပ်သော အခြားကုန်စည်တစ်ခုနှင့် တွဲဖက်ရောင်းချခြင်း။

၇၁။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ အောက်ဖော်ပြပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းမပြုရ -

(က) ပုဒ်မ ၄၂ အရ ကုန်စည်နှင့်သက်ဆိုင်သည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ခ) ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဂ) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု။

၇၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မျှ ကုန်အညွှန်းအမှတ်အသားများဖော်ပြရာတွင် ပုဒ်မ ၄၄ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းမပြုရ။

**အခန်း (၂၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၇၃။ မည်သူမဆို ပုဒ်မ ၅၄ ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မလိုက်နာပါက ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၇၅။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၆၇ နှင့် ၆၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ ၆၇နှင့် ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ (က) မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၆၉ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

(ခ) အဆိုပါပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူသည် ပုဒ်မ ၆၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာ့ဈေးကွက်အတွင်း ထိုးဖောက်လာနေသည့် မြန်မာအထူးတန်းဝင် ကော်ဖီ


ဓာတ်ပုံ- ဇေမိုး

မြန်မာ့ကော်ဖီသည် နိုင်ငံတကာဈေးကွက်ဝင် သီးနှံအဖြစ် အစပြုအောင်မြင်လာပြီဖြစ်ရာ အဆိုပါအောင်မြင်မှုများ ဆက်လက်ရှင်သန်ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၊ တောင်သူများပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် စီးပွားရေးအရတွက်ခြေကိုက်ပြီး ဈေးကွက်အလားအလာရှိသည့်အတွက် မျိုးကောင်းမျိုးသန့်များ တိုးချဲ့ဖြန့်ဖြူးထုတ်လုပ်နိုင်ရန်လည်း သက်ဆိုင်ရာဌာနက ကော်ဖီစိုက်ပျိုးသည့် ဒေသများအထိ ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကော်ဖီစိုက်ကေတိုးတက်အောင်ဆောင်ရွက်နေ**

“လက်ရှိမှာတော့ မြန်မာနိုင်ငံက အဓိကစိုက်ပျိုးနေတဲ့ ကော်ဖီမျိုးတွေကတော့ Arabica coffee (အာရေဗီးကားကော်ဖီ) နဲ့ Robusta coffee(ရိုဘတ်စတာကော်ဖီ)တွေ ဖြစ်ပါတယ်။ အာရေဗီးကားကုန်းမြင့်ကော်ဖီမျိုးကို အခုအခါမှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ စိုက်ပျိုးကြပါတယ်။ ရိုဘတ်စတာ မြေနိမ့်ကော်ဖီကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်တို့မှာ စိုက်ပျိုးကြပါတယ်။ ၂၀၀၂ ခုနှစ်က ပြင်ဦးလွင်နဲ့ နောင်ချိုမှာ ကော်ဖီစိုက်ကေတစ်သိန်းစီမံကိန်းကို စိုက်ပျိုးဖို့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ ကေတစ်သိန်းပြည့်မီအောင်စိုက်ပျိုးဖို့ အခက်အခဲတွေ ရှိနေပါတယ်။ ဘာလို့လဲဆိုတော့ အခုနောက်ပိုင်း ရာသီဥတုဒဏ်တွေ၊ မြေယာကျူးကျော်မှုတွေရှိလာတဲ့အတွက် စိုက်ပျိုးကေ တိုးမလာပါဘူး။ ဒါပေမယ့် ကိုယ့်မှာရှိတဲ့ ကိုယ်ပိုင်မြေတွေမှာ အိမ်ခြံဝင်းစိုက် စိုက်ပျိုးခြင်းအနေနဲ့ ကော်ဖီစိုက်ကေတိုးတက်လာအောင် ဆောင်ရွက်နေပါတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

အာရေဗီးကားကုန်းမြင့်ကော်ဖီမျိုးသည် ပင်လယ်ရေမျက်နှာပြင်ပေ ၂၅၀၀ နှင့်အထက်ရှိသည့် ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ရိုဘတ်စတာ မြေနိမ့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်ပေ ၂၅၀၀ အထိရှိသည့် ဒေသများတွင် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ ကမ္ဘာတွင် အာရေဗီးကားကော်ဖီအမျိုးအစားပေါင်း ၁၀၀ ကျော်ရှိပြီး မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသည့် အာရေဗီးကားကုန်းမြင့်ကော်ဖီမျိုးအနေဖြင့် စုစုပေါင်း ၂၆ မျိုးနှင့် ရိုဘတ်စတာမြေနိမ့်ကော်ဖီမျိုးမှာ ရှစ်မျိုးရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာ နေပြည်တော်တွင် စိုက်ကေ ၃၉၆ ကေ၊ ကချင်ပြည်နယ်တွင် ကေ ၁၆၈၀၊ ကယားပြည်နယ်တွင် ကေ ၁၇၄၀၊ ကရင်ပြည်နယ်တွင် ၉၈၁၂ ကေ၊ ချင်းပြည်နယ်တွင် ၅၆၂ ကေ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၈၆ ကေ၊ မကွေးတိုင်းဒေသကြီးတွင် ၉၈၇ ကေ ၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၈၃၂ ကေ၊ ရှမ်းပြည်နယ်တွင် ၂၇၄၅၂ ကေ၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၁၁ ကေ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၇၉ ကေတို့ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်ဝင် ကော်ဖီသီးနှံများ ထုတ်လုပ်နိုင်ရန် ဌာနပိုင်မျိုးသန့်ခြံများနှင့် ပုဂ္ဂလိက မျိုးသန့်ခြံများမှ ကော်ဖီမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဝေပေးလျက်ရှိသည်။ ၂၀၁၆- ၂၀၁၇ ခုနှစ်အတွင်း မျိုးသန့်ခြံများမှ အာရေဗီးကားကော်ဖီမျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုမှာ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပွေးတောင်းခြံမှ မျိုးစေ့ထုတ်ပြီး ၅၀ ကီလို၊ ဒိုးကွင်ခြံမှ ၅၀ ကီလို၊ လက်ပံကုန်းခြံမှ ၄၀ ကီလို၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနမှ ၁၀၀ ကီလို၊ မိုးကုတ်မြို့နယ်အတွင်းရှိ မိုးကုတ်ခြံမှ ၂၀ ကီလို၊ ရှမ်းပြည်နယ်အတွင်းရှိ ချောင်းကွေ့ခြံမှ ၅၀ ကီလို၊ ဘန့်ဘွေးခြံမှ ၃၀ ကီလို၊ ရွာငံခြံမှ ၁၀ ကီလို၊ ရွှေကြာအင်းခြံမှ ၁၀၀ ကီလို၊ ချင်းပြည်နယ်အတွင်းရှိ ထေးဇန်ခြံမှ ၃၀ ကီလို၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်ရေကန်ခြံမှ ၃၀ ကီလိုနှင့် ကရင်ပြည်နယ်အတွင်းရှိ လိပ်သိုခြံမှ ၄၀ ကီလိုနှင့် ရိုဘတ်စတာကော်ဖီ ၁၅ ကီလိုတို့ ဖြစ်ကြောင်း သိရသည်။

**ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်**

“မြန်မာ့ကော်ဖီ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိကအခန်းကဏ္ဍ အားကောင်းလာရေးဟာလည်း လွန်စွာအရေးကြီးတာဖြစ်လို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်လက်အောက်မှာရှိတဲ့ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ ညှိနှိုင်းပြီး မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ၆.၄.၂၀၁၄ ရက်နေ့မှာ ပြင်ဦးလွင်မြို့မှ စတင်ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအသင်းကနေပြီးတော့မှ တဖြည်းဖြည်းချင်း ပြင်ဆင်ဖွဲ့စည်းကာ ဒီနေ့မြင်တွေ့နေရတဲ့ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association (MCA)) ဆိုပြီး ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် MCA အသင်းရဲ့အောက်မှာ ဒေသဆိုင်ရာ ကော်ဖီအစုအဖွဲ့ Coffee Cluster ပေါင်း ခုနစ်ခုအထိရှိလာခဲ့ပြီး ၂၀၁၅ ခုနှစ် အရောက်မှာတော့ Winrock International အဖွဲ့အစည်းရဲ့ အကူအညီနဲ့ အထူးတန်းဝင် မြန်မာ့ကော်ဖီ (Speciality Coffee) ကို ကမ္ဘာ့ဈေးကွက်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပါတယ်။ ဒီလို မြန်မာ့အထူးတန်းဝင်ကော်ဖီအား ကမ္ဘာ့ကော်ဖီဈေးကွက်ကို ဝင်ရောက်ထိုးဖောက်လာနိုင်တာနဲ့အမျှ တိုင်းဒေသကြီး/ပြည်နယ် အနှံ့အပြားမှာ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ကော်ဖီကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားနိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့်မျိုးတွေ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးသင်တန်းတွေကို ဒေသအရောက်သွားရောက် သင်ကြားပေးခြင်းတွေကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဌာနအနေနဲ့ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ ရောဂါဒဏ်ခံနိုင်တဲ့ မျိုးတွေကို ထုတ်လုပ်နိုင်ဖို့ သုတေသနလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ် ။

**မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစာတမ်း**

ပြီးခဲ့တဲ့ မေ ၂၃ ရက်က နေပြည်တော်မှာ ကော်ဖီဖိုရမ်ကျင်းပခဲ့တယ်။ အဲဒီဖိုရမ်မှာ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရလဒ် ၁၆ ချက်ထွက်ခဲ့ပါတယ်။ အခုလည်း အဲဒီ ၁၆ ချက်ထဲက အရေးကြီးဆုံးဖြစ်တဲ့ မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေးမဟာ ဗျူဟာစာတမ်း (Myanmar Coffee Development Strategy) ရေးသားဖို့ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်နေတာ သုံးကြိမ်ရှိပါပြီ။ ဒီစာတမ်းနဲ့ ပတ်သက်ပြီးလည်း အစိုးရဌာနဖြစ်တဲ့ မိမိတို့စိုက်ပျိုးရေးဦးစီးဌာနတစ်ခုတည်းကပဲ ဒီစာတမ်းကို ရေးဆွဲသွားမှာမဟုတ်ဘဲ Coffee Industry လို့ခေါ်တဲ့ ကော်ဖီလုပ်ငန်းနဲ့ သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ပြီး အကြံပြုရေးဆွဲသွားနိုင်ကြဖို့အတွက် မည်သူမှကျန်ရစ်ခဲ့ခြင်းမရှိ All Inclusive ဖြစ်ဖို့ သက်ဆိုင်သူအားလုံးကို နိုင်ငံပိုင်သတင်းစာတွေကနေ ကြော်ငြာခေါ်ယူဖိတ်ကြားခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့နောက်ထပ်လည်း ကော်ဖီစိတ်ဝင်စားသူတွေ၊ ကော်ဖီချစ်သူတွေကိုလည်း"Myanmar Coffee Development Strategy" ရေးဆွဲရာမှာ မိမိတို့နဲ့အတူ ပူးပေါင်းပါဝင်ကြဖို့၊ မိမိတို့နဲ့ဆက်သွယ်ပြီး အကြံဉာဏ်တွေပေးပို့ကြဖို့ ဖိတ်ခေါ်ပါတယ်၊ Myanmar Coffee Development Strategy ရေးဆွဲဖို့ အတွက် Core Working Group လေးတစ်ခုကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပပညာရှင်တွေကို ကျွန်တော့်အနေနဲ့ မိမိတို့ Core Working Group ကို အကြံဉာဏ်တွေပေးဖို့၊ သတင်းအချက်အလက်တွေပေးဖို့၊ အတွေ့အကြုံဗဟုသုတတွေပေးပို့ဖို့အတွက် ဒီနေရာကနေ ဖိတ်ခေါ်လိုပါတယ်၊ ဆက်သွယ်ရန်လိပ်စာကတော့ WINROCK International ရဲ့ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများ၊ Myanmar Agricultural Network ၏ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ လိပ်စာ၊ ဖုန်းနံပါတ်တွေကိုဆက်သွယ်နိုင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

**နည်းဗျူဟာများ ရေးဆွဲသွားမည်**

အဆိုပါစာတမ်း၏ရည်ရွယ်ချက်မှာ အရည်အသွေးအားဖြင့် ကမ္ဘာ့အဆင့်မီနေပြီး ရောင်းတမ်းဝင်နေသော မြန်မာ့ကော်ဖီကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဘယ်လိုလုပ်ဆောင်သွားရမလဲဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ စာတမ်းတွင် နောင်ငါးနှစ်ကြာလျှင် မြန်မာ့အထူးတန်းဝင် ကော်ဖီ၏ လက်ရှိ အရည်အသွေးကို ထိန်းသိမ်းထားပြီး အရေအတွက်ပမာဏများ ဘယ်လောက်တိုးတက်လာအောင်လုပ်ကြမလဲ၊ နောင် ၁၅ နှစ် အနှစ် ၂၀ ကြာမြင့်သည့်အခါမှာ ဒီလိုအရည်အသွေးနှင့်ပဲ ဘယ်လောက်ပမာဏအထိ တိုးတက်ထုတ်လုပ်နိုင်အောင်လုပ်ကြမလဲ၊ ဘယ်လိုတွေလုပ်ကြမလဲဆိုသည့် နှစ်တို၊ နှစ်ရှည် လုပ်ဆောင်သွားသင့်သည့် နည်းဗျူဟာများကို ရေးဆွဲသွားကြမည်ဖြစ်ကြောင်း သိရသည်။

ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် Myanmar Coffee Development Strategy ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန မြန်မာနိုင်ငံကော်ဖီအသင်း Winrock International၊ Nestle’ Myanmar Co.,ltd၊ Mandalay Coffee Group၊ Myanmar Agricultural Network တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရ၍ အရည်အသွေးကောင်းမွန်သော သီးနှံထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရန် သီးနှံ ၁၅ မျိုးအား GAP လက်မှတ်ထုတ်ပေးနေရာမှာ GAP Protocol ရေးဆွဲသော လုပ်ငန်းစဉ်တွင် ကော်ဖီသီးနှံပါဝင်ပြီး ကော်ဖီ GAP Guide Line အား ပြုစုရေးဆွဲပြီးစီးပြီ ဖြစ်သည့်အတွက် GAP လက်မှတ်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ပြည်တွင်းထွက်ငရုတ်သီးတွေမှာ မှိုပါဝင်လို့ အိန္ဒိယငရုတ်သီးတွေ ရောင်းအားကောင်း

ပြည်တွင်းမှထွက်သည့် ငရုတ်သီးများတွင် ကင်ဆာရောဂါဖြစ်ပွားစေသည့် အယ်ဖာတောင်ဆန်ဟု ခေါ်သည့် မှိုအဆိပ် ၆၀ ရာခိုင်နှုန်းကျော်အထိ ပါဝင်နေသည့်အတွက် စားသုံးသူကာကွယ်ရေးဌာနက စားသုံးရန် မသင့်ကြောင်း ကြေညာထားရာ ပြည်တွင်းငရုတ်များထက် အိန္ဒိယနိုင်ငံက ဝင်လာသည့် ငရုတ်များက ဈေးကွက်ထဲတွင် ပိုမိုအရောင်းသွက်နေသည်။

ငရုတ်ကို ယာခင်းထဲမှ ခူးဆွတ်ချိန်မှသည် သယ်ဆောင်ခြင်း၊ အခြောက်လှန်းခြင်းစသည့် ရိတ်သိမ်းလွန်အဆင့်တွင် အထားအသိုကြောင့် မှိုတက်ခြင်းဖြစ်ပြီး လေးဆယ့်ရှစ်နာရီအတွင်း အခြောက်မခံပါက မှိုစွဲခြင်းဖြစ်သည်။

“မြန်မာနိုင်ငံမှာ ကုန်ကျစရိတ်နည်းနည်းနဲ့ လေးဆယ်နာရီအတွင်းမှာ အခြောက်ခံတဲ့စနစ်


ဓာတ်ပုံ-ကေဇူး

အသုံးပြုပြီး အရည်အသွေးမီတဲ့ ငရုတ်သီးနှံတွေ ထုတ်လုပ်ဖို့ လိုအပ်နေပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီနဲ့ စားဖိုချောင် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောသည်။

ငရုတ်တွင် မှိုအဆိပ်ပါဝင်မှုကို လျှော့ချစေနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံးအခြောက်ခံစက်များဖြင့် တောင်သူအချို့က စမ်းသပ်လုပ်ဆောင်သော်လည်း ဈေးကွက်အခြေအနေမကိုက်သည့်အတွက် ယင်းနည်းပညာကို အသုံးမပြုနိုင်သေးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဝင်လာသည့်ငရုတ်တွေမှာလည်း အယ်ဖာတောင်ဆန်မှိုအဆိပ်များမပါဝင်အောင် ဆေးတစ်မျိုးဖြင့် စိမ်ထားသည့်အတွက် ဓာတုဓာတ်ကြွင်းများ ကျန်ရှိနေနိုင်ကြောင်းလည်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။ လက်ရှိတွင် ယင်းဓာတုဓာတ်ကြွင်းကို ကန့်သတ်ထားတာမရှိသေးဟု ဆိုသည်။

ဈေးကွက်ထဲတွင် မြန်မာငရုတ်တစ်ပိဿာကို ငွေကျပ် ၃၂၀၀ ဖြစ်ပြီး အိန္ဒိယငရုတ် တစ်ပိဿာကို ငွေကျပ် ၃၇၀၀ ဖြစ်သော်လည်း အိန္ဒိယငရုတ်သာ အရောင်းအဝယ်ဖြစ်နေသည်။

**ထက်အောင်** (AMIA)

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် အောက်တိုဘာ ၂၃ ရက်အထိ စိုက်ပျိုးရေကေ ပေ ၁၃ ဒသမ ၃ သန်းကျော်ခန့် သိုလှောင် ထားရှိပြီးဖြစ်ပါသည်။ ယမန်နှစ်က ဆည်ရေဖြင့် နွေစပါးစိုက်ကေပေါင်း ကိုးသိန်းကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါး စိုက်ကေ ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဆည်/ကန်များနှင့် မြစ်ရေတင် လုပ်ငန်းများမှ ရေရယူစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှု နည်းပညာအကူအညီများရရှိရေး၊ လယ်ယာထွန်ယက်ရေးကိစ္စအဝဝတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနလက်အောက်ရှိ နီးစပ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားရေလှောင်တမံကြီး ရေပြည့်ရေလျှံမှုမဖြစ်စေရန် စီမံဆောင်ရွက်ပေးနေ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အရှေ့တောင်ဘက် ၂၅ မိုင်တွင် ကင်းတားဘက်စုံရေလှောင်တမံကြီးကို ၁၉၈၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ၁၉၉၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ကင်းတားတမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့်မှာ ၂၃၆ ပေနှင့်တမံအလျားမှာ ၂၀၃၄ ပေ ဖြစ်သည်။

ကင်းတားဘက်စုံရေလှောင်တမံမှ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနှင့် ပန်းလောင်ရေသောက်စနစ်တို့မှ ၁၄၇၂၇၁ ဧကအား စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ လက်ဝဲတူးမြောင်းမှ မြစ်သား၊ ဝမ်းတွင်း၊ တံတားဦးမြို့နယ်များနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် လည်းကောင်း၊ လက်ယာတူးမြောင်းမှ မြစ်သား၊ ကျောက်ဆည်နယ်များသို့ လည်းကောင်း၊ ပန်းလောင်ရေသောက်စနစ်မှ နတ်လှဲ၊ ကျီးမဲ၊ စမာဆည်များမှတစ်ဆင့် မြစ်သား၊ ကျောက်ဆည်မြို့နယ်များသို့ ရေပေးဝေလျက်ရှိသည်။

ကင်းတားရေလှောင်တမံ ပြီးစီးသည့် ၁၉၉၀ ခုနှစ်မှစ၍ ဒေသခံများ၏ စိုက်ပျိုးရေးတိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းတိုးလာပြီး ဆင်းရဲနွမ်းပါးမှု လျော့နည်းလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖွံ့ဖြိုးလာသဖြင့် ကျန်းမာရေး၊ ပညာရေးအခွင့်အလမ်းများ ပေါ်ပေါက်အကျိုးရှိလာခဲ့သည်။

ဤကဲ့သို့ စိုက်ပျိုးရေပေးဝေနေရာ ၂၀၀၆ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဝင်ရေမှာ ဧကပေ ၂၇၀၀၀၀ ကျော်အထိ ဝင်ရောက်ခဲ့သည်။ ထိုသို့ မဝင်ရောက်မီ ကန်အတွင်းရှိ ရေမှာ ဧကပေ ၈၀၀၀၀၀ ကျော်ရှိခဲ့သည်။

ထို့အပြင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မိုးရေချိန် စုစုပေါင်း ၇ ဒသမ ၄၅ လက်မအထိ ရွာသွန်းခဲ့ရာ ကန်ရေပြည့်အမှတ် ပေ၆၈၀ ထက် ကျော်လွန်၍ ၆၈၁ ဒသမ ၅ ပေ (ဧကပေ ၈၉၆၆၀) အထိ ရောက်ရှိခဲ့ရာ ရေပိုလွှဲမှ ရေပိုရေလျှံများမှာ (၁၀-၁၀-၂၀၀၆) မှ (၁၂-၁၀-၂၀၀၆) အထိ သုံးရက်လုံးလုံး ရေကျော်ကျခဲ့သည်။

မြစ်သားမြို့နယ်တွင် (၈-၁၀-၂၀၀၆) မှ (၁၀-၁၀-၂၀၀၆) အထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ သုံးရက်ပေါင်း မိုးရေချိန် ၅ ဒသမ ၈၄ လက်မ ရွာသွန်းခဲ့သဖြင့် မြစ်သားမြို့ပေါ်တွင် မိုးရေများ ဝင်ရောက်၍ ရေဝပ်နေချိန်တွင် ကင်းတားတမံအတွင်းသို့ စံချိန်တင် ရေဝင်ရောက်မှုကြောင့် ကန်ရေလှောင်နိုင်သည့်ပမာဏ ၈၇၃၅၈၀ ဧကပေ ထက် ပိုလျှံသောဝင်ရေများကို ထုတ်လွှတ်ခဲ့ရခြင်း၊ စမာရေလွှဲဆည်တွင်လည်း မြေသားတာပေါင်ဖြင့် တည်ဆောက်ထားပြီး ယခုကဲ့သို့ ရေထိန်းညှိစီမံဆောင်ရွက်နိုင်ရန် ရေတံခါးများ တပ်ဆင်ထားခြင်းမရှိသောကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

ယခုနှစ်တွင်လည်း ကင်းတားရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အားကောင်းခဲ့ပြီး ကန်ရေပြည့်ရန် ခုနစ်ပေခန့်အလိုသို့ ရောက်ရှိချိန်တွင် ၂၀၀၆ ခုနှစ်ကဲ့သို့ မိုးရွာသွန်းမှု များပြားခဲ့ပြီး သိုလှောင်နိုင်သည့် ရေပမာဏ ဧကပေ ၈၇၃၅၈၀ ထက် များပြားသောရေများ ဝင်ရောက်ခဲ့ပါက ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ စိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများကို ကြိုတင်သတိပေးနှိုးဆော်ခဲ့သည်။ ထို့အပြင် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိချိန်တွင် မိုးဆက်လက်ရွာသွန်းခဲ့ပြီး ကန်တွင်း ရေသိုလှောင်နိုင်သည့် ပမာဏထက် ကျော်လွန်ခဲ့ပါက ရွာသွန်းမိုးရေနှင့် ကင်းတားတမံအတွင်းမှ ပိုလျှံရေများ စုပေါင်းပြီး ပန်းလောင်မြစ်ကြောင်း တစ်လျှောက် ရေကြီးနစ်မြုပ်မှုများ များပြားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ထိုကဲ့သို့မဖြစ်စေရန် ကန်တွင်းဝင်ရေနှင့် အသုံးပြုရေများကို ထိန်းညှိစီမံဆောင်ရွက်သွားရန်နှင့် ဝင်ရေများကို အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လွှတ်သွားရန် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ ညွှန်ကြားမှုနှင့်အညီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ၂၄ နာရီ ရေကင်းများချထားပြီး အချိန်ပြည့်စောင့်ကြည့်စီမံဆောင်ရွက်ရာတွင် ယခင်က စိုက်ပျိုးရေပေးဝေရန်အတွက်သာ လိုအပ်သော ရေပမာဏနှင့်ကိုက်ညီသော ရေအားကြုံးဆက်ကို လျှပ်စစ်တာဘိုင်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ခဲ့ပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ပန်းလောင် ရေသောက်စနစ်များသို့ ပေးဝေခဲ့ရာ သတ်မှတ်ရေလှောင်ပမာဏထက် မရောက်ရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်ယူမှုအား တိုးမြှင့်၍ ထိန်းညှိမောင်းနှင်ကာ စီမံဆောင်ရွက်ခဲ့သည်။

ယခုအခါ ကင်းတားရေလှောင်တမံ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်တာဘိုင်များအား တိုးမြှင့်မောင်းနှင်၍ လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လွှတ်လျက်ရှိပြီး အဆိုပါ ထိန်းညှိထုတ်လွှတ်ရေများကို ရေပေးမြောင်းများမှတစ်ဆင့် နေ့စဉ်ပေးဝေနေပြီး တမံအတွင်း ဝင်ရေများမှာလည်း စတင်လျော့ကျနေပြီ ဖြစ်သဖြင့် မြစ်သားမြို့နယ်တွင် ၂၀၀၆ ခုနှစ်ကဲ့သို့ ရေကြီးရေလျှံမှုအတွက် လုံးဝစိုးရိမ်စရာ မရှိကြောင်း တင်ပြလိုက်ပါသည်။

**ထီလာမောင်**

# ကျွဲ၊ နွားအရှင် ပြည်ပသို့ တရားဝင်တင်ပို့မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျွဲ၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျွဲ၊ နွားအရှင် ပြည်ပသို့ တရားဝင်တင်ပို့မှုဆိုင်ရာအစည်းအဝေးကို နေပြည်တော်ရှိ Amara Hotel ၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊ ဆင်စွယ်၊ သားရေများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်၍ ပြည်ပသို့တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ် သတ်မှတ်ထားခဲ့ရာမှ လက်ရှိ နိုင်ငံတော်က ကျင့်သုံးဆောင်ရွက်လျက်ရှိသော စျေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့်ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်စျေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင် တင်ပို့မှုများကို တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျွဲ၊ နွားအရှင်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့တင်ပို့ခြင်းကိုဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ ကျွဲ၊ နွားများကို တရားဝင်ရောင်းချနိုင်ခြင်းဖြင့် တရားမဝင်ရောင်းဝယ်မှုများ ပပျောက်၍ နိုင်ငံတော်အတွက် တရားဝင်အခွန်အခများ ရရှိနိုင်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါများကို တားဆီးကာကွယ်ရာတွင် နိုင်ငံများအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းနှင့် မွေးမြူသူများအနေဖြင့် ရရှိသင့်သည့်စျေးနှုန်းဖြင့် ရောင်းချခွင့်ရရှိခြင်းဖြင့် ခိုင်မာသည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်းလည်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ကျွဲ၊ နွားများ တရားဝင်ကုန်သွယ်ခွင့်ရရှိရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး Food And Agriculture Organization မှ Chief Technical Advisor Dr.Murray Maclene က ကျွဲ၊ နွားတိရစ္ဆာန်များ တင်ပို့ရောင်းချမှုတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်က ကျွဲ၊ နွားအရှင် တရားဝင်တင်ပို့ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပညာရှင် ဒေါက်တာခင်မောင်ဝင်းက ကျွဲ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ပြည်ပသို့ ကျွဲ၊ နွားအရှင် တရားဝင်တင်ပို့မှုကို စမ်းသပ်ကာလအဖြစ် တစ်နှစ်ဆောင်ရွက်သွားမည်ဟု ခန့်မှန်းထားပြီး အဆိုပါ တစ်နှစ်ပြည့်ပြီးနောက်ပိုင်းတွင် ပိုမိုစနစ်ကျ၍ ရေရှည်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကြက်သွန်မျိုးစေ့များ မကြုံစဖူးဈေးတက်နေ

**ဆိပ်ဖြူ အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံတွင် ကြက်သွန်သည် အိမ်ရှင်မများ၏ မဖြစ်မနေသုံးစွဲနေရသော ဟင်းစားသီးနှံဖြစ်သည်။ ကြက်သွန်ကို ဟင်းချက်ရာတွင်မပါမဖြစ်သော မီးဖိုချောင်သုံးပစ္စည်းဖြစ်သည်။ ကြက်သွန်သည် အသုပ်သုပ်ရာတွင် မပါမဖြစ်သော သီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင် အိမ်ရှင်မများ၏ မီးဖိုချောင်သုံး အဓိကသီးနှံလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ကြက်သွန်ကို မီးဖိုချောင်သုံး သီးနှံအဖြစ်လည်းကောင်း၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချသော သီးနှံအဖြစ် လည်းကောင်း စိုက်ပျိုးရောင်းဝယ်နေကြသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်ကို နေရာအနှံ့အပြား စိုက်ပျိုးကြသည်။ အထူးသဖြင့် ကြက်သွန်ကို မြစ်သား၊ ပခုက္ကူ၊ ရေစကြို၊ မြင်းခြံ၊ တောင်သာ၊ ဆိပ်ဖြူမြို့နယ်တို့တွင် အဓိကအားထားစိုက်ပျိုးကြသည်။ ကြက်သွန်တွင် နှစ်မျိုးနှစ်စားရှိသည်။ ရွှေဖလားထိပ်မောက်နှင့် ရွှေဖလားထိပ်ပြားဟူ၍ နှစ်မျိုးရှိသည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နှစ်မျိုးစလုံးစိုက်ပျိုးကြသည်။ ကြက်သွန်ကို မြန်မာလတော်နှစ်တော်တွင် စိုက်ပျိုးကြသည်။ ကြက်သွန်ကို တော်သလင်းလတွင် ပျိုးထောင်ပြီး ပျိုးသက်လေးလအကြာ နတ်တော်လတွင်စိုက်ပျိုးကြသည်။ ကြက်သွန်ကို ပင်သက် သုံးလနှင့် လေးလအကြာတွင် စိုက်ပျိုးကြသည်။ မြင်းခြံခရိုင်တွင် ပုပ္ပားမှတောင်ကျချောင်းဖြစ်သော ဆင်တဲဝချောင်းဘေးတစ်လျှောက်တွင် အများအပြား စိုက်ပျိုးကြသည်။ ကြက်သွန်စိုက်ပြီး ကြက်သွန်ပျိုးခင်းသို့ ရေရှစ်ကြိမ်ခန့် ရေသွင်းစိုက်ပျိုးရသည်။ ကြက်သွန် တစ်ဧကတွင် အပင်ပေါင်း ၁၈၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး ကြက်သွန်ထွက်အားကောင်းပါက တစ်ဧက ပိဿာချိန် ၄၀၀၀ မှ ၅၀၀၀ အထိ ထွက်ရှိသည်။

ယခု ၂၀၁၇ ခုနှစ် ကြက်သွန်ပေါ်စ တစ်ပိဿာ ၆၀၀ ကျပ်မှ အောက်တိုဘာလကုန်အထိ ကြက်သွန်တစ်ပိဿာ ၂၃၀၀ မှ ၂၅၀၀ အထိ ဈေးတက်နေသည်။ ကြက်သွန်ဈေးသာမက ကြက်သွန် မျိုးဈေးမှာလည်း မကြုံစဖူးထူးကဲစွာ တက်နေသည်။ ယခင် ၂၀၁၆ ခုနှစ်က ကြက်သွန် မျိုးဈေးမှာ တစ်ပြည် ၂၅၀၀၀ မှ ၃၀၀၀၀ အတွင်းသာရှိပြီး ယခုနှစ်တွင် ကြက်သွန် မျိုးဈေးမှာ တစ်ဆခုနှစ်တက်သွားပြီး မျိုးစေ့တစ်ပြည် ၆၀၀၀၀ ဈေးအထိ ပေးဝယ်နေကြရသည်။ ယခုနှစ် ကြက်သွန်မျိုးဈေးကြီးသဖြင့် ယခုနှစ်အတွက် လာမည့်ကြက်သွန်ဈေးမှာလည်း ဈေးကြီးမည်ဖြစ်ကြောင်း ကြက်သွန်ကုန်သည်များက ပြောဆိုနေကြသည်။

**ဦးတင်လှိုင်(မိတ္ထီလာ)**



## သီးနှံအဆင့်မြင့်မျိုးစေ့ ထုတ်လုပ်ရေးအတွက် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ သီးနှံအဆင့်မြင့်မျိုးစေ့ ထုတ်လုပ်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကို အမြင့်မားဆုံးရရှိနိုင်ပြီး စီးပွားရေးတွက်ခြေကိုက်၍ လူနေမှုဘဝမြင့်မားစေရေး ရည်ရွယ်ကာ ယခုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားသည်။ မျိုးစေ့ထုတ်ခြံများအနေဖြင့် အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ပြီး တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အဘက်ဘက်မှ အဆင့်မြှင့်တင်ကြရန်၊ စပါးသီးနှံသာမက မိမိတို့ခြံနှင့်သင့်တော်သည့် အခြားသီးနှံမျိုးများ၏ မျိုးစေ့များကိုလည်း ထုတ်လုပ်ကြရန်၊ တောင်သူများ ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်းကြောင့် သီးနှံများတွင် ဓာတ်ကြွင်းပြဿနာ ကြုံတွေ့နေရမှုများ ပပျောက်စေရေးအတွက်လည်း စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် ဝိုင်းဝန်းကူညီဖြေရှင်းပေးရန် စသည်တို့ကိုလည်း ညွှန်ကြားရေးမှူးချုပ်က မှာကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက သုတေသနခြံများအနေဖြင့် သုတေသနလုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ရန် လိုအပ်သလို မျိုးစေ့ထုတ်ခြံများအနေဖြင့်လည်း မျိုးစေ့ထုတ်လုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်နေသူများ အနေဖြင့် တောင်သူများ၏ လိုအပ်ချက်များကို သိရှိဆောင်ရွက်ပြီး မျိုးနှင့် နည်းပညာစသည့် သုတေသနရလဒ်များကို တောင်သူများလက်ဝယ် ရောက်ရှိရေးအတွက် ဌာနအချင်းချင်း၊ တာဝန်ရှိသူများအချင်းချင်း၊ စိုက်ပျိုးရေးဝန်ထမ်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှစ်ဦး ဦးဆောင်၍ ခြံတာဝန်ခံများက သီးနှံအဆင့်မြင့်မျိုးစေ့(High Class Seed) ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များ၊ မျိုးစေ့အခက်အခဲများ၊ ဖြေရှင်းနိုင်ရေးနည်းလမ်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနစုကွင်းအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အမြဲတမ်းမျိုးသန့်မျိုးစေ့(Nucleus Seed) ထိန်းသိမ်းထားသည့် စိုက်ခင်းများနှင့် မိဘမျိုးစေ့(Breeder Seed) ထုတ်လုပ်ပွားများသည့် စိုက်ခင်းများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**မင်းမင်းလတ်**

# လယ်ယာထွက်ကုန် ဈေးနှုန်းသုံးသပ်ချက်

**(အောက်တိုဘာ ၂၃ မှ ၂၇ အထိ)**

ဒီတစ်ပတ်မှာတော့ ဆန်ဟောင်း ဆန်ကြမ်းအချို့ ဈေးတက်လာခဲ့ပါတယ်။ ကြက်သွန်နီကတော့ ရက်သတ္တပတ်အစမှာ ဈေးတက်ခဲ့ပေမယ့် သောကြာနေ့မှာတော့ ဈေးအနည်းငယ် ပြန်ကျဆင်းသွားခဲ့ပါတယ်။ ပြည်ပဈေးကွက်ပျက်နေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံတို့ကတော့ ဆက်ပြီး ဈေးကျနေဆဲဖြစ်နေပါတယ်။

**မြီးတုံးဆန် ဈေးဆက်တက်**

ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့တဲ့ ဆန်ကြမ်းတွေထဲမှာ မြီးတုံးဆန်လည်း အပါအဝင်ဖြစ်ပါတယ်။ ဆန်အသစ်ပေါ်ခါနီး အဟောင်းတွေ အဝင်နည်းနေတဲ့အတွက် ဆန်ဟောင်းတွေက ဈေးတက်လာတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်အိတ်ကို ကျပ် ၃၀၀၀ လောက် အမြင့်ဆုံးမြင့်တက်ခဲ့ပြီးတော့ ဒီတစ်ပတ်မှာလည်း တစ်အိတ်ကို ကျပ် ၂၀၀၀ လောက် ထပ်ပြီးမြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က အနိမ့်ဆုံးဈေး ၃၀၀၀၀ ကနေ ၃၃၀၀၀ အထိ ပေါက်ဈေးရှိခဲ့ရာက ဒီတစ်ပတ်မှာတော့ အနိမ့်ဆုံးဈေး ၃၂၀၀၀ ကနေ အမြင့်ဆုံးဈေး ၃၄၀၀၀ အထိ ဈေးရရှိနေပါတယ်။



**မတ်ပဲ(FAQ/RC)နဲ့ ပဲစင်းငုံ ဈေးဆက်ကျဆင်း**

မတ်ပဲကတော့ အိန္ဒိယနိုင်ငံက ဝယ်ယူခွင့်ကန့်သတ်လိုက်တဲ့ အချိန်ကတည်းက ဈေးဆက်တိုက်ကျဆင်းလာခဲ့တာ အခုဆိုရင် တစ်လကျော် ကြာမြင့်သွားပါပြီ။ လက်ရှိအချိန်အထိကို ဈေးက အတက်အကျ တည်ငြိမ်မှုမရှိဘဲ ဈေးကွက်အတွင်းမှာ၊ တောင်သူတွေနဲ့ ကုန်သည်တွေအကြားမှာ ဆက်သိုလှောင်ရမလား၊ ရောင်းထုတ်ရတော့မလားဆိုတဲ့ မေးခွန်းတွေလည်း ရှိနေဆဲပါပဲ။ ဈေးကွက်အတွင်းမှာတော့ ငွေလိုနေတဲ့ တောင်သူအချို့သာ ရောင်းထုတ်နေပြီး အိန္ဒိယရဲ့ပဲအဝယ်ကို မျှော်လင့်နေတဲ့ တောင်သူအချို့ကတော့ လှောင်ထားတုန်းအနေအထားမှာပဲ ရှိနေပါတယ်။ ဒါကြောင့် မတ်ပဲက ပြည်တွင်းဈေးကွက်အတွင်း အနည်းငယ်တော့ အရောင်းအဝယ် ရှိနေဆဲပါပဲ။

ပြည်တွင်းမှာ မတ်ပဲဈေးတွေက ကျဆင်းနေပေမယ့် အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲဈေးက အနည်းငယ် မြင့်တက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ် သောကြာနေ့မှာ မတ်ပဲတစ်တန်ကို ၄၈၀၀၀၀ နီးပါးနဲ့ ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မတ်ပဲက တစ်တန်ကို ၄၉၀၀၀၀ အတက်ဈေးနဲ့ ဈေးပိတ်ခဲ့ပါတယ်။

ပဲစင်းငုံကလည်း ဒီတစ်ပတ်ထဲမှာ အကျဈေးနဲ့ ရှိနေဆဲပါပဲ။ မတ်ပဲလို အတက်အကျမကြမ်းပေမယ့် တအိအိနဲ့ ဈေးကျဆင်းနေတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ ပဲလက်ကျန်မရှိတဲ့အတွက်ကြောင့် အရောင်းအဝယ်မရှိဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ မိုးစိုက်ပဲစင်းငုံ ဧရိယာက ၂၀ ရာခိုင်နှုန်းနီးပါး ဈေးလျော့ပြီး အထွက်နှုန်းကလည်း လျော့နည်းနိုင်တယ်လို့ ခန့်မှန်းထားတဲ့အတွက် ဈေးကွက်မှာ ပြောင်းလဲနိုင်တယ်လို့ မျှော်လင့်နေကြပါတယ်။ ဒါပေမယ့် အိန္ဒိယအစိုးရလက်ထဲမှာလည်း ပဲစင်းငုံ တန်ချိန် ရှစ်သိန်းခန့် ရှိနေသေးတဲ့အတွက် ဈေးကွက်အတွင်း ငြိမ်နေနိုင်တယ်လို့လည်း Agriwatch က သုံးသပ်ထားပါတယ်။ ပြီးခဲ့တဲ့အပတ်က ပဲစင်းငုံက တစ်တန်ကို ၃၂၅၀၀၀ ပေါက်ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၃၃၄၀၀၀ အတက်ဈေးနဲ့ ဈေးပိတ်ခဲ့ပါတယ်။

**ကြက်သွန်နီဈေး**

ကြက်သွန်နီကတော့ ပြီးခဲ့တဲ့လကတည်းက တဖြည်းဖြည်း ဈေးမြင့်တက်လာနေပြီးတော့ ဒီတစ်ပတ်အစမှာလည်း အမြင့်ဆုံးဈေး တစ်ပိဿာကို ၁၆၇၅ ကျပ်အထိ မြင့်တက်လာပါတယ်။ ဈေးမြင့်လာတဲ့အတွက် စားသုံးသူနည်းပါးလာပြီး ဒိုင်တွေမှာ အရောင်းအဝယ် နည်းပါးခဲ့ပါတယ်။ အရောင်းအဝယ်နည်းပါးတာနဲ့အမျှ ကုန်အဝင်နည်းပြီး ဈေးက ပိုမိုမြင့်တက်လာတာပဲ ဖြစ်ပါတယ်။ ဈေးဖွင့်တဲ့အစမှာ ဈေးတက်ခဲ့ပေမယ့် သောကြာနေ့မှာ တော့ တစ်ပိဿာကို ၁၄၇၅ ကျပ်အထိ ဈေးပြန်လည်ကျဆင်းသွားပါတယ်။

**နှမ်းညိုဈေးတက်**

နှမ်းမျိုးစုံတွေထဲကမှာ နှမ်းညိုကတော့ ပြီးခဲ့တဲ့အပတ်က ဈေးက တက်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း တစ်အိတ်ကို ၂၀၀၀ လောက် ဈေးမြင့်တက်လာခဲ့ပါတယ်။ နှမ်းပေါ်ချိန်ဖြစ်ပြီးတော့ တောင်သူတွေက ချက်ချင်းရောင်းချနေသလို ပြည်ပကိုပါ ပိုမိုတင်ပို့နေပါတယ်။ ဒီတစ်ပတ်မှာတော့ နှမ်းညိုက တစ်အိတ်ကို ကျပ် ၉၈၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**နှမ်းဖြူ(ခြံ)**

နှမ်းဖြူ(ခြံ)ကလည်း ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးတည်ငြိမ်မှုသိပ်မရှိခဲ့ဘဲ ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်တက်လာပါတယ်။ တစ်အိတ်ကို ကျပ် ၄၀၀၀ လောက် ဈေးမြင့်တက်လာခဲ့ပြီး လက်ရှိဈေးက တစ်အိတ်ကို ကျပ် ၁၂၂၀၀၀ ရှိပါတယ်။

**ရွှေပဲသီး**

အောင်ပန်းကုန်စည်ဒိုင်မှာတော့ ရွှေပဲသီးဈေးက တစ်ပိဿာကို ၂၀၀၀ လောက်အထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ ကုန်စည်ဒိုင်ကို အဝင်နည်းလာတဲ့အတွက် ဈေးတွေတက်လာတာဖြစ်ပြီးတော့ လက်ရှိမှာ ကုန်စည်ဒိုင်ကို အဝင် မရှိသလောက်ကို နည်းလာတာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိရွှေပဲသီး ပေါက်ဈေးက တစ်ပိဿာကို ၅၂၀၀ ရှိပါတယ်။

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**

# လာမည့် နှစ်နှစ်အတွင်း အိန္ဒိယနိုင်ငံကို ပဲတင်သွင်းရန်မလိုဟုဆို

**ရန်ကုန် အောက်တိုဘာ ၂၉**

လာမည့်နှစ်နှစ်အတွင်းတွင် အိန္ဒိယနိုင်ငံအနေဖြင့် ပဲတင်သွင်းရန်မလိုဘဲ ပြည်တွင်းစားသုံးမှုအတွက် ပြည်တွင်းမှာပင် လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။



အိန္ဒိယနိုင်ငံ ပဲထုတ်လုပ်မှုတွင် ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က တန်ချိန် ၁၆ ဒသမ ၃၅ သန်းသာ ထွက်ရှိခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂ ဒသမ ၉၅ သန်းမျှ စံချိန်တင်ထွက်ရှိခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က အိန္ဒိယနိုင်ငံသည် ပဲတန်ချိန် ငါးသန်း ပြည်ပမှ တင်သွင်းခဲ့ပြီး ယခုနှစ်တွင် ပဲအထွက်နှုန်းများခြင်း၊ ပြည်တွင်းပဲဈေးကျခြင်းကြောင့် အိန္ဒိယနိုင်ငံက အချို့ပဲများ တင်သွင်းမှုကို မကြာခင်က ကန့်သတ်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ပြည်ပမှ ပဲတင်သွင်းမှု လျော့ကျခဲ့ကြောင်း သိရသည်။

ထို့အပြင် အိန္ဒိယအစိုးရသည် စားသုံးဆီတင်သွင်းနေမှုကို လျှော့ချရန်အတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ရန် အလေးပေးလုပ်ဆောင်နေကြောင်းလည်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ဆီထွက်သီးနှံ ဟက်တာပေါင်း ၂၆ ဒသမ ၂၀ သန်း စိုက်ပျိုးခဲ့ပြီး တန်ချိန် ၃၂ ဒသမ ၁ သန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ တစ်ဟက်တာလျှင် ၁၂၂၅ ကီလိုဂရမ် ထွက်ရှိခဲ့ခြင်းလည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ပြည်ပမှ ဟင်းသီးဟင်းရွက်ဆီ တန်ချိန် ၁၄ ဒသမ ၅ သန်း တင်သွင်းခဲ့ရကြောင်း သိရသည်။

**မင်းသူအောင်(AMIA)**

# နိုင်ငံခြားဆန်တင်သင်္ဘောလေးစင်း ကုန်တင်၊ ကုန်ချ ပြုလုပ်နေခြင်းကြောင့် ဆန်ကုန်ကြမ်းပြတ်လတ်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာ့ဆန် ဝယ်ယူထားသည့် နိုင်ငံများဆီသို့ ဆန်ကို ပင်လယ်ရေကြောင်းမှ တင်ပို့တင်ဆောင်နိုင်ရန် ရန်ကုန်ဆိပ်ကမ်းအသီးသီးတွင် နိုင်ငံခြားဆန်တင်သင်္ဘောလေးစင်း ကုန်တင်၊ ကုန်ချ ပြုလုပ်နေပြီး သတ်မှတ်အချိန်မီ ထွက်ခွာနိုင်ရေး ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဆန်တင်သင်္ဘောများမှာ ပုဂ္ဂလိကချင်း ချိတ်ဆက်မှုဖြင့်သော်လည်းကောင်း၊ အစိုးရချင်း ချိတ်ဆက်မှုဖြင့်သော်လည်းကောင်း ဆန်များ လာရောက်တင်ဆောင်ရန်ဖြစ်ပြီး လက်ရှိရန်ကုန်ဆိပ်ကမ်းအသီးသီးတွင် နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်မှုများနေကာ ထိုအထဲမှ ကုန်တင်ကုန်ချဆဲ ဆန်တင်သင်္ဘောများမှာ ဆူးလေဆိပ်ကမ်း(၁)တွင် ဆန်တန်ချိန် ၁၅၀၀၀၊ ဆူးလေ ဆိပ်ကမ်း (၂)တွင် ဆန်တန်ချိန် ၂၀၀၀၀၊ ဆူးလေ ဆိပ်ကမ်း (၅)တွင် ဆန်တန်ချိန် ၂၄၅၀၀၊ ဆူးလေဆိပ်ကမ်း (၇)တွင် ဆန် တန်ချိန် ၂၂၀၀၀ ကို လည်းကောင်း အသီးသီး ကုန်တင်ကုန်ချ ပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်က "ဆန်တင်သင်္ဘောကြီးလေးစင်းက cargo တင်ချိန် နည်းနည်းခက်နေတာကလွဲရင် ဆန်ဈေး ခပ်အေးအေးနဲ့ လည်ပတ်နေတယ်"ဟု ပြောသည်။

နိုင်ငံခြားသို့ ဆန်တင်ပို့မှုများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အစိုးရချင်းသဘောတူညီမှုဖြင့် ဝယ်ယူသည့် ဆန်တန်ချိန်တစ်သိန်းအတွက် ဈေးနှုန်းသတ်မှတ်ချက်သည် ပြည်တွင်းဆန်ကုန်သည်များအတွက် အကျိုးအမြတ်နည်းကြောင်းလည်း ၎င်းက ဆက်ပြောသည်။



လက်ရှိတွင် သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဆန်အမှာများပြားခဲ့ခြင်းနှင့်အတူ မြန်မာ့ ဆန်ကုန်သည်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ဆန်ဈေးကွက်သစ်နိုင်ငံများ ပိုမိုရရှိခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ကုန်ပစ္စည်းပြတ်လပ်သည်အထိ ကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံတကာဆန်ဈေးကွက်အတွင်းသို့ မြန်မာနိုင်ငံက အများဆုံးတင်ပို့နေသည့် (၅)မှတ်နှင့် (၂၅)မှတ်ရှိ ဆန်အမျိုးအစားများမှာ လက်ရှိတွင် ဈေးတက်နေသော်လည်း လာမည့် နိုဝင်ဘာအစတွင် နိုင်ငံတကာ၌ ဆန်သစ်များ အပြိုင်အဆိုင် အများအပြား ထွက်ရှိလာမည်ဖြစ်၍ ဆန်ဈေးနှုန်း တည်ငြိမ်သွားမည်ဖြစ်ကြောင်း ပြည်ပသို့ ဆန်တင်ပို့ရောင်းချနေသူတစ်ဦးက ပြောသည်။

လက်ရှိ မြန်မာ့ဆိပ်ကမ်းအသီးသီးတွင် ဆိုက်ကပ်ထားသော ဆန်တင်သင်္ဘောများပေါ်သို့ မှာယူထားသည့် ဆန်များ အချိန်မီ တင်ပေးနိုင်ရန် ပုဂ္ဂလိက ဆန်ကုန်သည်များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

ယခုနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ယခင်နှစ်ထက် တိုးတက်လာပြီး လက်ရှိ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၂၆ ရာခိုင်နှုန်း၊ နယ်စပ်ကုန်သွယ်ရေးမှ ၇၆ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ရှစ်လတာအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှာ တန်ချိန် နှစ်သန်းကျော် ရှိကြောင်း သိရသည်။ လက်ရှိဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့ထားသည့် နိုင်ငံပေါင်းမှာ ၅၃ နိုင်ငံရှိပြီး ယခင်နှစ်ကာလတူအချိန်က နိုင်ငံပေါင်း ၃၁ နိုင်ငံသာ ရှိခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံပေါင်း ၂၂ နိုင်ငံ ဈေးကွက်ပိုမိုရရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင် ဆန်နှင့်ဆန်ကွဲအများဆုံး တင်ပို့ထားသည့် နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး**

# စဉ့်ကူးမြို့နယ်တွင် မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

**စဉ့်ကူး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ယခုနှစ်တွင် နေရာဒေသအနှံ့အပြားတို့တွင် ရေဝတီမြစ်ရေဝင်ရောက်ခဲ့ခြင်းနှင့် မိုးရွာသွန်းမှုကောင်းမွန်ခဲ့ခြင်းတို့ကြောင့် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေများပိုလျှံလုံလောက်စွာ ဝင်ရောက်ခဲ့ရာ နွေစပါးအပြင် မိုးစပါးပါ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်၌ လယ်သမားများအနေဖြင့် စပါးများစိုက်ပျိုးရာတွင် ဆည်ရေသောက် စနစ်နှင့် မိုးကောင်းသောက်စနစ်တို့ဖြင့် နွေရာမိုးပါ စိုက်ပျိုးလျက်ရှိကြရာ ယခုနှစ် သီးနှံစိုက်ပျိုးရာသီတွင် ရေအတွက် ရင်လေးနေစရာမလိုကြတော့ဘဲ သီးနှံများ ဖြစ်ထွန်းအောင်မြင်နေကြပြီး အထွက်နှုန်းတိုးရေးနှင့် သီးနှံပေါ်ချိန် ဈေးကောင်းရရှိရေးကိုသာ မျှော်မှန်းဆောင်ရွက်လျက်ရှိကြသည်။ စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင်ရေလှောင်တမံ ဆည်သည် မိုးရေသိုလှောင်ရရှိမှု အနည်းအများအပေါ်မှီပြီး ပုံမှန်အားဖြင့် မူရင်းစပါးအပါအဝင် နွေစပါးစိုက်ဧက ၁၅၀၀ နှင့် မိုးစပါးစိုက်ဧက ၆၀၀၀ ကျော်အား ရေပေးစိုက်ပျိုးနိုင်မှုရှိသော်လည်း ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် မိုးစပါးစိုက်ဧက သတ်မှတ်လျာထားချက်ထက်ကျော် လွန်ကာ ဧက ၂၃၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူများအနေဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် နွေရာမိုးပါ စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# အကောင်းဆုံးစပါးစိုက်ပျိုးနည်းစနစ် စံပြကွက် ကွင်းသရုပ်ပြ

**နတ်တလင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု ဘုန်းကြီးရေဆည်ရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အကောင်းဆုံးစပါးစိုက်ပျိုးနည်းစနစ် စံပြကွက် (Best Management Practice-BMP)ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပသည်။ ကွင်းသရုပ်ပြပွဲတွင် တာပွန်မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးသူက အကောင်းဆုံးစံပြစိုက်ပျိုးနည်းစနစ် စံပြကွက် သရုပ်ပြပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များနှင့် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ သုံးစွဲရန်၊ ဓာတုဆေးဝါးများမသုံးစွဲဘဲ အော်ဂဲနစ်ကိုသာ စပါးပင်၏ အချိန်အခါ အရွယ်ကိုကြည့်၍ သုံးစွဲကြရန် စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

# စိတ်ပျော်အောင်နေ အသက်ရှည်

**ကြည်လွင်မြင့်(မုံရွာ)**



လူ့ဘဝဟူသည် ရခဲလှသည်ဆိုသော်လည်း ရလာပြန်သော အခါတွင်လည်း ပတ်ဝန်းကျင်နှစ်မျိုးနှင့် ရင်ဆိုင်ရပြန်သည်။ ထိုပတ်ဝန်းကျင်နှစ်မျိုးမှာ- ၁။ သဘာဝပတ်ဝန်းကျင်၊ ၂။ လူ့ပတ်ဝန်းကျင်တို့ ဖြစ်သည်။ လူတိုင်းသည် ဤပတ်ဝန်းကျင်နှစ်မျိုးနှင့် လိုက်လျောညီထွေဖြစ်အောင် နေကြရပြီး မနေနိုင်သောသူများမှာ အသက်တိုရမည်သာဖြစ်သည်။

စာရေးသူသည် ကျန်းမာရေးဆောင်းပါးများသာ ရေးသားသူဖြစ်သဖြင့် လူ့ပတ်ဝန်းကျင်အကြောင်းကို မရေးသားနိုင်ပါ။ လူ့ပတ်ဝန်းကျင်သည် အတွေးအခေါ်ပိုင်းဆိုင်ရာ၊ ဝါဒဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာတို့နှင့် ရှုပ်ထွေးလှပြီး အလွန်ကျယ်ပြန့်လွန်းသည်။ ဆေးဆရာတစ်ဦးအနေဖြင့် လက်လှမ်းမမီနိုင်ပါ။

သို့ကြောင့် လူတို့၏ကျန်းမာရေး၊ အသက်ရှင်ရေးနှင့် ပတ်သက်သော သဘာဝပတ်ဝန်းကျင်အကြောင်းကို ရေးသား လိုသည်။ သဘာဝပတ်ဝန်းကျင်တွင် (၁) ရာသီဥတု၊ (၂) အနေအထိုင်၊ (၃) အစားအသောက်၊ (၄) အပြုအမူတို့သည် ကျန်းမာရေးနှင့်ဆက်နွှယ်နေသော အခြေခံအချက်များဖြစ်သည်။

ထိုအချက်များတွင်လည်း ရာသီဥတုဟူသောအချက်မှာ သူ့အလိုအလျောက် ရေမြေတောတောင် သဘာဝအခြေခံ၊ မိုးလေဝသအခြေခံအပေါ် မူတည်၍ ကံအကြောင်းတရားကြောင့် တဲအိမ်တွင်နေရသည်၊ တိုက်အိမ်တွင်နေရသည်၊ သန့်ရှင်းသောအရပ်ဒေသတွင် နေရသည်၊ ညစ်ပတ်နံစော်သော၊ လူနေထူထပ်သောနေရာတွင် နေရသည် စသည်ဖြင့် မိမိတို့ မိသားစုလိုက် စီးပွားရေးအဆင်ပြေရာတွင် ရသော ဝင်ငွေ အဆင့်အတန်းဖြင့် နေကြရသဖြင့် တစ်ခါတစ်ရံတွင် မိမိနေချင်သလို ဖန်တီး၍မရနိုင်ပေ။ ပျော်ရာမှာ မနေရ၊ တော်ရာမှာနေရသည့် အခါများလည်း ရှိနိုင်ပေသည်။

မိမိဘဝပေးအခြေအနေအရ တဲပေါ်မှာနေသူသည် တိုက်ပေါ်မှာနေချင်၍ မရနိုင်ပေ။ စိတ်ကူးယဉ်နေမည့်အစား ကြိုးစားမှုရမည်။ တိုက်ပေါ်မှာနေပြီး မွန်းကျပ်နေသူမှာလည်း တောရိပ်၊ တောင်ရိပ်၊ ကန်ရေပြင်ကျယ်နှင့် အေးမြသော လေကောင်းလေသန့် ရသောနေရာကို မက်မောပေလိမ့်မည်။ သို့သော် မိမိအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးရှိသောနေရာမှာသာ တစ်သက်လုံး မွန်းကျပ်စွာ နေသွားရတတ်သည်။ ဤသည်မှာ ပြောင်းလဲချင်တိုင်း ပြောင်းလဲမရသော ဘဝအခြေအနေများဖြစ်သည်။

သို့သော် ကျန်းမာရေးရှုထောင့်နှင့်မညီသော အနေအထိုင်များကို ကိုယ်တိုင်ပြုပြင်ယူရမည့်အရာများလည်း ရှိသည်။ သဘာဝထက်လွန်ကဲ၍ အအေးကြိုက်ခြင်း၊ အအေးခံလွန်းခြင်း၊ ဥပမာအားဖြင့် အင်္ကျီချွတ်ဖြင့်နေထိုင်ခြင်း၊ ပန်ကာလေခံခြင်း၊ အဲကွန်းကို အအေးချိန်လွန်ကဲအောင်ဖွင့်ခြင်း၊ တံခါးပေါက်ဖွင့်ပြီး လေတိုက်ခံအိပ်ခြင်း၊ အချိန်မဲ့အခါမဲ့ ရေချိုးခြင်း၊ အချိန်ကြာမြင့်စွာအအေးခံပြီး ရေချိုးခြင်း စသည်တို့ကို ကိုယ်တိုင်မဆင်ခြင်သဖြင့် အအေးပတ်ခြင်းနှင့် နောက်ဆက်တွဲ အအေးပတ်၍လေဖြတ်ခြင်း၊ ယနေ့ခေတ်စားနေသော Heat Stroke ရခြင်းများ ဖြစ်နိုင်သည်။

အပူလွန်ကဲသောရာသီများတွင် လူတိုင်းပင် အအေးကို ရှာကြသည်။ ငွေကြေးတတ်နိုင်လျှင် ပြင်ဦးလွင်(မေမြို့)ကဲ့သို့သော အေးသောအရပ်ကို ပြောင်းရွှေ့နေကြသည်။ အလုပ်ကြောင့် မသွားနိုင်သောအခါ အဲကွန်းခန်းဖြင့်နေကြသည်။ ဤသည်မှာ ငွေကြေးတတ်နိုင်သူများအတွက်ဖြစ်သည်။

ငွေကြေးမတတ်နိုင်သူများအတွက်မှာ ခံနိုင်ရည်ကို မွေးယူကြရန်ဖြစ်သည်။ သဘာဝအရ အအေးဓာတ်ရှိသော သစ်ရိပ်၊ ဝါးရိပ် မရှိသောအခါ၊ ပန်ကာလေပင် အသုံးမပြုနိုင်သောအခါ ခံနိုင်ရည်ကို မွေးယူရမည်ဖြစ်သည်။ ပါးသောအင်္ကျီ၊ လုံချည်၊ ချည်ထည် စသည်တို့ကိုဝတ်ပြီး ငြိမ်သက်စွာနေလျှင် အပူဒဏ်ကို ခံနိုင်သည်။ သင်ဖြူးဖျာ၊ မြက်ဖျာတို့ဖြင့် အိပ်လျှင်လည်း အပူဒဏ်ကိုခံနိုင်သည်။

တရားရိပ်သာတစ်ခုတွင် အလွန်ပူပြင်းသောအချိန်၌ သွပ်မိုးဓမ္မာရုံအောက်တွင် တရားထိုင်မည့်အစား အပြင်ကွင်းပြင် သစ်ပင်ရိပ်တွင် ကွပ်ပျစ်ငယ်လေးပြုလုပ်ပြီး တရားထိုင်ကြသည်ကို တွေ့ရဖူးသည်။ အပူဒဏ်ပြင်းသော်လည်း တရားမှတ်ပြီး စိတ်အေးချမ်းမြေ့သွားသောအခါ ခန္ဓာအပူငြိမ်းသွားသည်ဟု သက်ကြီးရွယ်အို ယောဂီအဘွားတစ်ဦးက ပြောဖူးသည်ကို အမှတ်ရသည်။

ထိုအချိန်က မြို့တွင်းရှိရပ်ကွက်များတွင် အပူဒဏ်ကြောင့် လူကြီးများ အလွန် အသေအပျောက်များချိန်ဖြစ်သည်။ နေမွန်းတည့်ချိန်တွင် မြစ်ဆိပ်တွင် ရေဆင်းချိုး၍ သေကြရသူများလည်း ရှိသည်။ အပူဒဏ်ကို လိုက်လျောညီထွေဖြစ်အောင် တဖြည်းဖြည်းမပြုပြင်ဘဲ ဆန့်ကျင်ဘက်ပြုခြင်းကြောင့် ဦးနှောက်သွေးကြောပေါက်၍ သေကြရခြင်း ဖြစ်သည်။

နံပါတ်(၃)အချက်ဖြစ်သော အစားအသောက်ကိုဆင်ခြင်၍ မိမိနှင့်သင့်လျော်အောင် ပြုပြင်စားသောက်ခြင်းအကြောင်းကို ပြောလိုသည်။ တစ်ခါက ဆီးချိုရောဂါရှိသူတစ်ဦးသည် သူ့တွင် ဆီးချိုတက်မည်စိုး၍ အစားရှောင်ရင်းမှ စားစရာ ဘာမျှ မကျန်တော့ကြောင်း၊ အရာရာမတည့်သောကြောင့် ရှောင်ရသည်က များသဖြင့် ခံတွင်းပျက်ပြီး အားပြတ်လာကြောင်း ပြောပြသည်။ ထိုအချိန်က သရက်သီး လှိုင်လှိုင်ပေါ်ချိန် ဖြစ်သဖြင့် စိန်တစ်လုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ အောင်ဒင် စသော တန်ဖိုးကြီးသရက်သီးများပင် ဈေးချိုချိုဖြင့်ရနိုင်သော အချိန်ဖြစ်သည်။ သရက်သီးမှည့်လေးနှင့် ထမင်းစားလိုက်ရလျှင်ဟူသည့် အတွေးဝင်လာသော်လည်း ဆီးချိုတက်မည်စိုးသဖြင့် မစားရ၊ သားသမီးများကလည်း ပိတ်ပင်ကြသည်ဟု သူကပြောသည်။

စာရေးသူက သူ့ကို အကြံပေးသည်။ သရက်သီးကို ထမင်းစားပြီးလျှင် အာသာပြေ တစ်စိတ်မျှစားပါဟု၊ တစ်နေ့လျှင် တစ်စိတ်သာစားပါဟု အကြံပေးသည်။ သုံး၊ လေးရက်ကြာလာသောအခါ သူနှင့်တွေ့သည်။ သရက်သီးတစ်စိတ်စား၍ ဆီးချိုတက်သလားဟုမေးရာ မတက်ပါဟု သူကပြောသည်။ သူ့မှာလည်း အာသာပြေစားရသဖြင့် ထမင်းစားဝင်လာကြောင်း ပြောသည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ စာရေးသူသည် သူ့ကို သရက်သီးနှစ်စိတ် တိုးစားရန် ပြောသည်။ သူကလည်း အနည်းငယ်ရဲတင်းလာပြီး နှစ်စိတ်တိုးစားသည်။ စားခါစရက်က ဆီးချိုအနည်းငယ်တက်နေကြောင်း ပြောသည်။ စာရေးသူက အနည်းငယ်တက်ရုံမျှနှင့် မကြောက်ပါနှင့်။ နှစ်စိတ်ထက်မပိုဘဲ စားပါဟု ပြောသည်။ နောက် နှစ်ရက်၊ သုံးရက် ကြာသောအခါ သူနှင့်တွေ့သည်။ သရက်သီးနှစ်စိတ်စား၍ ဆီးချိုမတက်တော့ကြောင်း ပြောသည်။ စားချင်တာစားရ၍ သူ့မှာ ရွှင်ရွှင်လန်းလန်းဖြစ်နေကြောင်း တွေ့ရသည်။

တစ်ခါက အသည်းအထူးကုဆရာဝန်ကြီးတစ်ဦးသည် အဆီရှောင်ရန်၊ ဝက်သား၊ ဝက်ဆီရှောင်ရန် လမ်းဘေးမှအစာများ၊ ဆီမသန့်သောအစာများကို ရှောင်ရန် မကြာခဏပြောသည်။ သို့သော် တစ်နေ့တွင် သူကိုယ်တိုင် မန္တလေး ဗထူးကွင်းအနောက်ဘက်ရှိ လမ်းဘေး၌ အထမ်းဖြင့်ရောင်းသော မြီးရှည်ဆိုင်တွင် ကားရပ်ပြီး ဆင်းထိုင်စားသည်ဟုဆိုသည်။ ဆရာကြီးက “ဒီမြီးရှည်ဆိုင်မှာ တို့ကျောင်းသားကတည်းက ထိုင်စားလာတာ၊ အရသာ သိပ်ကောင်းတာ၊ မြင်တာနဲ့ မနေနိုင်ဘူး။ နောက်မှပဲ အဆီမစားဘဲ လေး၊ ငါးရက်လောက် ရှောင်ပြီး ခန္ဓာကိုယ်ကို အလျော်ပြန်ပေးတော့မယ်”ဟုပြောကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုရသည်။

မှန်ပါသည်။ ကိုယ်ငယ်စဉ်ကတည်းက ကြိုက်သောအစာ၊ ခံတွင်းတွေ့သောအစာကို တွေ့လိုက်လျှင် စိတ်ထဲမှ စားချင်ပြီး သွားရည်ယိုလာမည်ဖြစ်သည်။ စားချင်လျက်နှင့် ရှောင်လိုက်ရလျှင် အစာတောင့်တစိတ် ပျက်စီးသွားမည်ဖြစ်သည်။ ရောဂါရလာမည်ဖြစ်သည်။

စားချင်တာကို တစ်ကြိမ်လေးစားပြီး အာသာပြေသည့်အတွက် ရောဂါမတိုးနိုင်ပါ။ အစားဝင်သည့်အတွက် ခံတွင်းကောင်းလာသောအခါ ခံနိုင်ရည်ပိုတိုးလာပါမည်။ ရှောင်သင့်သည့်အချိန်တွင် ပြန်ရှောင်လိုက်ပါ။ ဤနည်းဖြင့် ကိုယ်ခံအားနှင့် ခံနိုင်ရည်ကို မွေးယူနိုင်သည်။

ညနေထမင်းစားခါနီးတွင် အရက်ကို ဆေးဖက်ဝင်ရုံမျှ တစ်ပက်၊ နှစ်ပက် သောက်လေ့ရှိသော လူကြီးများရှိသည်။ တစ်ခါတစ်ရံ နေထိုင်မကောင်းသဖြင့် မသောက်ရတော့။ နေပြန်ကောင်းလာသောအခါ စိတ်က ပြန်တောင့်တလာသည်။ သို့သော် ပြန်နေမကောင်းဖြစ်မည်စိုး၍ မသောက်ရဲ၊ စိတ်အလိုမလိုက်ရသဖြင့် ဘာစားစား ခံတွင်းမတွေ့၊ အစားပျက်၊ ခံတွင်းပျက် ဖြစ်လာတတ်သည်။ ထိုကဲ့သို့ဖြစ်နေသော သက်ကြီးရွယ်အိုတစ်ဦးကို စာရေးသူသည် သူကြိုက်သောအရာကို တစ်ပက်၊ လက်ဖက်ရည်အကြမ်းပန်းကန် တစ်ဝက်မျှ သောက်ခိုင်းပြီး အစားစားခိုင်းကြည့်သောအခါ နေကောင်းလာကြောင်း ပြောသည်ကို တွေ့ကြုံရဖူးသည်။

လူ့ဘဝ တိုတောင်းလှသောအချိန်လေးတွင် အနေအထိုင်နှင့် အစားအသောက်အတွက် တင်းကျပ်လွန်းလျှင် မည်မျှဆေးကောင်းဖြင့်ကုသော်လည်း ရောဂါမပျောက်နိုင်ပါ။ စိတ်အလိုလိုက်ရန် မလိုသော်လည်း စိတ်ကျေနပ်မှုရစေရန် အတိုင်းအတာတစ်ခုထိ လိုက်လျောညီထွေနေရန်လိုသည်။

အချို့လူကြီးများတွင် ပိုးမွေးသလိုစောင့်ရှောက်ပြီး အနေအထိုင် အစားအသောက်များ ဆင်ခြင်နေရင်းမှပင် ရောဂါများမှာ တိုးသည်ထက် တိုးလာသည်ကို တွေ့ရသည်။ သောက်ရသောဆေးလည်း များသည်ထက်များလာပြီး ဆေးဒဏ်ကြောင့် အစားအသောက်ပျက်၊ ခံတွင်းပျက်၊ နာလန်မထူဖြစ်ကာ အိပ်ရာထဲလဲရသည့် အဖြစ်ဆိုးများရှိသည်။

အချို့လူများမှာ ရောဂါရှိသော်လည်း ရောဂါသည်နှင့်မတူ၊ ပျော်ပျော်နေသည်။ ပေပေတေတေနေသည်ဟု ဆိုချင်ဆို၊ စိတ်မထင်လျှင် စားသည်၊ သွားသည်၊ ကြိုက်ရာလုပ်သည်။ တစ်ခါတစ်ရံ ဒဏ်ခံလိုက်ရသည်။ ပြန်ကောင်းလာသည်နှင့် အစားအသောက်ကို ထင်ရာစားပြန်သည်။ ထိုကဲ့သို့သောသူများကိုကြည့်လျှင် ကိုယ်ခံအားကောင်းနေပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိနေသည်ကို တွေ့ရသည်။

**အချို့လူကြီးများမှာ ပိုးမွေးသလိုစောင့်ရှောက်ပြီး အနေအထိုင် အစားအသောက်များ ဆင်ခြင်နေရင်းမှပင် ရောဂါများမှာ တိုးသည်ထက် တိုးလာသည်ကို တွေ့ရသည်။ သောက်ရသောဆေးလည်း များသည်ထက်များလာပြီး ဆေးဒဏ်ကြောင့် အစားအသောက်ပျက်၊ ခံတွင်းပျက်၊ နာလန်မထူဖြစ်ကာ အိပ်ရာထဲလဲရသည့် အဖြစ်ဆိုးများရှိသည်။ အချို့လူများမှာ ရောဂါရှိသော်လည်း ရောဂါသည်နှင့်မတူ၊ ပျော်ပျော်နေသည်။ ပေပေတေတေနေသည်ဟု ဆိုချင်ဆို၊ စိတ်မထင်လျှင် စားသည်၊ သွားသည်၊ ကြိုက်ရာလုပ်သည်။ တစ်ခါတစ်ရံ ဒဏ်ခံလိုက်ရသည်။ ပြန်ကောင်းလာသည်နှင့် အစားအသောက်ကို ထင်ရာစားပြန်သည်။ ထိုကဲ့သို့သောသူများကိုကြည့်လျှင် ကိုယ်ခံအားကောင်းနေပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိနေသည်ကို တွေ့ရသည်**

အဆိုးထဲမှအကောင်းဟု ရှေးလူကြီးများပြောသော စကားကို ပြန်လည်သတိရမိသည်။ တစ်ခါတစ်ရံ အကောင်းထဲမှာလည်း အဆိုးကို တွေ့ရနိုင်သည်ဟု ဆင်ခြင်မိသည်။ ကြောက်ရွံ့စိတ်ဖြင့် အရာရာကိုစိုးရိမ်ပြီး နေရမည့်အစား သတိနှင့်သတ္တိကို ပါးနပ်စွာအသုံးချပြီး မိမိကိုယ်မိမိ စိတ်ပျော်အောင်နေထိုင်ပါ။ ခံနိုင်ရည်ဟူသည် မွေးယူမှသာ ဖြစ်လာနိုင်မည်ဖြစ်သည်ဟု စာရေးသူ၏ ထင်မြင်ချက်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

## အေးရွာကမ်းပါးပြိုမှု အခြေအနေနှင့် နေရာချထားရေးကိစ္စများကို ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အေးရွာ၌ ကမ်းပါးပြိုကျမှု အခြေအနေများနှင့် ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းရမည့် ပြည်သူများအား နေရာချထားပေးမည့် သဲဖြူအုပ်စုရှိ ကျွဲ၊ နွားစားကျက်မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က ကမ်းပါးပြိုသော နေရာများနှင့် ပြည်သူများအား ပြောင်းရွှေ့ပေးရန် ရည်မှန်းထားသည့်နေရာများကို ဝန်ကြီးအား တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ ပြောင်းရွှေ့ရမည့် အိမ်ထောင်ဦးစီးများနှင့်လည်း တွေ့ဆုံဆွေးနွေးပြီး ကျေးရွာနေပြည်သူများကလည်း လိုအပ်ချက်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့သည်။

အဖျောက်မြို့အုန်းပင်ကွင်းကျေးရွာအုပ်စုအတွင်းမှ ကမ်းပါးပြိုကျသော အေးရွာတွင် အိမ်ထောင်စု ၁၉၀ ရှိရာ ကမ်းပါးပြိုသောကြောင့် အိမ်ခြေ ၁၁၈ လုံးမှာ နီးစပ်ရာနေရာများတွင် ပြောင်းရွှေ့နေကြရပြီး မြစ်ကမ်းပါးများမှာ ညစဉ်ပြိုကျလျက်ရှိခြင်း၊ မြစ်ကမ်းမြေများမှာ အက်ကြောင်းထင်၍ နိမ့်ကျနေခြင်းတို့ကြောင့် ဆက်လက်၍ ကမ်းပြိုကျမည့်အခြေအနေတွင် ရှိနေသဖြင့် ကျန်အိမ်ထောင်စုများအနေဖြင့်လည်း အမြန်ပြောင်းရွှေ့ကြရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးသောအဖွဲ့က မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## စွပ်ပွန်နူး-မုပ္ပလင်ကျေးရွာချင်းဆက်လမ်းပေါ်မှ ပေ ၆၀ တံတားကို ပြန်လည်ပြုပြင်မည်

**ကျိုက်ထို အောက်တိုဘာ ၂၉**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်အတွင်းရှိ စွပ်ပွန်နူး-မုပ္ပလင် ကျေးရွာချင်းဆက်လမ်းပေါ်မှ အရှည် ပေ ၆၀ ရှိ တံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ပြုပြင်မှုများ ဆောင်ရွက်ရန်အတွက် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ အောက်တိုဘာ တတိယပတ်အတွင်းက ကွင်းဆင်းစစ်ဆေးထားပြီးဖြစ်ကာ တံတားပြုပြင်မှုများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဗထူး**


5 to 50% off
Grand Opening
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်(သပြေကုန်းဈေးအနီး)
၂-၁၁-၂၀၁၇- ၃၀-၁၂-၂၀၁၇ နေ့ထိ
သိန်းပေါင်း (1700)ကျော် ချီးမြှင့်ပေးမည့်
နိုဝင်ဘာလ(၂)ရက်မှ(၁၃)ရက်နေ့အထိ ဝယ်ယူသူတိုင်းကို
ရွှေဆွဲပြားများလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)
2-11-2017
(ကြာသပတေးနေ့)
ကော်ဇောနီခင်း၍
ကြီးကျယ်ခမ်းနားစွာဖွင့်လှစ်မည်
Grand Lucky Draw Program
Toyato Brand New ကား (၁)စီး
Brand New Honda ဆိုင်ကယ် (၅)စီး
Brand New ဆိုင်ကယ် (၂၀)စီး
(၈)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၄)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၅)TV (၁၀)လုံး
(၆)EVD Player (၁၀)စုံ
ချက်ခြင်းပေါက်ချက်ခြင်းယူဗလာမပါကံစမ်းမဲ
Brand New ဆိုင်ကယ် (၁၅) စီး
(၈)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၄)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၂)ပဲသား ရွှေလက်စွပ် (၂၀) ကုံး
နှင့် အခြားအဖိုးတန်ပစ္စည်းများ
အများဆုံးဝယ်ယူသူ(၁၀)ဦး
Brand New Honda ဆိုင်ကယ်- (၁)စီး
Brand New ဆိုင်ကယ် - (၂)စီး
(၈) ပဲသားရွှေဆွဲကြိုး - (၃)ကုံး
TV နှင့် EVD Player - (၄)စုံ
ကံစမ်းရန်မလို
နေတိုး၊ ပြေတီဦး၊ မြင့်မြတ်၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ နိုင်သင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ အေးမြတ်သူ၊
ယွန်းယွန်း၊ ရွှေထူး၊ အောင်ထက်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊
Dancer - Project K အဖွဲ့များဖြင့်
၂-၁၁-၂၀၁၇ မှစ၍ (၄)ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်မည်။
နေပြည်တော်နှင့်အနီးတဝိုက်မြို့များဖြစ်သည့် ပျဉ်းမနား၊
လယ်ဝေး၊ တပ်ကုန်း ကျေးရွာများအတွက်
အသွားအပြန် အခမဲ့ဘတ်စ်ကားကြီးများစီစဉ်ပေးမည်။
New Arrival
3D CAD/CAM
စိန်နှင့်ကျောက်မျက် လက်ဝတ်ရတနာ ဒီဇိုင်းဆန်းများ

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

